# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၈)ရက် ၊ အင်္ဂါနေ့ ၊ (28-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၈၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၇**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကော်မရှင် ဒုတိယဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများနှင့် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၈ ရက်

**အယ်ဒီတာ့အာဘော်**

# စစ်မှုထမ်းတာဝန်ကိုထမ်းဆောင်ခြင်းဖြင့် ရရှိလာမည့်အခွင့်အလမ်းကောင်းများ

စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်သူများဆိုသည်မှာ တပ်မတော်တွင် အမြဲတမ်းစစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး တရားဝင်နုတ်ထွက်ခွင့်ရရှိခဲ့ကြသည့် ကြည်း၊ ရေ၊ လေ တပ်မတော်သားများနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ တပ်မတော်တွင် သတ်မှတ်ချက်နှင့်အညီ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများဖြစ်သည်။ အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်၏ ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကိုထမ်းဆောင်ရန် တပ်မတော်တွင် အမြဲတမ်းစစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော တပ်မတော်သားများနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ တပ်မတော်တွင် သတ်မှတ်ချက်နှင့်အညီ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများသည် အသက်ကိုပဓာနမထားဘဲ နေ့မနားညမနား ကျေပွန်စွာတာဝန်ထမ်းဆောင်ခဲ့ပြီးနောက် တရားဝင်နုတ်ထွက်ခွင့်ရရှိခဲ့ကြသည်။ ထိုသို့စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ၏ ဘဝအာမခံချက်ရရှိရေးအတွက် စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းတာဝန်များကို လက်ရှိတွင် တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက ကျရာအခန်းကဏ္ဍမှ မိမိထမ်းဆောင်သောတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရမည်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ပြီးပါက တပ်မတော်တွင် အမြဲတမ်းစစ်မှုထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်လိုပါကလည်း ဆက်လက်ထမ်းဆောင်နိုင်မည်ဖြစ်သည်။

တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများကို အမြဲတမ်းစစ်မှုထမ်းများနည်းတူ စစ်ရေးချုပ်ရုံးကွပ်ကဲမှုအောက် ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံးအစီအစဉ်ဖြင့် ပြန်လည်နေရာချထားနိုင်ရေး ဆောင်ရွက်ပေးရန်စီစဉ်လျက်ရှိသည်။ အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများနုတ်ထွက်ခွင့်ပြုချိန်တွင် ပြန်လည်နေရာချထားမှုခံယူလို၊ မလို ဆန္ဒတင်ပြပြီး ပြန်လည်နေရာချထားမှုခံယူလိုသူများအနေဖြင့် မိမိဆန္ဒပြုသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအလိုက် နိုင်ငံတော်နှင့်တပ်မတော်မှ အသက်မွေးသင်တန်းများပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အမြဲတမ်းစစ်မှုထမ်းများအတွက် တာဝန်မှအနားယူသည့်အခါ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကွပ်ကဲမှုအောက် ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံးက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ အမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများကို ပြန်လည်နေရာချထားပေးနိုင်ရန်အတွက် စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှု ကော်မတီကိုဖွဲ့စည်းပြီး ကော်မတီ၏လုပ်ငန်းတာဝန်ပါအချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏ ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် တပ်မတော်တွင် အမြဲတမ်းစစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသော တပ်မတော်သားများနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ တပ်မတော်တွင် သတ်မှတ်ချက်နှင့်အညီ တာဝန်ထမ်းဆောင်နေကြသည့် ပြည်သူ့စစ်မှုထမ်းများသည် နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်စွာတာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည်။ တရားဝင်နုတ်ထွက်ခွင့်ရရှိခဲ့ကြပြီးနောက် နိုင်ငံတော်နှင့် တပ်မတော်တွင် ပြန်လည်နေရာချထားမှုခံယူလိုပါက လိုအပ်သည့် အသက်မွေးသင်တန်းများ သင်ကြားပေးမည့်အပြင် အသိအမှတ်ပြုလက်မှတ်ပေးခြင်း၊ သက်ဆိုင်ရာဌာနအလိုက် အလုပ်နေရာခန့်ထားပေးရေးများ အလေးထားဆောင်ရွက်သွားမည်ဖြစ်သည်။ သို့ဖြစ်ရာ တပ်မတော်တွင် ကျရာတာဝန်များကျေပွန်စွာထမ်းဆောင်ကြခြင်းသည် ဝေလည်းမွေးကြွေလည်းမွေး စကားအတိုင်း ဂုဏ်သိက္ခာနှင့်လျော်ညီသောအလုပ်အကိုင်များစွာ ယခုရောနောင်ပါရရှိစေပြီး လူနေမှုဘဝများ အဆင်ပြေချောမွေ့ကောင်းမွန်မည်မှာ မလွဲဧကန်ပင်ဖြစ်ပါကြောင်း ဖော်ညွှန်းရေးသားအပ်ပါသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန်**
**၆၁**
**ရက်**
**သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

- အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၀၃ ဧက ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျောက်မြောင်း အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၀၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၀၂ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၀၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ မြေပဲ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။ ဆီထွက်သီးနှံမြေပဲစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ကုန်ကျစရိတ် နှစ်သိန်းကျော်ရှိပြီး တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ မြေပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ညောင်တုန်းမြို့နယ်တွင် မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

**ညောင်တုန်း အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှဒေသထွက် မုန်လာဥဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်တွင် ယခုကာလ၌ ဒေသထွက်မုန်လာဥဖြူများ လှိုင်လှိုင်ထွက်ရှိနေပြီး အောက်တိုဘာလ ပထမပတ်မှ ယနေ့တိုင် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါမုန်လာဥဖြူများ လက်ရှိ တစ်ရက်လျှင် ပိဿာချိန် ၃၅၀၀ မှ ၄၀၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ညောင်တုန်းမြို့နယ်ကနေ မုန်လာဥဖြူတွေထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့မုန်လာဥဖြူတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်တာကြောင့် ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ လက်ရှိ အောက်တိုဘာလ ပထမပတ်လောက် ကတည်းက စတင်ပြီး အရောင်းအဝယ်တွေကောင်းနေတာဖြစ်ပါတယ်။ အခု မုန်လာဥဖြူဈေးကလဲ ရောင်းဝယ်လို့ အဆင်ပြေနေပါတယ်။ လက်ရှိမှာ ဒေသထွက်မုန်လာဥဖြူတွေအပါအဝင် ကုန်စိမ်းမျိုးစုံကို အခြားဒေသတွေက ဝယ်ယူအားကောင်းနေပါတယ်။ ဒေသထွက်ကုန်တွေပဲ အရောင်းအဝယ်လုပ်ရတော့ သယ်ယူရတဲ့ကိစ္စတွေအပါအဝင် အစစအရာရာ အဆင်ပြေပါတယ်"ဟု ညောင်တုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ဒေသထွက်မုန်လာဥဖြူများ ၁၀ ပိဿာလျှင် ငွေကျပ် ၂၈၅၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါမုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်သောကြောင့် ကုန်စိမ်းရောင်းချသူများ၊ စိုက်ပျိုးသူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်ကောင်းမွန်လျက် ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပျော်ဘွယ်မြို့နယ် ဥမှင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် အောက်တိုဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥမှင်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၁၁၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဥမှင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၁၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ကိုချမ်းမြေ့ကိုကို-မချိုကလျာဝင်း သား မောင်ထူးထက်ရှင်း၊ သမီး ဝသုန်မြင့်မိုရ်ထွန်း မိသားစုက တစ်နေ့တာဆွမ်းအတွက် ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၀၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၃၀၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၀၂ ကေစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၃၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ မြေပဲဧက ၅၉၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၃၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါဝင် ကုန်ကျစရိတ် နှစ်သိန်းကျော်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# စဉ့်ကိုင်မြို့နယ် မုန့်ပေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် အောက်တိုဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ မုန့်ပေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၈၅ သန်းဖြင့် ဆောင်ရွက်ထားရှိသောစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့်လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မုန့်ပေါင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၈၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၈၅ သန်း ထုတ်ချေးပေးထားကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# ပန်းတနော်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ပန်းတနော် အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်လာကြောင်း ပန်းတနော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စိုးစိုးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ ကုန်စိမ်းဈေးကွက်တွင် ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှ ယနေ့ထိ အရောင်းအဝယ်ကောင်းလာပြီး လက်ရှိတစ်ရက်လျှင် တိုင်ထောင်ပဲသီး ပိဿာချိန် ၃၅၀၀ မှ ပိဿာ ချိန် ၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါတိုင်ထောင်ပဲသီး တစ်ပိဿာလျှင် ငွေကျပ် ၉၃၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"တိုင်ထောင်ပဲသီးတွေက ဝယ်ယူအားများနေပြီး အရောင်းအဝယ်ကောင်းနေတယ်။ တစ်ရက်ကို တိုင်ထောင်ပဲသီး ပိဿာချိန် ၅၀၀၀ ကျော်ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အရောင်းအဝယ်ဖြစ်နေတဲ့ တိုင်ထောင်ပဲသီးတွေက အရည်အသွေးကောင်းပါတယ်။ ပိုးမွှားအန္တရာယ်လဲ ကင်းရှင်းတာတွေ့ရပါတယ်။ ဒါကြောင့်လဲ အဝယ်များနေတာဖြစ်ပါတယ်။ အရည်အသွေးကောင်းတဲ့ အသီးအနှံတွေ ရောင်းချရတော့ အရောင်းအဝယ် ပြုလုပ်တဲ့သူတွေလဲ ရောင်းပန်းလှသလို စားသုံးသူတွေအတွက်လဲ အန္တရာယ်ကင်းပါတယ်။ ဒါ့ပြင် ဒေသထွက်ကုန်စည်ပဲရောင်းရတော့ သယ်ယူစရိတ်တွေလဲ သက်သာပြီး ပိုမိုအဆင်ပြေပါတယ်"ဟု ပန်းတနော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စိုးစိုးက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် လက်ရှိ တိုင်ထောင်ပဲသီးများအပါအဝင် ဒေသထွက်ရာသီကုန်ဟင်းသီးဟင်းရွက်များပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါတိုင်ထောင်ပဲသီးများ ဝယ်ယူအားကောင်း အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



ပြေအေးသက်

# ပျို့ကဗျာလင်္ကာထဲက အလင်္ကာ

ပျို့ကဗျာလင်္ကာတို့တွင် ဂုဏ်၊ အလင်္ကာနှင့် ရသတို့ဖြင့်တိုင်းတာလေ့ရှိရာ ထိုသို့တိုင်းတာသည့် အလင်္ကာအကြောင်းကိုပြောရမည်ဆိုလျှင် အလင်္ကာသည် အလင်္ကာရဟူသည့် ပါဠိစကား၊ အလံကာရဟူသည့် သက္ကတစကားတို့မှလာပြီး အဆင်တန်ဆာဟု အဓိပ္ပာယ်ရသည်။ အဆင်တန်ဆာဟုဆိုရာတွင် သဒ္ဒါလင်္ကာရ(စကားအဆင်တန်ဆာ)နှင့် အတ္ထာလင်္ကာရ(အနက်အဆင်တန်ဆာ)တို့ရှိသည်။ ဆရာဇော်ဂျီကမူ အနက်ကို ပြေပြစ်အောင်ဖွဲ့သောနည်းနှင့် အနက်ကို ဆန်းကြယ်အောင်ဖွဲ့သောနည်းဟုအဓိပ္ပာယ်ဖွင့်ဆိုသည်။ ဦးဟုတ်စိန်၏ ပါဠိမြန်မာအဘိဓာန်တွင် အလင်္ကာကို တန်ဆာ၊ ဝတ်စားတန်ဆာ၊ ဆင်ယင်အပ်သောတန်ဆာဟုဆိုသည်။ မြန်မာအဘိဓာန်တွင် အလင်္ကာကို စာအဖွဲ့အနွဲ့အဆင်တန်ဆာဟုဆိုသည်။ အရှင်ကုမာရ၏ အလင်္ကာပန်းကုံးတွင် ကိုယ်ခန္ဓာကို တန်ဆာဆင်ကြောင်းဖြစ်သော ပုတီး၊ နားတောင်း၊ လက်ကောက် စသောအဆင်တန်ဆာတို့သည် အလင်္ကာမည်၏ဟူ၍လည်းကောင်း၊ အလင်္ကာဟူသည် သဒ္ဒါ၊ အနက်တို့၌သာဖြစ်၏ဟူ၍လည်းကောင်းဖွဲ့ဆိုထားရာ သဒ္ဒါလင်္ကာရ၊ အတ္ထလင်္ကာရတို့ကို မုချအားဖြင့် အလင်္ကာရဟုဆိုနိုင်သည်။

**အတ္ထလင်္ကာရ**

ဂုဏ်ကို သဒ္ဒါအလင်္ကာရဟုလည်း ခေါ်ဆိုကြပြီး ထိုအကြောင်းကို အတော်အသင့်ရှင်းလင်းပြီးဖြစ်ရာ ယခုတစ်ဖန် အတ္ထလင်္ကာရအကြောင်း ဆိုရပေဦးမည်။ အတ္ထာလင်္ကာရထဲတွင် ဥပမာ၊ ရူပက၊ အတိသယဝုတ္တိ၊ ဝက်ဝုတ္တိနှင့် မြည်သံစွဲလင်္ကာတို့ ပါဝင်ကြပေသည်။ အဆိုပါ အလင်္ကာငါးမျိုးတွင် ဝက်ဝုတ္တိအလင်္ကာ ၃၅ မျိုးထဲ၌ ဥပမာ၊ ရူပက၊ အတိသယဝုတ္တိတို့ပါဝင်ကြသည်။ တစ်နည်းဆိုသော် ဝက်ဝုတ္တိ၏မျိုးခွဲများတွင် ဥပမာ၊ ရူပက၊ အတိသယဝုတ္တိတို့ ပါဝင်သည့်အတွက် သွယ်ဝိုက်ဖွဲ့ဆိုသည့်သဘောများ ပါဝင်နေပေသည်။ သို့ဖြစ်၍ ဝက်ဝုတ္တိ ၃၅ မျိုးတွင် သုံးမျိုးကိုဖယ်ထားပါက ၃၂ မျိုးကျန်ရှိနေပေရာ ထို ၃၂ မျိုးကိုခြုံ၍ ဝက်ဝုတ္တိအလင်္ကာဟူ၍ ခေါ်ဆိုသတ်မှတ်ထားကြသည်။ မြည်သံစွဲလင်္ကာသည် ဝက်ဝုတ္တိ ၃၅ မျိုးတွင်မပါရှိဘဲ အနုကရဏသဒ္ဒါမှလာခြင်းဖြစ်ပြီး မြည်သံများကို ထည့်သွင်းဖွဲ့ဆိုထားခြင်းဖြစ်သည်။ ပုံစံအားဖြင့် ဦးကြင်ဥ၏ ဥာနေပြည်ကြီးက ဝေးသနှင့်ဆိုသည့် ညည်းချင်းကဗျာ၌ သဖြန်အပိုဒ်တွင် "တောမျောက်က ကြိုးခွေ၊ စိမ့်ကြီးမြိုင်ချောင်က၊ ရွှေဖိုးခေါင် သံချိုညောင်း၊ ဒေါင်းကအိုးဝေ" ဟူ၍ ရေးဖွဲ့ခဲ့လေရာ မျောက်နှင့် ဒေါင်းတို့၏အသံတို့သည် မြည်သံစွဲလင်္ကာများဖြစ်ကြသည်။

**အလင်္ကာနှစ်ပါး**

တစ်ဖန် အလင်္ကာနှစ်ပါးတွင် သဘာဝဝုတ္တိလင်္ကာနှင့် ဝက်ဝုတ္တိလင်္ကာတွင် နှစ်ပါးရှိပြန်ရာ ထိုနှစ်ပါးတွင်သဘာဝဝုတ္တိလင်္ကာသည် သဘောအခိုက်အတန့်ကိုမသွယ်ဝိုက်ဘဲ တိုက်ရိုက်သာယာနာပျော်ဖွယ်ရှိအောင် ပြောဆိုခြင်းဖြစ်ပြီး ဒဗ္ဗ၊ ဇာတိ၊ ဂုဏ၊ ကြိယာနှင့်နာမဆိုပြီး သဘာဝဝုတ္တိငါးမျိုးရှိလေသည်။ ဝက်ဝုတ္တိလင်္ကာတွင်မူ အထက်အပိုဒ်တွင်ဖော်ပြထားသည့်အတိုင်း ၃၅ မျိုးရှိနေပေသည်။ သဘာဝဝုတ္တိလင်္ကာများကိုဆက်၍ဖော်ပြရလျှင် ဒဗ္ဗသဘာဝဝုတ္တိလင်္ကာမှာမသွယ်ဝိုက်ဘဲ တိုက်ရိုက်တန်ဆာဆင်ထားခြင်းဖြစ်သည်။ ရှင်ဇြိမ်းမယ်၏ မှာပဲ့မယ်မောင် အိုင်ချင်းကဗျာတွင် "နှမလေး မယ်တို့အိမ်ကို၊ သိလိုတမူ၊ မှာပဲ့မယ်မောင်၊ အုန်းပင်တန်းနှင့်၊ နန်းတော်တောင်မှာ၊ လမ်းမြောင်ကွေ့တွင်၊ အုတ်ပွလင်နှင့်၊ ညောင်ပင်နှင့်ရှင့်"ဟူသောအဖွဲ့၌ နေရာ၏ သဘာဝအခြေအနေကို တိုက်ရိုက်ရေးဖွဲ့ တန်ဆာဆင်ထားသဖြင့် ဒဗ္ဗသဘာဝဝုတ္တိလင်္ကာမြောက်ပေသည်။ ဇာတိ သဘာဝဝုတ္တိလင်္ကာသည် အမျိုးဇာတ်၏သဘောကို ဖွဲ့ဆိုထားရာ နဝဒေးကြီး၏သာလိကာစေရတုတွင် "နတ်ကနှင်းလှာ၊ ခြေသန္တာနှင့်၊ နီလာမြီးတောင်၊ အာပေါင်ဇောတ၊ နားလှရွှေတိ၊ မျက်စိစိန်ပန်း၊ ကြည့်တိုင်းရွှန်းသည်၊ နှုတ်ခွန်းလျှံဝါ၊ သာလိကာ"ဟု ဖွဲ့ဆိုထားသဖြင့် ဇာတိသဘာဝဝုတ္တိလင်္ကာမြောက်ပေသည်။

ဂုဏသဘာဝဝုတ္တိလင်္ကာသည် ပင်ကိုဂုဏ်ကို ဖွဲ့ဆိုထားရာ နဝဒေးကြီး၏ မယ်ဘွဲ့ရတုတွင် "ပထွက်ဝင်း၍၊ အဆင်းကိုယ်ရောင်၊ တပြောင်ပြောင်တည့်၊ မျက်တောင်ကော့သေး၊ စုတ်ဖြင့်ရေးသို့၊ ငယ်သွေးပျိုမြစ်"ဟု မယ်၏ပင်ကိုအလှဂုဏ်ကို ရေးဖွဲ့ထားသဖြင့် ဂုဏသဘာဝဝုတ္တိလင်္ကာမြောက်ပေသည်။ ကြိယာသဘာဝဝုတ္တိလင်္ကာသည် ကြိယာ၏သဘောကိုဖွဲ့ဆိုထားရာ ဆရာဇော်ဂျီ၏ ကမ္ဘောဇသို့အချိုးတွဲကဗျာတွင် "တက်ခဲ့ပေ့ါနော်၊ စွယ်တော်နှင့်တောင်တန်း၊ တက်တိုင်းရွှင်ပျော်ပျော်နဲ့၊ သက်တိုင်းရွှင်ပျော်ပျော်နဲ့၊ တတောင်ကျော် တတောင်ကူး၊ ဦးညွှတ်လို့လှမ်း"ဟု တောင်တက်တောင်ဆင်းကြိယာသဘောကို ဖွဲ့ဆိုထားသဖြင့် ကြိယာသဘာဝဝုတ္တိလင်္ကာမြောက်ပေသည်။ နာမသဘာဝဝုတ္တိလင်္ကာသည် အမည်၏သဘောကို တိုက်ရိုက်ဖွဲ့ဆိုခြင်းဖြစ်ရာ ဝေဿန္တရာဇာတ်တော်၌ "မိခင်ရဲ့မည်စဉ်၊ ဖခင်ရဲ့မည်မ၊ အစအဆုံးရယ်နှင့်၊ အလယ်မှ ယူမသုံးပါဘု၊ တူပြုံးရွှင်ကြည်ဝေလို့၊ ကုန်သည်တွေလှမ်းကာသွားတဲ့၊ စခန်းအလယ် လမ်းလယ်ကြားမှာ၊ ထူးခြားစွာ ငိုကိုဖွားတယ်၊ မွေ့က်ကြားကာ အမည်သစ်၊ ဝေဿန္တရ"ဟုဆိုသည့်အဖွဲ့မှာ နာမသဘာဝဝုတ္တိလင်္ကာမြောက်ပေသည်။

**ဝက်ဝုတ္တိလင်္ကာ**

ဝက်ဝုတ္တိလင်္ကာသည် လင်္ကာပေါင်း ၃၅ မျိုးရှိပေရာ အတိုကောက်အနေဖြင့် "ကဲ နှိုင်းတူထင်၊ ထပ်ထွန်းယှဉ်တား၊ စဉ်သီးကြောင်းရ၊ ချုံးသွယ်ထူးခံ၊ ကြုံးကဲ့ပြန်ကျိုး၊ ကြံကြီးတောင့်ကွ၊ ဆန့်လဲယောင်သက်၊ ဘောရောနက်ချီး၊ ဝှက်ဆင်ရသ၊ အလင်္ကာပြား၊ သုံးဆယ့်ငါး၊ ထူးခြားသရုပ်ပြ" ဆို၍ ဖြစ်ပေသည်။ ထိုအထဲမှ "ကဲ"မှာ ထူးကဲလွန်ပြ၊ ပြဆိုက၊ မှတ်ပဲ့တိသယာဆိုသည့်အတိုင်း အတိသယဝုတ္တိလင်္ကာဖြစ်ပေသည်။ ပိုမောက်ကဲလွန်နှိုင်းခိုင်းပြတန်ဆာဟုလည်းခေါ်ဆိုကြပြီး မိမိ၏ဆိုလိုချက် အနက်အဓိပ္ပာယ်ကို အထူးပေါ်လွင်ထင်ရှားစေရန်အတွက် သက်ဆိုင်ရာတစ်ခုခုနှင့် ခိုင်းနှိုင်းရာ၌ဖြစ်စေ၊ မခိုင်းနှိုင်းဘဲဖြစ်စေ ပြဆိုစီကုံးရာ၌ ပိုလွန်သင့်သည်ထက် အထူးကိုမောက်ကဲလွန်၍ စီကုံးထားသောစာကိုဆိုသည်ဟု ရှင်းပြထားပေသည်။ အတိသယဝုတ္တိလင်္ကာမှာနှစ်မျိုးရှိရာ တစ်မျိုးမှာ လောကဖြစ်ရိုးဖြစ်စဉ်ထက်လွန်၍ဖွဲ့ဆိုမှု "လောကာတိက္ကန္တဝိသယ"ဖြစ်ပြီး ကျန်တစ်မျိုးမှာ လောကဖြစ်ရိုးဖြစ်စဉ်အတိုင်းဖွဲ့ဆိုမှု "လောကိယ"တို့ဖြစ်ကြသည်။ သဘာဝဝုတ္တိလင်္ကာတွင် ပါဝင်သော ဒဗ္ဗ၊ ဇာတိ၊ ဂုဏ၊ ကြိယာနှင့် နာမသဘာဝဝုတ္တိတို့သည် လောကိယအတိသယဝုတ္တိအမျိုးအစားဝင်များပင်ဖြစ်ကြသည်။

ဦးပုည၏ သူပြောင်ယင် ခေါင်ကွန့် အမည်ရှိ တေးထပ်ကဗျာတွင် "သူပြောင်ယင် ခေါင်ကွန့်လို့၊ ကြောင်ဝံ့တဲ့ လူပါ၊ ရှောင်မတွန့် ကျောက်တော်မာယင်၊ နောက်တော်ပါသံချောင်း။ ပျော့ကြစို့ ညီလွယ်ယင်၊ ရွှေဆီဝယ် ချက်တဲ့ဖယောင်း။ အိုးတော်က မဲ့ပိန်ယင်၊ ရွှံ့လိမ်လိမ် စလောင်း။ သူချိုယင် ကြံချောင်းပဲ့၊ ဉာဏ်စောင်း၍ ခါးမူ။ တမာပင်ထိပ်ဖျားက၊ ကြက်ဟင်းခါးသီးနိုင်တဲ့လူ။ သူမည်းက မှောင်ကူမယ်၊ သူဖြူယင် ဖြူချင်းပဲ့။ ကြင်ချင်းကြင်မယ်ဆို၊ ကိုးဆလောက်ပို။ ဆိုးကြစို့ တကယ်ဆိုရင်၊ ဒမြဗိုလ်လုပ်နိုင်ငဲ့လေး"ဟူ၍ဖွဲ့ဆိုခဲ့ရာ သူကပြောင်ရင် ခေါင်ထိပ်တက်လို့ ကိုယ်ကကြောင်မယ်၊ သူကကျောက်ဆို ကိုယ်ကသံချောင်း၊ သူကပျော့မယ်ဆို ကိုယ်ကဖယောင်း၊ သူ့အိုးကရွှံ့ရင် ကိုယ့်စလောင်းက ရွှံ့မယ်၊ သူကချိုမယ်ဆို ကိုယ်ကကြံချောင်း၊ သူကခါးမယ်ဆို ကိုယ်က တမာပင်ထိပ်က ကြက်ဟင်းခါးသီးကိုနိုင်သူ၊ သူကမည်းရင် ကိုယ်ကအမှောင်၊ သူကဖြူရင် ကိုယ်ကဖြူ၊ သူကကြင်မယ်ဆို ကိုယ်က ကိုးဆဆယ်ဆပိုကြင်မယ်၊ သူကဆိုးရင် ကိုယ်ကဓားပြဗိုလ်ဆိုသည့် သူ့ထက်ပို၍ ထူးကဲပြဆိုဖွဲ့ခဲ့သဖြင့် အတိသယဝုတ္တိလင်္ကာမြောက်ပေသည်။

❖ **ဂုဏ်ကို သဒ္ဒါအလင်္ကာရဟုလည်း ခေါ်ဆိုကြပြီး ထိုအကြောင်းကို အတော်အသင့်ရှင်းလင်းပြီးဖြစ်ရာ ယခုတစ်ဖန် အတ္ထလင်္ကာရ အကြောင်းဆိုရပေဦးမည်။ အတ္ထလင်္ကာရထဲတွင် ဥပမာ၊ ရူပက၊ အတိသယဝုတ္တိ၊ ဝက်ဝုတ္တိနှင့် မြည်သံစွဲလင်္ကာတို့ ပါဝင်ကြပေသည်။ အဆိုပါ အလင်္ကာငါးမျိုးတွင် ဝက်ဝုတ္တိအလင်္ကာ ၃၅ မျိုး ထဲ၌ ဥပမာ၊ ရူပက၊ အတိသယဝုတ္တိတို့ပါဝင်ကြသည်။ တစ်နည်း ဆိုသော် ဝက်ဝုတ္တိ၏မျိုးခွဲများတွင် ဥပမာ၊ ရူပက၊ အတိသယ ဝုတ္တိတို့ပါဝင်သည့်အတွက် သွယ်ဝိုက်ဖွဲ့ဆိုသည့်သဘောများ ပါဝင် နေပေသည်။** ❖

**ဥပမာလင်္ကာ**

ဝက်ဝုတ္တိလင်္ကာ အတိုကောက်တွင် ဒုတိယအတိုကောက်ဖြစ်သည့် "နှိုင်း"သည် ဆင်တူခိုင်းနှိုင်းပြဆိုခြင်းဖြစ်ကာ ဥပမာလင်္ကာပင်ဖြစ်သည်။ ဥပမာလင်္ကာသည် ဥပမာပြအက္ခရာပါရှိရာ ထိုအက္ခရာလင်္ကာတွင် "တန္လျှ, သဖွယ်၊ နှိုင်း, နှုန်း ,နှယ်၊ သို့, ဆွယ်, ပမာ, လား။ ကဲ့သို့, အသွင်၊ မလွဲ, ထင်၊ ပုံ, သွင်တူ, ယိုးမှား။ လို, ရှိ, လျော်, ညီ၊ တရထည်၊ မျှ, ပြီ, တိ, မခြား။ မယွင်း, သဏ္ဍာန်၊ တပဲ, ဟန်၊ တူ, စံ, ယောင်, မပြား။ ဥပမာ ထွန်းပြ၊ ပုဒ်ပဒ၊ ရေးကြအသုံးများ။ "ဟူ၍ စာလုံးရေ ၃၄ လုံးသည် အသုံးများပေကြောင်း သိရှိထားရသည်။ ဤတွင် နှိုင်းခိုင်းသောအရာဖြစ်သည့် ဥပမာန လေးမျိုးကို သိရှိရန်လိုပေသည်။ ပုံစံအားဖြင့် "နွေဦးမေလျှင်၊ မျှော်လေယောင်မေ့၊ တေးကိုကျော့၍၊ လေးတော့်နတ်သွင်" ဆိုသည်တွင် နှိုင်းခိုင်းသောအရာ ဥပမာနမှာ "မြွား နတ်မောင်၏လေး"၊ နှိုင်းခိုင်းခံအရာ ဥပမေယျသည် "နွေဦးမေ၏တေး"၊ တူမျှခြင်းသဘောဥပမာသည် "ဖူးစာရှင်မျှော်"၊ နှိုင်းခိုင်းပြအက္ခရာခေါ် ဥပမာပြ အက္ခရာခေါ် ဥပမာဇောတကသည် "သွင်"ဖြစ်ပြီး အဆိုပါအချက် လေးချက်သည် ဥပမာန လေးမျိုးပင်ဖြစ်ကြသည်။ ဦးပုည၏ ဆဒ္ဒန်ဆင်မင်းဝတ္ထုတွင် "အသက်ပမာ၊ ချစ်ကြင်နာသည့်၊ နန်းညာပလ္လင်၊ ကမ္ဘူရှင်"ဆိုရာ၌ မင်းကြီးအသက်သည် ဥပမာန၊ စူဠသုဘဒ္ဒါသည် ဥပမေယျ၊ "ပမာ"သည် ဥပမာဇောတက၊ မင်းကြီး၏မိမိအသက်ကိုချစ်ခြင်းနှင့် မိဖုရားအပေါ်ထားသည့်ချစ်ခြင်းတို့ တူမျှသည့်သဘောသည် ဥပမာဖြစ်သည်။ ထို့ကြောင့် ဤအဖွဲ့သည် ဥပမာလင်္ကာမြောက်ပေသည်။

**ရူပကလင်္ကာ**

ရူပကလင်္ကာသည် အထက်ကတင်ပြခဲ့သည့် ဥပမာပြအက္ခရာများ မပါရှိဘဲ ထပ်တူခိုင်းနှိုင်းပြဆိုခြင်းဖြစ်ပါက ရူပကလင်္ကာမြောက်ပေသည်။ အတိုကောက်လင်္ကာတွင် "တူ"ဟူသည့် ထပ်တူပြခြင်းကို ပြဆိုသည်။ ပုံစံအားဖြင့် ဦးပုည၏ ကာကဝလိယဝတ္ထုတွင် "ဝမ်းသမုဒ္ဒရာ၊ အူဂင်္ဂါက၊ ကြာလှသည်ဟု၊ မျှော်လှသည်"ဟူသည့်အဖွဲ့၌ ဝမ်းသမုဒ္ဒရာသည် ဥပမာန (နှိုင်းခိုင်းကြောင်း)ဖြစ်ပြီး အူဂင်္ဂါသည် ဥပမေယျ ( နှိုင်းခိုင်းခံ)ဖြစ်ကာ ဥပမာပြအက္ခရာမပါရှိဘဲ ဝမ်းသမုဒ္ဒရာနှင့် အူဂင်္ဂါကို တူမျှသည့်သဘောသည် ဥပမာဖြစ်သည်။ ဤသို့ ဥပမာပြအက္ခရာမပါရှိဘဲ ထပ်တူခိုင်းနှိုင်းပြဆိုခြင်းဖြစ်ပါက ရူပကလင်္ကာမြောက်ပေသည်။ ပြောရမည်ဆိုလျှင် ဥပမာနနှင့် ဥပမေယျတို့ပါရှိကာ မကွဲမပြား တစ်သားတည်းဖြစ်နေသကဲ့သို့ တင်စားပြောဆိုနေသော ဥပမာသည် ရူပကမည်ပေသည်။ ရူပကသည် ဝတ္ထုအားလုံးထပ်တူပြုခြင်းနှင့် တစ်စိတ်သာထပ်တူပြုခြင်းဟူ၍ နှစ်မျိုးကွဲပြီး တစ်မျိုးစီတွင် ပုဒ်ချင်းထပ်တူပြုခြင်း၊ ပုဒ်ချဲ့ထပ်တူပြုခြင်းနှင့် ပုဒ်ရောထပ်တူပြုခြင်းတို့ရှိကြရာ စုစုပေါင်း ခြောက်မျိုးဖြစ်သွားပေသည်။

**အလုံးစုံနှင့် တစ်စိတ်ပုဒ်ချဉ်း၊ ပုဒ်ချဲ့၊ ပုဒ်ရော**

အလုံးစုံပုဒ်ချဉ်းရူပကတွင် အလုံးစုံပုဒ်ကိုချဉ်း၍၊ ကျဉ်း၍ အကုန်အစင်ထပ်တူပြုထားပေသည်။ ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့၌ "ငါတို့အားလည်း၊ စီးပွားစဉ်ဆက်၊ ခက်လက်မျိုးအင်၊ ညွန့်မရှင်သော်၊ လူတွင်လူယုတ်၊ သစ်ငုတ်လည်းကောင်း၊ ဆိုအပ်ရှောင်းသာ" ဟူ၍ လူနှင့် သစ်ငုတ်ကို ရူပကပြုထားပေသည်။ ဦးပုည၏ဆဒ္ဒန်ဆင်မင်းဝတ္ထုတွင် "မျက်နှာငွေလ၊ ရွှင်ပပနှင့်၊ ခင်မဝမ်းမြောက်ပါလေတော့"အဖွဲ့၌ မျက်နှာနှင့် ငွေလကို ရူပကပြုထားပေသည်။ အလုံးစုံပုဒ်ချဲ့ရူပကတွင် ပုဒ်ကိုချဲ့၍ အလုံးစုံ အကုန်အစင် ထပ်တူပြုထားပေသည်။ မန်လည်ဆရာတော်၏ မဃဒေဝအလင်္ကာတွင် "ကြည်းကြည်းရွှင်ပျော်၊ တကြော်ကြော်ဖြင့်၊ ဟစ်အော်မြူးရယ်၊ လူသူငယ်မူ၊ လူဝယ်ခေါ်နည်း၊ အိမ့်ဆည်းလည်းတည်း"အဖွဲ့၌ ကလေးကို အိမ့်ဆည်းလည်းဟု ရူပကပြုထားသည်။ အလုံးစုံပုဒ်ရောရူပကတွင် ပုဒ်ချဉ်း၊ ပုဒ်ချဲ့နှစ်မျိုးဖြင့် အကြွင်းအကျန်မရှိအောင် ထပ်တူပြုထားပေသည်။ ဦးရွှန်း၏ ဥမ္မာဒန္တီပျို့တွင် "စောရဲဖုန်းဟော့၊ ရွှေဂူမွေ့သည့်၊ ခြသေ့ဆီပက်၊ မှန်ပါလျက်နှင့်၊ ရွှေခွက်သိဂီ၊ မယ်ဒန္တီကို၊ မသိချင်ဟန်၊ တုံ့ပြန်လိုက်သည်" ဟူသောအဖွဲ့၌ စောရဲဖုန်း၊ ရွှေဂူနှင့်ခြသေ့ဆီသည် ပုဒ်ချဉ်း၍ ရွှေခွက်၊ သိဂီ၊ မယ်ဒန္တီထိပုဒ်ချဲ့ကာ အကုန်အစင် ထပ်တူပြုထားသည်။

တစ်စိတ်ပုဒ်ချဉ်းရူပကတွင် ကိုးခန်းပျို့ကဗျာ၌ "ပညာချိုးရေ၊ သွန်းပြီးစေမှ၊ ပြေပြေပြစ်ပြစ်၊ ဆံကျစ်ဥဿျှောင်၊ လှအောင်ပတ်ထုံး၊ ပန်းကုံးသဒ္ဓါ၊ ဆင်ပြီးစွာမှ၊ ကြေညာလှိုင်ခြင်း၊ သီတင်းစန္ဒန၊ အေးမြချမ်းကြည်၊ နှင်းရည်မွှေးဖျော်၊ အပျော်လိမ်းသပ်၊ တင့်အပ်ဝတ်စား၊ တရားပုဆိုး၊ အတိုးခဲအင်၊ ငါပြုပြင်အံ့"ဟူသောအဖွဲ့မှာ ပညာကို ချိုးရေ၊ သဒ္ဓါကို ပန်းကုံး၊ သီလကို စန္ဒကူး၊ တရားကိုပုဆိုးဟု တစ်စိတ်ရူပကပြုပြီး ဆံကျစ်ဥဿျှောင်ကိုချန်ထားခဲ့ပေသည်။ **စာမျက်နှာ ၅ သို့**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၁၅၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၀၁၅၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၀၁၅၁ ဧက စိုက်ပျိုးရန် လျာထားပြီး နိုဝင်ဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ငပုတောမြို့နယ်အတွင်း နေကြာ ၁၀၁၅၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေ၊ မျိုးစေ့တွေ ကူညီပံ့ပိုးပေးပါမယ်။ စိုက်ပျိုးမဲ့နေကြာ စိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းတိုးစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ လိုအပ်တဲ့နည်းပညာပေးလုပ်ငန်းတွေကိုလဲဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ငပုတောမြို့နယ်တွင် နေကြာစိုက်ပျိုးမည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာပေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သောသွင်းအားစုများ ပံ့ပိုးပေးခြင်း၊ မြေဆီလွှာပြုပြင်မှုများ ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျအသုံးပြုမှု မှန်ကန်စေရေး နည်းပညာပေးခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

á **စာမျက်နှာ ၄ မှအဆက်**

တစ်စိတ်ပုဒ်ချဲ့ ရူပကတွင် "မုနိသင်းကျစ်၊ ဓမ္မရာဇ်၏၊ နှစ်သက်ဖွယ်ဆောင်၊ ခြေသည်းရောင်ကား၊ များမြောင်အကုု၊ ကိလေစု၏၊ အောင်မှုစိုက်ထူ၊ တံခွန်ဟူ၏၊ ဘုန်းလူများဖြင်၊ ဘုရားရှင်၏၊ သစ်လွင်ဝံ့ကြွား၊ ခြေတော်များသည်၊ သင့်အားအောင်ဆုပေးစေသော်"ဟူသည့်အဖွဲ့၌ မြတ်စွာဘုရား၏ခြေသည်းတော်ကို တံခွန်ဟုပုဒ်ချဲ့ထပ်တူပြုပြီး မြတ်စွာဘုရားနှင့်ခြေတော်ကို ထပ်တူမပြုဘဲ တစ်စိတ်ကိုသာ ထပ်တူပြုပုဒ်ချဲ့ထားပေသည်။ တစ်စိတ်ပုဒ်ရောရူပကတွင် ဝေဿန္တရာဇာတ်တော်ကြီး၌ "သင်္ဘရာကျယ်လှ၊ ပင်လယ်ဝသို့၊ ကူးရလွယ်စွာ၊ ယာဉ်သာလှေလျှင်၊ မောင်လုပ်ချင်လော့၊ ဖခင်လှေမှူး၊ နိဗ္ဗာန်ကူးအံ့" ဟူသောအဖွဲ့မှာ ပုဒ်ချဲ့အနေဖြင့် သံသရာကို ပင်လယ်၊ သားကို လှေအဖြစ်လည်းကောင်း၊ ပုဒ်ချဉ်းအနေဖြင့် ဖခင်ကို လှေမှူးအဖြစ်လည်းကောင်း ထပ်တူပြုထားပြီး နိဗ္ဗာန်ကိုမူ ချန်ထားခဲ့ပေသည်။

**ဝက်ဝုတ္တိလင်္ကာနှင့် မြည်သံစွဲလင်္ကာ**

ဝက်ဝုတ္တိလင်္ကာသည် မိမိဆိုလိုချက် အနက်အဓိပ္ပာယ်ပိုမိုထင်းရှားစေရန်အတွက် သက်ဆိုင်ရာတစ်ခုခုနှင့် နှိုင်းခိုင်းပြဆိုရာ၌ တိုက်ရိုက်နှိုင်းခိုင်းခြင်းမပြုဘဲ ကွေ့ကောက်၍ နှိုင်းခိုင်းပြသောကြောင့်ဖြစ်သည်။ "ငကျွဲနှင့် ညှော့မထ၊ မှည့်သမျှ ရွှေငွေ၊ ဟဲ့အလှမယ်မေရယ်၊ လယ်မြေနှံ့ဖြန့်ကျဲ၊ စိုက်ကြစို့ ဘယ်မဖြုံတယ်၊ ရတနာပုံဆိုက်ဖို့မလွဲ"ဆိုသည့်ကဗျာတွင် စပါးများများရ၍ ကြွယ်ဝချမ်းသာမည်ဟု တိုက်ရိုက်မပြောဘဲ ရတနာပုံဆိုက်သည်ဟု ကွေ့ကောက်ကာ သွယ်ဝိုက်၍ ခိုင်းနှိုင်းပြသောကြောင့် ဝက်ဝုတ္တိလင်္ကာမြောက်ပေသည်။ ဝက်ဝုတ္တိလင်္ကာအကြောင်းကိုလည်း ရှေ့တွင် အချို့ရှင်းလင်းဖော်ပြထားပေသည်။ မြည်သံစွဲလင်္ကာအကြောင်း ဆက်ရမည်ဆိုလျှင် မြည်သံများကို ထည့်သွင်းစပ်ဆိုထားခြင်းဖြစ်ကြောင်း ဆောင်းပါးအစတွင် ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။ မြည်သံစွဲတွင်သဘာဝအသံ သုံးမျိုးရှိပြီး လူသံ၊ ကြက်၊ ငှက် စသောတိရစ္ဆာန်အသံနှင့် လေသံမိုးသံစသော ဥတုဇအသံများဖြစ်ကြသည်။ ထိုအသံများကို တိတိကျကျ ပီပီသသရေးရန် အခက်အခဲရှိသည့်အတွက် အသံအတုနှင့် အစားထိုးအသံများဖြင့် ပြောဆို ရေးသားကြရပေသည်။

ကျောင်းတွင် သင်ကြားခဲ့ဖူးသည့် မြည်သံစွဲကဗျာတချို့ကို အမှတ်ရမိပေသည်။ "ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်၊ ပျိုတို့မောင် ယာမလုပ်တယ်၊ ဝါးခုတ်တဲ့တောင်"ဆိုသည့်ကဗျာနှင့် "ပလုပ် ဖြုန်းရယ်နဲ့၊ တောင်ကုန်းရွာ သာစခန်းဆီက၊ ဒေါ်ရွှေမေ ဦးရေချမ်းငယ်တို့၊ သာသနာဝါဝါလန်းရန်တဲ့"အစရှိသည့်ကဗျာတို့ဖြစ်ပြီး ခလောက်သံနှင့် ဖြောသံကိုပါ တစ်ပါတည်းသတိရမိနေမိသည်။ တစ်ဖန် ငါးစီးရှင်ကျော်စွာ၏ မြင်စိုင်းရွှေပြည် ကာချင်းကဗျာတွင်ပါရှိသည့် "တောင်လေရှူန်းရှူန်း၊ မိုးခတ်အုန်း"ဆိုသည့်အပိုဒ်၌ တောင်လေတိုက်ခတ်သည့် အသံ "ရှူန်းရှူန်း"နှင့် မိုးရွာသည့်အသံ "အုန်းအုန်း"ကိုပါ တစ်ဆက်တည်းကြားယောင်မိသည်။ ဝန်ကြီးပဒေသရာဇာ၏ ဝသန်ကာလချီတျာချင်းကဗျာတွင်လည်း "ချိုလည်းချိုလွန်း၊ ရည်ရွှမ်းများစွာ၊ ကြံဟင်းကြွက်နားပေါင်း၊ သောင်းပြောင်းရော၍သာ၊ အိမ်သို့ရောက်ကာ၊ လျင်စွာချက်ပြုတ်၊ ထမင်းကပူ၊ ဟင်းကပူ၊ ရှူရှူသာရှမ်းရေတ်ကယ်နှင့်လေး"ဆိုသည့်အဖွဲ့၌ "ရှူရှူ" ဟူသည့် ဟင်းရည်သောက်သံလေးကို ကြားမြင်နေမိပါတော့သည်။

**ကိုးကား**

- **မောင်ခင်မင်(ဓနုဖြူ)၏ ရေးဟန်ပညာနိဒါန်း**
- **ဇေယျ-အရှင်စန္ဒဝရ၏ အလင်္ကာစံအိမ်**
- **ဦးထွန်းရွှေ၏ ဂုဏ်ရသအလင်္ကာစိစစ် ဖြေဆိုနည်း။**

## ထူးမြတ်သော မြန်မာ

- ထူးမြတ်သည့် မြန်မာ၊
 သာသနာ ထွန်းရာအရပ်
 မြင့်မြတ်လှစွာ၊
 ဗုဒ္ဓတရား လက်ကိုင်ကာ
 မြတ်သံဃာ သီတင်းသုံး၊
 မေတ္တာတွေ ရင်မှာရှိတယ်
 ပီတိများဖုံး။

- စိတ်ဓာတ်လှ မြန်မာ၊
 ကိုယ်ချင်းစာ ပရဟိတနဲ့
 ဒါနပြုကာ၊
 ကောင်းကျိုးလှမ်း မြတ်သဒ္ဓါ
 စေတနာ ရင်မှာထား၊
 အားငယ်သူ ကူညီဖေးတယ်
 ယဉ်ကျေးမှုများ။

- ချစ်စရာ့ မြန်မာ၊
 ဘိုးဘွားဂုဏ် မညှိုးနွမ်းဖို့
 ထမ်းရွက်ဝန်တာ၊
 လက်ဆင့်ကမ်း ထိန်းရိုးရာ
 စောင့်ရှောက်ကာ မြဲမပြတ်၊
 မင်္ဂလာ ကျက်သရေတိုးလို့
 ကောင်းကျိုးတွေထပ်။

- ကြီးမြတ်သော မြန်မာ၊
 မျိုးဘာသာ နှလုံးသားက
 ရိုးသားကြင်နာ၊
 သာကီမျိုး တင့်တယ်စွာ
 ကမ္ဘာမှာ ကမ္ပည်းရေး၊
 ညီညွတ်သည် ထာဝရ
 ( တို့မြန်မာသည် . . .)
 စံပြဂုဏ်မွေး။ ။

ရွှေမြိုင်သူ(မြန်မာစာ)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ



## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဂျပန်နိုင်ငံသို့ ဆက်လက်ထွက်ခွာ

**ကွာလာလမ်ပူ အောက်တိုဘာ ၂၇**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည့် အာဆီယံ ထိပ်သီးညီလာခံနှင့် ဆက်စပ်ထိပ်သီးဆွေးနွေးပွဲများ တက်ရောက်ခဲ့ပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဂျပန်နိုင်ငံသို့ ယနေ့တွင် ဆက်လက် ထွက်ခွာသွားကြောင်း သိရသည်။

ဂျပန်ခရီးစဉ်အတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဂျပန်ဧကရာဇ်နာရုဟီတို၊ ဂျပန်ဝန်ကြီးချုပ်သစ် ဆာနာအိတာကာ အီချီတို့နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

သမ္မတ ဒေါ်နယ်ထရမ့်သည် ၂၀၁၉ ခုနှစ်တွင် ဂျပန်ဧကရာဇ်အဖြစ် နန်းတက်ခဲ့သည့် ဂျပန်ဧကရာဇ်နာရုဟီတိုနှင့် တွေ့ဆုံဆွေးနွေးမည့် ပထမဆုံးကမ္ဘာ့ခေါင်းဆောင်ဖြစ်သည်။

ဂျပန်နိုင်ငံ ခရီးစဉ်အတွင်း ဂျပန်အစိုးရနှင့် ကုန်သွယ်ရေးသဘောတူညီချက်များနှင့် ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်များ ရယူနိုင်ရန် သမ္မတ ဒေါ်နယ်ထရမ့်က မျှော်လင့်ထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဂျပန်ခရီးစဉ်ပြီးဆုံးချိန်တွင် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ (အေပက်)ထိပ်သီး ညီလာခံတက်ရောက်ရန် တောင်ကိုရီးယားနိုင်ငံသို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။

လက်ရှိ အာရှခရီးစဉ်သည် သမ္မတ ဒေါ်နယ်ထရမ့်အတွက် အမေရိကန်သမ္မတ ရာထူးကို ဒုတိယအကြိမ်ရယူခဲ့ပြီးနောက်ပိုင်း ကာလအကြာမြင့်ဆုံး ပြည်ပခရီးစဉ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## မော်စကိုမြို့၌ လမ်းပေါ်ရန်ပွဲဖြစ်ပွား လူပေါင်း ၈၀ ကျော်ကို ရဲတပ်ဖွဲ့ဖမ်းဆီးထား

**မော်စကို အောက်တိုဘာ ၂၇**

မော်စကိုမြို့ လူနေရပ်ကွက်တစ်ခု၌ လူများစွာပါဝင်သည့် လမ်းပေါ်ရန်ပွဲတစ်ပွဲ ဖြစ်ပွားခဲ့ပြီးနောက် ရုရှားရဲတပ်ဖွဲ့က လူပေါင်း ၈၀ ကျော်ကို စစ်ဆေးမေးမြန်းရန် ဖမ်းဆီး ထိန်းသိမ်းထားကြောင်း ရုရှားမီဒီယာများက အောက်တိုဘာ ၂၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အောက်တိုဘာ ၂၆ ရက်တွင် ဖြစ်ပွားခဲ့သည့် မော်စကိုလမ်းပေါ်ရန်ပွဲ၌ ပါဝင်သူအားလုံးမှာ ရွှေ့ပြောင်းဝင်ရောက်သူများ ဖြစ်ကြကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လမ်းပေါ်ရန်ပွဲ၌ ပါဝင်ခဲ့သူများသည် တစ်ဖက်နှင့် တစ်ဖက် တုတ်များ၊ ဂေါ်ပြားများဖြင့် ရိုက်နှက်ခဲ့ကြကြောင်း ရုရှားမီဒီယာများ၏အဆိုအရ သိရသည်။

အဆိုပါလမ်းပေါ်ရန်ပွဲဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းရင်းကို မော်စကိုမြို့ အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိသည်။

လမ်းပေါ်ရန်ပွဲ၌ ပါဝင်သူ ရွှေ့ပြောင်း ဝင်ရောက်သူများကို ရုရှားနိုင်ငံမှ နှင်ထုတ်မည်ဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသို့ ရောက်ရှိနေကြသည့် ရွှေ့ပြောင်းဝင်ရောက်သူအများစုမှာ ဆိုဗီယက်ပြည်ထောင်စု၌ ပါဝင်ခဲ့ဖူးသည့် ဗဟိုအာရှနိုင်ငံများနှင့်ကော့ကေးဆပ်နိုင်ငံများမှ နိုင်ငံသားများ ဖြစ်ကြကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဂါဇာကမ်းမြောင်တည်ငြိမ်ရေး နိုင်ငံတကာတပ်ဖွဲ့၌ ပါဝင်သင့်သည့်နိုင်ငံများကို အစ္စရေးနိုင်ငံကသာ ရွေးချယ်ဆုံးဖြတ်မည်

**ဂျေရုဆလင် အောက်တိုဘာ ၂၇**

ဂါဇာကမ်းမြောင်တည်ငြိမ်ရေး နိုင်ငံတကာတပ်ဖွဲ့၌ ပါဝင်သင့်သည့်နိုင်ငံများကို အစ္စရေးနိုင်ငံက ရွေးချယ်ဆုံးဖြတ်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အောက်တိုဘာ ၂၆ ရက်တွင် ပြောကြားခဲ့သည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အချက်ပေါင်း ၂၀ ချက်ပါ ဂါဇာငြိမ်းချမ်းရေး အစီအစဉ်တွင် ဂါဇာတည်ငြိမ်ရေးအတွက် အကူအညီပေးမည့် နိုင်ငံတကာတပ်ဖွဲ့ကိုဖွဲ့စည်းရန် အဆိုပြုထားသည်။

သို့ရာတွင် အစ္စရေး၏လုံခြုံရေးကို အစ္စရေးအစိုးရက ထိန်းချုပ်ထားသည်ဖြစ်ရာ ဂါဇာတည်ငြိမ်ရေး နိုင်ငံတကာတပ်ဖွဲ့၌ မည်သည့်နိုင်ငံများပါဝင်သင့်သည်ကို မိမိတို့ဆုံးဖြတ်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်က ပြောကြားထားသည်။

ဂါဇာတည်ငြိမ်ရေး နိုင်ငံတကာတပ်ဖွဲ့၌ ပါဝင်ရန် အာရပ်နိုင်ငံများနှင့် အခြားကမ္ဘာ့နိုင်ငံများအနေဖြင့် အဆင်သင့်ရှိ၊ မရှိကို သဲသဲကွဲကွဲ မသိရသေးကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဂါဇာတည်ငြိမ်ရေး နိုင်ငံတကာတပ်ဖွဲ့ဖွဲ့စည်းရေးအတွက် အမေရိကန်အစိုးရက အင်ဒိုနီးရှား၊ အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)၊ အီဂျစ်၊ ကာတာ၊ တူကီယဲ၊ အဇာဘိုင်ဂျန်တို့နှင့် ဆွေးနွေးနေကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသတည်ငြိမ်ရေးလုပ်ငန်းများ၌ တူကီယဲတပ်များပါဝင်မှုကို ဆန့်ကျင်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောကြားထားသည်။

Ref : RT

Trs : KKO

## ပြင်သစ်လုဗ်ပြတိုက် ဖောက်ထွင်းမှုကျူးလွန်သူအဖြစ်ယူဆရသူနှစ်ဦးကို ပြင်သစ်တာဝန်ရှိသူများဖမ်းဆီး




**ပဲရစ် အောက်တိုဘာ ၂၇**

ပဲရစ်မြို့ရှိ ကမ္ဘာကျော်လုဗ်ပြတိုက်ကိုဖောက်ထွင်း၍ အဖိုးတန်နန်းစဉ်ရတနာများကို ခိုးယူခဲ့သူများအဖြစ်ယူဆရသူများကို လုံခြုံရေးဝန်ထမ်းများက ဖမ်းဆီးထားကြောင်း ပြင်သစ်တာဝန်ရှိသူများက အောက်တိုဘာ ၂၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

လုဗ်ပြတိုက်ဖောက်ထွင်းမှုနှင့် ပတ်သက်၍ ဖမ်းဆီးထားသူနှစ်ဦးအနက် တစ်ဦးမှာ ပြင်သစ်နိုင်ငံမှ လေကြောင်းခရီးဖြင့် ထွက်ခွာချိန်အနီးတွင် အဖမ်းခံခဲ့ရခြင်းဖြစ်ကြောင်း ပဲရစ်မြို့ ရှေ့နေချုပ်ရုံး သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့ရာတွင် ပဲရစ်ရှေ့နေချုပ်ရုံး သတင်းထုတ်ပြန်ချက်၌ လုဗ်ပြတိုက်မှ ခိုးယူခံခဲ့ရသည့် နန်းစဉ်အဖိုးတန်ရတနာများကို ပြန်လည်ရရှိထားခြင်းရှိ၊ မရှိကို ထည့်သွင်းဖော်ပြထားခြင်း မရှိကြောင်း သိရသည်။

လုဗ်ပြတိုက် ဖောက်ထွင်းမှုဖြင့် ဖမ်းဆီးခံထားရသူ နှစ်ဦးအနက် နောက်တစ်ဦးမှာ ချားလ်ဒီဂေါလေဆိပ်မှတစ်ဆင့် လေကြောင်းခရီးစဉ်ဖြင့် အယ်လ်ဂျီးရီးယားနိုင်ငံသို့ ထွက်ခွာရန် ပြင်ဆင်နေစဉ်မှာပင် ဖမ်းဆီးခံခဲ့ရကြောင်း ပြင်သစ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကမ္ဘာကျော် လုဗ်ပြတိုက်ကို အောက်တိုဘာ ၁၉ရက်တွင် ဖောက်ထွင်း၍ နန်းစဉ်အဖိုးတန်ရတနာများ ခိုးယူခဲ့သူများမှာ လေးဦးထိရှိခဲ့သည်။

အဆိုပါလေးဦး ခိုးယူသွားသည့် နန်းစဉ်အဖိုးတန်ရတနာရှစ်မျိုး၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၂ သန်းထိရှိကြောင်း ပြင်သစ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : Xinhua

Trs : KKO

## နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှု၌ပါဝင်ရန် အမေရိကန်ရေတပ်မှ စစ်သင်္ဘောတစ်စီး ထရီနီဒက်နှင့် တိုဘာဂိုနိုင်ငံသို့ ရောက်ရှိ

**ပို့အော့ဖ်စပိန် အောက်တိုဘာ ၂၇**

ဗင်နီဇွဲလား ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်း ပြုလုပ်သည့် နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှု၌ ပါဝင်ရန် အမေရိကန်ရေတပ်မှ စစ်သင်္ဘောတစ်စီးသည်အောက်တိုဘာ ၂၆ ရက်တွင် ထရီနီဒက်နှင့်တိုဘာဂိုနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်သည်။

လက်တင်အမေရိက အခြေစိုက် မူးယစ်ဂိုဏ်းများနှင့် ဗင်နီဇွဲလား သမ္မတ နီကိုလပ်မာဒူရိုတို့အပေါ် အမေရိကန်အစိုးရက ဖိအားပေးနေချိန်တွင် ထရီနီဒက်နှင့် တိုဘာဂိုနိုင်ငံသို့ အမေရိကန်ရေတပ် သင်္ဘောတစ်စီး ရောက်ရှိလာခြင်းဖြစ်သည်။

ဗင်နီဇွဲလားကမ်းလွန်၌ ပြုလုပ်မည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများတွင် ပါဝင်မည့် အမေရိကန်ရေတပ်မှ ယူအက်စ်အက်စ် ဂရာဗယ်လီ အမည်ရှိ စစ်သင်္ဘောမှာ ပို့အော့ဖ်စပိန်မြို့ဆိပ်ကမ်း၌ ရောက်ရှိနေပြီဖြစ်ကြောင်း ထရီနီဒက်နှင့် တိုဘာဂိုအစိုးရက သတင်းထုတ်ပြန်ထားသည်။

ယူအက်စ်အက်စ်ဂရာဗယ်လီ စစ်သင်္ဘောသည် ထရီနီဒက်နှင့် တိုဘာဂိုနိုင်ငံ၌ အောက်တိုဘာ ၃၀ ရက်ထိဆက်ရှိနေမည်ဖြစ်သည်။

ထရီနီဒက်နှင့်တိုဘာဂိုနိုင်ငံ၌ ရှိနေစဉ်အတွင်း ယူအက်စ်အက်စ် ဂရာဗယ်လီ စစ်သင်္ဘောပေါ်တွင် လိုက်ပါလာသော အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များက ထရီနီဒက်နှင့် တိုဘာဂိုတပ်ဖွဲ့ဝင်များနှင့်အတူ ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။

အမေရိကန်နိုင်ငံနှင့် ထရီနီဒက်နှင့်တိုဘာဂိုတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုအစီအစဉ်ကို စစ်ရေးအရ ရန်စမှုအဖြစ် ဗင်နီဇွဲလားအစိုးရက ဝေဖန်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၈ စင်းကို စပေ့အိတ်ကုမ္ပဏီ လွှတ်တင်



**ဝါရှင်တန် အောက်တိုဘာ ၂၇**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် ယခုနှစ်၏ ၁၃၅ ကြိမ်မြောက် ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင်အဖြစ် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၈ စင်းကို အောက်တိုဘာ ၂၆ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တု ၂၈ စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ ဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် စတားလင့်ခ် ဂြိုဟ်တု ၂၈ စင်းကို သတ်မှတ် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီအတွက် ယခုနှစ်၏ ၁၃၅ ကြိမ်မြောက်မစ်ရှင်ဖြစ်ပြီး စပေ့အိတ်ကုမ္ပဏီသည် ယခုနှစ်အတွင်း Starship ဒုံးပျံ စမ်းသပ်ပစ်လွှတ်မှုများကိုလည်း ငါးကြိမ်ထိပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## 2025 SC79 ဂြိုဟ်သိမ်က နေကို ၁၂၈ ရက်သာ အချိန်ယူလှည့်ပတ်ခဲ့ရာ ဒုတိယမြန်နှုန်းအမြင့်မားဆုံး ဂြိုဟ်သိမ်အဖြစ် မှတ်တမ်းဝင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၂၇**

2025 SC79 အမည်ရှိ ဂြိုဟ်သိမ်သည် သောကြာဂြိုဟ်ပတ်လမ်းအတွင်း နေရာယူ၍ နေကို ၁၂၈ ရက်သာ အချိန်ယူလှည့်ပတ်ခဲ့ရာ ဒုတိယမြန်နှုန်းအမြင့်မားဆုံး ဂြိုဟ်သိမ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း အောက်တိုဘာ ၂၆ ရက် သတင်းများအရ သိရသည်။

2025 SC79 ဂြိုဟ်သိမ်သည် အရွယ်အစား အတော်အသင့်ကြီးမားသည့် ဂြိုဟ်သိမ်ဖြစ်ပြီး အလျားသုည ဒသမ ၄ မိုင်ထိ ရှိသည်။

2025 SC79 ဂြိုဟ်သိမ်ကို ကာနက်ဂျီသိပ္ပံအင်စတီကျူမှ သိပ္ပံပညာရှင်များက စက်တင်ဘာ ၂၇ ရက်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ မြန်နှုန်းအမြင့်ဆုံး ဂြိုဟ်သိမ်အဖြစ် မှတ်တမ်းဝင်ထားသော ဂြိုဟ်သိမ်မှာ 2021 PH27 ဂြိုဟ်သိမ်ဖြစ်ပြီး နေကို တစ်ပတ် ပတ်မိရန် ၁၁၃ ရက်သာ ကြာမြင့်ခဲ့ကြောင်း သိရသည်။

2021 PH27 ဂြိုဟ်သိမ်ကို ကာနက်ဂျီသိပ္ပံအင်စတီကျူမှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကာနက်ဂျီ သိပ္ပံအင်စတီကျူသည် အဆိုပါဂြိုဟ်သိမ်နှစ်စင်းကို ဟာဝိုင်ရီကျွန်းအခြေစိုက် ဂျီမီနီ ရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


Ref : Russia Today

Trs : KKO

## 31/ATLAS ကြယ်တံခွန်က နိုဝင်ဘာ ၆ ရက် မတိုင်မီကာလအတွင်း ယူရိုပါကလစ်ပါအာကာသယာဉ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းဖွယ်ရှိ

**ဝါရှင်တန် အောက်တိုဘာ ၂၇**

31/ATLAS ကြယ်တံခွန်သည် နိုဝင်ဘာ ၆ ရက်မတိုင်မီ ကာလအတွင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ယူရိုပါကလစ်ပါအာကာသယာဉ်ကို အနီးကပ်ဖြတ်ကျော် ပျံသန်းဖွယ်ရှိကြောင်း အောက်တိုဘာ ၂၆ ရက် သတင်းများအရ သိရသည်။



31/ATLAS ကြယ်တံခွန် သည် ယူရိုပါကလစ်ပါ အာကာသယာဉ်ကို မိုင်ငါးသန်းအကွာမှ တစ်ဆင့်ဖြတ်ကျော် ပျံသန်းနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အထက်ပါ အကွာအဝေးအရ 31/ATLAS ကြယ်တံခွန်အမြီးတန်းအတွင်းရှိ စွမ်းအင်ဆောင်အိုင်းရွန်းမှုန်များကို စူးစမ်းလေ့လာခွင့်ရရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

31/ATLAS ကြယ်တံခွန်အမြီးတန်းအတွင်းရှိ အိုင်းရွန်းမှုန်များကို စူးစမ်းလေ့လာနိုင်ခဲ့ပါက အဆိုပါ ကြယ်တံခွန်၏ ဓာတုဖွဲ့စည်းပုံကို နားလည်နိုင်မည်ဖြစ်သည်။

31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်းဝင်ရောက်လာသည့် တတိယမြောက် ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်ဖြစ်ပြီး ယူရိုပါကလစ်ပါ အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်၏ ယူရိုပါဂြိုဟ်ရံလဆီသို့ ခရီးနှင်နေသော အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## GLP-1 အုပ်စုဝင်ဆေးများက နှလုံးဖောက်နိုင်ခြေ၊ လေဖြတ်နိုင်ခြေတို့ကို လျှော့ချပေးနိုင်

**လန်ဒန် အောက်တိုဘာ ၂၇**

Wegovy နှင့် Ozempic ကဲ့သို့ GLP-1 အုပ်စုဝင် ဆေးများသည် နှလုံး ရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့ကို လျှော့ချပေးနိုင်ကြောင်း အောက်တိုဘာ ၂၆ ရက် သတင်းများအရ သိရသည်။

GLP-1 အုပ်စုဝင်ဆေးများသည် ကိုယ်အလေးချိန်လျှော့ချရေးအတွက် ရည်ရွယ်ထုတ်လုပ်ထားသော ဆေးများဖြစ်သော်လည်း အခြားကျန်းမာရေးပြဿနာများကို ကုသရာတွင် အကျိုးကျေးဇူးရှိသည်ဟု သုတေသနပညာရှင်များက မှတ်ယူထားကြောင်း သိရသည်။

ထို့ပြင် ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုအရ GLP-1 အုပ်စုဝင်ဆေးများကြောင့် လူနာများ၏ ကိုယ်အလေးချိန် မည်မျှအတိုင်းအဆထိ ကျဆင်းခဲ့သည် ဖြစ်စေ နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့ ကျဆင်းသွားတတ်သည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ GLP-1 အုပ်စုဝင် ဆေးများသည် အဝလွန်ရောဂါ လူနာများအတွက်သာမက နှလုံးသွေးကြောဆိုင်ရာ ရောဂါများဖြစ်နိုင်ခြေမြင့်မားသူ လူနာများအတွက်လည်း အကျိုးကျေးဇူးရှိကြောင်း ဗြိတိန် သုတေသနပညာရှင်များက ပြောကြားသည်။

GLP-1 အုပ်စုဝင်ဆေးများကို ကိုယ်အလေးချိန် လျှော့ချရေးဆေးများအဖြစ် အမှတ်တံဆိပ်တပ်ထားသော်လည်း အဆိုပါ ဆေးများသည် နှလုံးကျန်းမာရေးကိုလည်း တိုက်ရိုက် အကျိုးပြုနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Pazopanib ဆေးက ရှားပါးအရိုးကင်ဆာရောဂါတစ်မျိုး ခံစားနေကြရသူကလေးများ အသက်ရှင်နိုင်ခွင့်ကို မြှင့်တင်ပေးနိုင်

**ဝါဆော အောက်တိုဘာ ၂၇**

Pazopanib အမည်ရှိ ဆေးတစ်မျိုးသည် ရှားပါးအရိုးကင်ဆာရောဂါတစ်မျိုး ခံစားနေကြရသူကလေးများ အသက်ရှင်နိုင်ခွင့်အလားအလာကို မြှင့်တင်ပေးနိုင်ကြောင်း အောက်တိုဘာ ၂၆ ရက် သတင်းများအရ သိရသည်။

Pazopanib ဆေးသည် Ewing Sarcoma ခေါ် အရိုးကင်ဆာရောဂါတစ်မျိုး ခံစားနေရသည့် ကလေးများ၏ ဘဝသက်တမ်းကို ဆန့်ထုတ်ပေးနိုင်ကြောင်း ပိုလန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ပုံမှန်အားဖြင့် Ewing Sarcoma အရိုးကင်ဆာရောဂါ ခံစားနေကြရသည့် ကလေးလူနာများ အနက် သုံးပုံတစ်ပုံခန့်သည်သာ ရောဂါရှာဖွေတွေ့ရှိခဲ့ပြီးနောက်ပိုင်း ငါးနှစ်အထိသာ အသက်ရှင်သန်ခွင့်ရတတ်သည်။

သို့ရာတွင် ပိုလန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Pazopanib ဆေးသည် Ewing Sarcoma အရိုးကင်ဆာကို ထိန်းထားရာတွင် ထိရောက်မှုရှိနိုင်ကြောင်း သိရသည်။

Pazopanib ဆေးသည် Ewing Sarcoma အရိုးကင်ဆာဆဲလ်များ၏ ပိုမိုပွားများလာနိုင်မှုကို တားဆီးပိတ်ပင်နိုင်ကြောင်း သိရသည်။

Pazopanib ဆေးသည် မူလက ကျောက်ကပ်ကင်ဆာရောဂါကို ကုသနိုင်ရေးအတွက် ရည်ရွယ်ထုတ်လုပ်ထားသည့် ဆေးဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Bank of Utah Championship ဂေါက်သီးရိုက်ပြိုင်ပွဲချန်ပီယံဆုကို အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘရန်နန် ဆွတ်ခူး



**ဝါရှင်တန် အောက်တိုဘာ ၂၇**

အမေရိကန်နိုင်ငံ ယူတက်ပြည်နယ်တွင် ကျင်းပခဲ့သည့် Bank of Utah Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘရန်နန်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၂ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဖိလစ်ပိုင် ဂေါက်သီးရိုက်ကစားသမားရီကိုက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမားမက္ကာသီအပါအဝင် ပြိုင်ပွဲဝင်ခြောက်ဦးက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

ဘရန်နန်အတွက် ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်လောကသို့ စတင် ဝင်ရောက်လာသည့်နှစ်တွင် PGA Tour ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ဘရန်နန်က "ချန်ပီယံဖြစ်ခွင့်ရခဲ့တဲ့ခံစားချက်က ဘာနဲ့မှမတူဘူး။ ပျော်စရာကောင်းပါတယ်။ ကိုယ်နှစ်သက်တဲ့ အားကစားနည်းမှာ ချန်ပီယံဖြစ်ခွင့်ရတဲ့ အခိုက်အတန့်ဟာလဲ ဘဝအတွက် ဂုဏ်ယူစရာအကောင်းဆုံး အခိုက်အတန့်ဖြစ်ပါတယ်။ ကျွန်တော့်အတွက် ပရော်ဖက်ရှင်နယ်လောကကို ဝင်ရောက်လာတဲ့နှစ်မှာတင် PGA Tour ချန်ပီယံဆုဖလားကို ကိုင်မြှောက်ခွင့်ရခဲ့တာလဲ တကယ့်ကို အမှတ်တရပါပဲ။ အခုလို အောင်မြင်မှုရအောင် ကစားနိုင်ခဲ့တာဟာ ကျွန်တော့်နောက်ကွယ်မှာ ကျွန်တော့်ကို အကောင်းဆုံး ပံ့ပိုးပေးနေတဲ့ နည်းပြအဖွဲ့ကောင်းရှိလို့ပါ။ သူတို့ကြောင့် ကျွန်တော်အခုလို ချန်ပီယံဆုဖလားကို ကိုင်မြှောက်ခွင့်ရခဲ့တာလဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sky Sports**

**Trs : AZL**

# စီရော်နယ်ဒိုနောက်ပိုင်း ဘာစီလိုနာအသင်းကို လေးပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သည့်ကစားသမားအဖြစ် တိုက်စစ်မှူးအမ်ဘာပီ မှတ်တမ်းဝင်

**မက်ဒရစ် အောက်တိုဘာ ၂၇**

ရီးရဲလ်မက်ဒရစ် အသင်း တိုက်စစ်ကစားသမား အမ်ဘာပီသည် အယ်လ်ကလက်စီကိုပွဲစဉ်အဖြစ်ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် စီရော်နယ်ဒိုနောက်ပိုင်း ဘာစီလိုနာအသင်းဘက်သို့ လေးပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အမ်ဘာပီသည် ဘာစီလိုနာအသင်းနှင့်ပွဲစဉ်တွင် ပွဲချိန် ၁၂ မိနစ်၌ အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သော်လည်း လူကျွံအနေအထားကြောင့် VAR အဆုံးအဖြတ်ဖြင့် ပယ်ဖျက်ခံခဲ့ရသည်။

သို့သော် ပွဲချိန် ၂၂ မိနစ်တွင် အသင်းဖော် ဘယ်လင်ဟမ်၏ ဖန်တီးပေးမှုမှ အမ်ဘာပီသည် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး ပွဲချိန် ၅၂ မိနစ်တွင် ပင်နယ်တီကန်သွင်းခွင့် ရရှိခဲ့သော်လည်း လွဲချော်ခဲ့သည့်အတွက် တစ်ဂိုးသာ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အမ်ဘာပီသည် ရီးရဲလ်မက်ဒရစ်အသင်းသို့ပြောင်း ရွှေ့ကစားခဲ့ပြီးနောက် ၂၀၁၂ ခုနှစ်က ဘာစီလိုနာအသင်းနှင့်ပွဲစဉ်တွင် လေးပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သည့် စီရော်နယ်ဒိုနောက်ပိုင်း ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည့်အပြင် ဘာစီလိုနာ အသင်းဘက်သို့ ဂိုးအများဆုံး သွင်းယူနိုင်ခဲ့သည့် စီရော်နယ်ဒိုနှင့် ဘင်ဇီးမားတို့ပြီးလျှင် တတိယမြောက် ကစားသမားဖြစ်လာခဲ့သည်။

ဘာစီလိုနာအသင်းနှင့် ပွဲတွင် ဂိုးအများဆုံး သွင်းယူနိုင်ခဲ့သည့် ကစားသမားအဖြစ် စီရော်နယ်ဒိုက ၃၄ ပွဲကစားပြီး သွင်းဂိုး ၂၀၊ ဘင်ဇီးမားက ၄၆ ပွဲကစားပြီး ၁၆ ဂိုး၊ အမ်ဘာပီက ကိုးပွဲကစားပြီး ၁၂ ဂိုး ရှိလာသည့်အတွက် စီရော်နယ်ဒို၏ စံချိန်ကိုပါ ကျော်ဖြတ်ဖွယ် ရှိနေကြောင်း သိရသည်။

**Ref : Goal.com**

**Trs : STA**




# ရလဒ်ပိုင်းမတည်ငြိမ်မှုများကြောင့် လီဗာပူးအသင်းဘုတ်အဖွဲ့ဝင်အချို့က နည်းပြဟောင်းကလော့ပ်ကို ပြန်လည်ခန့်အပ်လိုနေ

**လန်ဒန် အောက်တိုဘာ ၂၇**

လီဗာပူးအသင်း ဘုတ်အဖွဲ့ဝင်အချို့က အသင်းရလဒ်ပိုင်းများ ဆိုးရွားလာခဲ့သည့်အတွက် လက်ရှိနည်းပြ အာနီစလော့ စွမ်းဆောင်ရည်များအပေါ် ယုံကြည်မှုနည်းပါးလာခဲ့သောကြောင့် နည်းပြဟောင်း ကလော့ပ်ကို ပြန်လည်ခန့်အပ်လိုနေကြောင်း သိရသည်။

နည်းပြဟောင်း ကလော့ပ်သည် လီဗာပူးအသင်းကို ၂၀၁၅ ခုနှစ်က စတင် တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ အသင်းသမိုင်းတစ်လျှောက် ကာလရှည်ဝေးကွာနေသည့် ပရီးမီးယားလိဂ်ဖလား၊ ချန်ပီယံလိဂ်ဖလားတို့ကို ဆွတ်ခူးပေးနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်က အသင်းနှင့် လမ်းခွဲခဲ့သူဖြစ်သည်။

လီဗာပူးအသင်းသည် နည်းပြကလော့ပ်နှင့် လမ်းခွဲခဲ့ပြီးနောက် နည်းပြသစ်အဖြစ် အာနီစလော့ကို ခန့်အပ်ခဲ့ပြီး အာနီစလော့သည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းသမိုင်းတစ်လျှောက် ပထမဆုံးဘောလုံးရာသီတွင်ပင် ပရီးမီးယားလိဂ် ချန်ပီယံဖလားဆွတ်ခူးပေးနိုင်ခဲ့သည်။

သို့သော် လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် နည်းပြ အာနီစလော့ လက်အောက်၌ ရလဒ်များ ဆက်တိုက်ဆိုးရွားနေခဲ့ပြီး ပြီးခဲ့သည့် ဘရန့်ဖို့ဒ်အသင်းနှင့် ပွဲစဉ်တွင် ရှုံးနိမ့်ခဲ့ပြီးနောက် နောက်ဆုံးကစားခဲ့သည့် ပရီးမီးယားလိဂ် လေးပွဲဆက်ရှုံးနိမ့်ခဲ့သကဲ့သို့ ပြိုင်ပွဲစုံ နောက်ဆုံးခြောက်ပွဲတွင် တစ်ပွဲသာ အနိုင်ရရှိခဲ့ပြီး ငါးပွဲထိ ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြ အာနီစလော့၏ အနာဂတ်မှာလည်း ပိုမို မရေမရာဖြစ်လာခဲ့ခြင်းဖြစ်သည်။

နည်းပြ ကလော့ပ်သည်လည်း လီဗာပူးအသင်းမှ ထွက်ခွာခဲ့ပြီးနောက် ရက်ဘူးလ်အုပ်စုတွင် အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်နေသော်လည်း မကြာမီ နည်းပြလောကသို့ ပြန်လည်ဝင်ရောက်ဖွယ် ရှိနေကြောင်း သိရသည်။

**Ref : Goal.com**

**Trs : STA**

# တိုက်စစ်မှူး ဆွန်ဟောင်မင်ကို အေစီမီလန်အသင်းက ကာလတိုစာချုပ်ဖြင့်ခေါ်ယူရန် ကြိုးပမ်း

**မီလန် အောက်တိုဘာ ၂၇**

အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းသည် အယ်လ်အေအက်ဖ်စီအသင်းနှင့် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး ဆွန်ဟောင်မင်ကိုဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကာလတိုအငှားစာချုပ်ဖြင့် ပြန်လည်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။




တိုက်စစ်မှူး ဆွန်ဟောင်မင်အနေဖြင့် မေဂျာလိဂ်ပြိုင်ပွဲသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၀ ပွဲကစားခဲ့ရာတွင် သွင်းဂိုး ကိုးဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ် ပြုလုပ်နိုင်ခဲ့သောကြောင့် မေဂျာလိဂ်ဘောလုံးရာသီ ခေတ္တနားချိန်တွင် ဥရောပကလပ်အသင်းများက ကာလတိုအငှားစာချုပ်ဖြင့်ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

မေဂျာလိဂ်ဘောလုံးရာသီသည် သုံးလခန့် ခေတ္တနားမည်ဖြစ်သဖြင့် ဆွန်ဟောင်မင်ကလည်း ဥရောပကလပ်အသင်း တစ်သင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေပြီး ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ၎င်း၏ ခြေစွမ်းပိုင်းကို ဆက်လက် ထိန်းသိမ်းရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိတွင် ဆွန်ဟောင်မင်ကို အေစီမီလန်အသင်းက လက်ဦးမှု ရယူနိုင်ရန် ကြိုးပမ်းနေကာ ဂိုးရရှိရန်ခက်ခဲနေသည့် တိုက်စစ်ပိုင်းအတွက် ဆွန်ဟောင်မင်နှင့် အစားထိုးနိုင်မည်ဟု ယုံကြည်နေပြီး ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ဘိုင်ယန်မြူးနစ်အသင်းက ကစားသမားဘဝမှ အနားယူခဲ့သည့် အသင်းကစားသမားဟောင်း ဘိုတန်ကို နည်းပြကွန်ပနီ၏ နည်းပြအဖွဲ့တွင် ထည့်သွင်းရန် စီစဉ်ခဲ့သော်လည်း အသင်းပရိသတ်များ၏ ဆန့်ကျင်မှုကြောင့် ဘိုတန်ကို နည်းပြအဖွဲ့တွင် ထည့်သွင်းမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- အာဆင်နယ်အသင်းက အမှတ်ပေးပွဲစဉ်တွင် ပဲလေ့စ်အသင်းကို တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သောကြောင့် ယခုပွဲစဉ်သည် အသင်း၏ အကြီးမားဆုံးအောင်ပွဲဖြစ်ကြောင်း နည်းပြအာတီတာက ပြောကြားခဲ့သည်။
- ဝက်စ်ဟမ်းအသင်းက ဘာစီလိုနာအသင်းမှ အသက် ၁၇ နှစ်ရှိ ကွင်းလယ်ကစားသမား ဒီရိုဖာနန်ဒက်ဇ်ကို ခေါ်ယူရန်ပစ်မှတ်ထားကြိုးပမ်းနေကြောင်း သိရသည်။ **ML**

# အင်္ဂလန်လိဂ် ၁၀ ခုစလုံးတွင် ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် ဂျေမီကူရီတွန် မှတ်တမ်းဝင်



**လန်ဒန် အောက်တိုဘာ ၂၇**

ဂျေမီကူရီတွန်သည် အသက် ၃၀ နှစ်အရွယ်တွင် အင်္ဂလန်ဘောလုံးသမိုင်းတွင် မည်သူမျှ မရေးထိုးနိုင်သေးသည့် အင်္ဂလန်လိဂ် ၁၀ ခုလုံးတွင် ဂိုးသွင်းယူနိုင်သည့်ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဂျေမီကူရီတွန်သည် ကစားသမားဘဝအစပိုင်းက နေ့ဝုစ်ချ်အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ကာလရှည်ကစားခဲ့သူဖြစ်ပြီး ထို့နောက် အသင်းအဆင့်ဆင့် ပြောင်းလဲကစားခဲ့ကာ ယခုအခါ အင်္ဂလန်ဒသမတန်းလိဂ်အသင်းဖြစ်သည့် ကင်းပက်ချ်ရိန်းဂျားအသင်းတွင် ကစားနေသူဖြစ်သည်။

ဂျေမီကူရီတွန်သည် အင်္ဂလန်ဘောလုံးလောကတွင် ထိပ်တန်းလိဂ်ဖြစ်သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ စတင်ကစားခဲ့သူဖြစ်ပြီး ယခုအခါ အသက် ၃၀ အရွယ်ရှိနေပြီဖြစ်သော်လည်း ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားမယူသေးဘဲ ကင်းပက်ချ်ရိန်းဂျားအသင်းတွင် ကစားနေသူဖြစ်သည်။

ယခုအခါ ဂျေမီကူရီတွန်သည် အသင်းအတွက် သွင်းဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် အင်္ဂလန်ဘောလုံးလောကတွင် လိဂ်အားလုံး၌ ဂိုးသွင်းယူနိုင်ခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# WBA Continental လိုက်ဝိတ်တန်းချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ဂျိုးဆပ်နှင့် ထိုးသတ်မည့်ပွဲစဉ်ကို ရွှေ့ဆိုင်းကြောင်း ရှော့ဖီး ထုတ်ပြန်ကြေညာ

**ဝါရှင်တန် အောက်တိုဘာ ၂၇**

WBA Continental လိုက်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန်လက်ဝှေ့သမား ရှော့ဖီးသည် စိန်ခေါ်သူ အမေရိကန်လက်ဝှေ့သမား ဂျိုးဆပ်နှင့် နိုဝင်ဘာ ၈ရက်တွင်ထိုးသတ်သွားရန် စီစဉ်ထားသော်လည်း ဒဏ်ရာပြဿနာကြောင့် စိန်ခေါ်ပွဲအား ရွှေ့ဆိုင်းလိုက်ကြောင်း ရှော့ဖီးက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ရှော့ဖီးသည် လေ့ကျင့်ရေးအစီအစဉ်တွင် ညာဘက်လက်ကောက်ဝတ်ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ပြီး ယင်းဒဏ်ရာကြောင့် စိန်ခေါ်ပွဲအား ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ရှော့ဖီးသည် ဒဏ်ရာပြဿနာကြောင့် စိန်ခေါ်ပွဲအား ရွှေ့ဆိုင်းခဲ့ရခြင်း ဖြစ်ကြောင်းကိုလည်း ရှော့ဖီး၏ Promotion ကုမ္ပဏီဖြစ်သည့် Golden Boy ကလည်း စိန်ခေါ်ပွဲ ရွှေ့ဆိုင်းကြောင်းကို တရားဝင်ထုတ်ပြန်ခဲ့သည်။

Golden Boy Promotion ကုမ္ပဏီက "နိုဝင်ဘာ ၈ ရက်တက္ကဆက်ပြည်နယ်မှာ စိန်ခေါ်သူ ဂျိုးဆပ်နဲ့ ရှော့ဖီးတို့ ထိုးသတ်သွားမဲ့ WBA Continental လိုက်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်ကို ရွှေ့ဆိုင်းလိုက်ပါတယ်။ လက်ရှိချန်ပီယံ ရှော့ဖီးအား လေ့ကျင့်ရေး အစီအစဉ်မှာ ညာဘက် လက်ကောက်ဝတ် ဒဏ်ရာရရှိခဲ့တဲ့အတွက် ဆေးကုသမှု ခံယူသွားရတော့မှာ ဖြစ်ပါတယ်။ ဒဏ်ရာပြန်လည်သက်သာလာတဲ့ အခြေအနေပေါ် မူတည်ပြီးတော့ စိန်ခေါ်ပွဲကို ပြန်လည် စီစဉ်ပေးသွားမှာဖြစ်ကြောင်း အသိပေးအပ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Boxing Scene**
**Trs : AZL**




# အယ်ချီအသင်းနှင့်ပွဲစဉ်ကို ကွင်းလယ်ကစားသမားပက်ထရီ လွဲချော်မည်ဟု ဘာစီလိုနာအသင်းထုတ်ပြန်

**ဘာစီလိုနာ အောက်တိုဘာ ၂၇**

ရီးရဲလ်မက်ဒရစ် အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ဘာစီလိုနာအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အနီကတ်ပြသခံရသည့် ပက်ထရီသည်လည်း လာမည့် အမှတ်ပေးပွဲစဉ်ဖြစ်သည့် အယ်ချီအသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက ထုတ်ပြန်ခဲ့သည်။

ပက်ထရီသည် ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းအတွက် ပုံစံကောင်းပြသလျက်ရှိကာ အဓိက ကစားသမားအဖြစ် ပါဝင်နေသော်လည်း ရီးရဲလ်မက်ဒရစ်အသင်းနှင့်ပွဲစဉ်တွင် အနီကတ်ပြသခံပြီး ပွဲပယ်ခံရမည်ဖြစ်သောကြောင့် အယ်ချီအသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ကွင်းလယ်ကစားသမားပက်ထရီသည် ပထမပိုင်း ပွဲကစားချိန် ၄၂ မိနစ်တွင် ဗင်နီစီးယက်စ်၏ တိုက်စစ်ကို ဟန့်တားရာမှ အဝါကတ်တစ်ကြိမ်ပြသခံရပြီးနောက် ဒုတိယပိုင်း ပွဲကစားချိန် မိနစ် ၉၀ ကျော်တွင် ချူအာမန်နီကို ဖြစ်ဒဏ်ကျူးလွန်မှုကြောင့် ဒုတိယအကြိမ် အဝါကတ်ပြသခံရကာ နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။

ထို့ကြောင့် လာမည့် အယ်ချီအသင်းနှင့်ပွဲစဉ်တွင် ကွင်းလယ်ကစားသမား ပက်ထရီအပြင် အသင်းမှ အဓိက ကစားသမားများဖြစ်သည့် ဂါဗီ၊ ရာဖင်ဟာ၊ လီဝမ်ဒေါစကီး၊ ဖာမင်လိုပက်ဇ်၊ ဂျိုအန်ဂါစီယာတို့လည်း လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Barcablaugranes**
**Trs : ML**

# အမျိုးသားတံခွန်စိုက် ကြက်တောင်ပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက်မှ ၁၆ ရက်ထိ ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အမျိုးသား တံခွန်စိုက်ကြက်တောင်ပြိုင်ပွဲကို လာမည့် နိုဝင်ဘာ ၁၁ ရက်မှ ၁၆ ရက်ထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ အမျိုးသားကြက်တောင်အားကစားခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အသက်ကိုးနှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ ကိုးနှစ်အောက် အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၁ နှစ်အောက်၊ ၁၃ နှစ်အောက်၊ ၁၅ နှစ်အောက်၊ အသက် ၁၇ နှစ်အောက်၊ အသက် ၁၉ နှစ်အောက် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။

ထို့ပြင် လူသစ်တန်း အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ ဝါသနာရှင်တန်း အမျိုးသား နှစ်ယောက်တွဲ၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ သာမန်တန်းအမျိုးသားအမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲများ၊ နှစ်ဦးပေါင်း အသက် ၉၀၊ အသက် ၁၀၀၊ အသက် ၁၁၀၊ အသက် ၁၂၀ ပြိုင်ပွဲများအကြီးတန်း အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ၊ အမျိုးသား နှစ်ယောက်တွဲ၊ အမျိုးသမီး နှစ်ယောက်တွဲ၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လိုသူများ အနေဖြင့် နိုဝင်ဘာ ၆ ရက် နောက်ဆုံးထားပြီး ဒေါ်မြတ်မြတ်နိုး ဖုန်း ၀၉-၇၉၄၅၁၅၈၄၉ ထံ ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**STA**

# Vienna Open တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို အီတလီတင်းနစ်ကစားသမားဂျန်နစ်ခ်ဆင်နာ ဆွတ်ခူး

**ဗီယင်နာ အောက်တိုဘာ ၂၇**

သြစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ကျင်းပခဲ့သည့် Vienna Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ဂျာမနီ တင်းနစ်ကစားသမား ဇီရက်ဖ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက (၃-၆၊ ၆-၃၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



ကမ္ဘာ့အဆင့်(၂) တင်းနစ်ကစားသမားဂျန်နစ်ခ်ဆင်နာသည် နောက်မှလိုက် ကစားခဲ့သော်လည်း အကောင်းဆုံးပုံစံဖြင့် ပြန်လည်တုံ့ပြန်နိုင်ခဲ့သည့်အတွက် ဇီရက်ဖ်ကို ပြန်လည်အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာသည် ပထမပွဲပယ်တွင် အမှားများနေခဲ့ပြီး ဇီရက်ဖ်က ရရှိလာသည့် အခွင့်အရေးများကို အကောင်းဆုံးအသုံးချကာ ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲပယ်တွင် ဂျန်နစ်ခ်ဆင်နာက အမှားများကို အကောင်းဆုံး ပြင်ဆင်နိုင်ခဲ့ပြီး ပြတ်သားသည့် ရလဒ်ဖြင့် ပြန်လည်အနိုင်ရရှိခဲ့ကာ အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲပယ်အား ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ tie-break အဆင့်ထိ ကစားခဲ့ရပြီးမှ ဂျန်နစ်ခ်ဆင်နာက အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဂျန်နစ်ခ်ဆင်နာက "ဗိုလ်လုပွဲ အဆင့်ကို အကောင်းဆုံးပုံစံနဲ့ တက်ရောက်နိုင်ခဲ့ပေမဲ့လဲ ဗိုလ်လုပွဲဉ်ရဲ့ ပထမပွဲပယ်ကတော့ ကျွန်တော့်အတွက် တော်တော်လေးကို ခက်ခဲခဲ့ပါတယ်။ ပထမပွဲပယ်မှာ အမှားများခဲ့သလို ပုံမှန်ထက်နိမ့်တဲ့ စွမ်းဆောင်ရည်မျိုးနဲ့သာကစားနိုင်ခဲ့ပါတယ်။ ဒါပေမဲ့လဲ အမှားတွေကို အချိန်မီပြင်ဆင်နိုင်ခဲ့တဲ့အတွက်ကြောင့် ပြန်လည်အနိုင်ရခဲ့တယ်။ ဒုတိယပွဲပယ်အနိုင်က ကျွန်တော့်ကို စိတ်ဓာတ်တက်ကြွစေပြီးတော့ ပထမပွဲပယ်က စိတ်ဓာတ်ကျစရာတွေကို မေ့ပျောက်နိုင်ခဲ့တယ်။ ဇီရက်ဖ်ရဲ့ စပေးဘောတွေက တော်တော်လေးကိုကောင်းတယ်။ ထိန်းရခက်သလို တုံ့ပြန်ဖို့လဲ တော်တော်လေးကို ခက်ခဲခဲ့ပါတယ်။ ဒုတိယပွဲပယ်ကတော့ ကျွန်တော့်ရဲ့အကောင်းဆုံးပုံစံတွေကို ပြန်လည်ပြသနိုင်ခဲ့သလို တတိယပွဲပယ်ကတော့ နှစ်ယောက်စလုံး အကောင်းဆုံး ကစားနိုင်ခဲ့တဲ့ ပွဲပယ်ဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RTHK**
**Trs : AZL**

# ယပ်တောင်

ကိုဇော်ဌေး(ယဉ်ကျေးမှု)

ပူအိုက်သည့်ရာသီ လေမတိုက်သောအခါတွင် လေရအောင် တစ်နည်းနည်းဖြင့် ကြံဆောင်ကြသည်။ ယပ်တောင်မပေါ်သေးမီ အလွန်ရှေးကျသည့်အခါက ပူအိုက်လျှင် လူတို့သည် သစ်ရွက်သစ်ခက်များကို ယပ်တောင်သဖွယ်အသုံးပြု၍ သဘာဝလေအစားလုပ်ယူရသောလေဖြင့် အအေးဓာတ်ကိုခံယူကြသည်။ သစ်ရွက်များဖြင့် ယပ်ခတ်ကြရင်းမှ တဖြည်းဖြည်း လူတို့သည် ယပ်တောင်လုပ်ရန် အကြံဉာဏ်များ ရလာကြသည်။

ယပ်တောင်သည် ခရစ်တော်မပေါ်မီနှစ်ပေါင်း သုံးထောင်လောက်ကပင် တရုတ်နိုင်ငံမှ စတင်ပေါ်ပေါက်ခဲ့သည်။ အီဂျစ်၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ ရှေးဟောင်းအနုပညာများကို ကြည့်ခြင်းအားဖြင့် ယပ်တောင်များကို ရှေးပဝေသဏီကပင် အရှေ့နိုင်ငံများ၌ အသုံးပြုခဲ့ကြောင်း သိသာနိုင်သည်။ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ယပ်တောင်များသည် ကမ္ဘာကျော်ယပ်တောင်များဖြစ်သည်။ တရုတ်ယပ်တောင်သည် ယနေ့ထက်တိုင် အသွင်အပြင်ပုံသဏ္ဌာန်မပြောင်းသေးသည်ကို တွေ့ရသည်။

ရိုးတံကို လက်ဖြင့်ကိုင်၍ခတ်ရသော ထန်းလက်ယပ်တောင်များကို အလွန်ရှေးကျသော အဆီးရီးယန်းလူမျိုးနှင့် အီဂျစ်လူမျိုးတို့ကစတင်၍ အသုံးပြုခဲ့ကြသည်။ ထိုယပ်တောင်မှာ ကြီးလည်းကြီးသဖြင့် ယပ်ခတ်ရန် လူတစ်ယောက်သီးသန့်ထားရသည်။ ချမ်းသာကြွယ်ဝသော သူဌေးကြီးများသည် အစေအပါးများကို ဤယပ်တောင်မျိုးဖြင့် ယပ်ခတ်စေခြင်းဖြင့် ပူအိုက်သည့်ရာသီများတွင် စည်းစိမ်ယူလေ့ရှိကြသည်။ ယပ်တောင်သည် လေကောင်းစွာ ရစေသည့်အပြင် ခြင်၊ ယင်၊ ပိုးမွှားများကိုလည်း ဖယ်ရှားပေးနိုင်သည်။ အေဒီ ၃၀၀ မှ ၁၃၀၀ လောက်ထိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းအတွင်းရှိ ဘုရားပန်းအိုးများတွင် ပိုးမွှားများ၊ခြင်များ အနားမကပ်ရအောင် ယပ်တောင်ကို အသုံးပြုခဲ့ကြသည်။ ရှေးက အသုံးပြုခဲ့သော ဂရိပန်းအိုးများတွင် လှပသောယပ်တောင်ပုံများရေးဆွဲထားလေ့ရှိသည်။

ရှေးက ယပ်တောင်များမှာ ထိပ်ကစက္ကူကပ်ထားသည့်နေရာ၊ ယပ်တောင်ပြားနှင့် လက်ကိုင်ဟူ၍ သုံးပိုင်းရှိသည်။ ထိုသုံးခုပါလျှင် ယပ်တောင်တစ်ခု ဖြစ်လာသည်။ နိုင်ငံတိုင်းရှိ ယပ်တောင်များမှာ ဤပုံစံချည်းဖြစ်သည်။ ထိုယပ်တောင်မျိုးကို ကြာယပ်တောင်ဟုခေါ်သည်။ ခေါက်ယပ်တောင်များမှာ အေဒီ ၇၀၀ လောက်က ဂျပန်နိုင်ငံမှ စတင်တီထွင်လုပ်ကိုင်လိုက်သော ယပ်တောင်ဖြစ်သည်။ တီထွင်သူမှာ လင်းနို့၏တောင်ပံဖြန့်ပုံ တောင်ပံရိုက်ပုံတို့ကို တွေ့ရှိ၍ ခေါက်ယပ်တောင်လုပ်ရန် အကြံစတင်ရရှိခဲ့သည်။ ဂျပန်ယပ်တောင်သည် အလှအပပစ္စည်းသာမကဘဲ လူ့ဘဝ၏လေးနက်သည့် အဓိပ္ပာယ်များကိုလည်း ဖော်ဆောင်လျက်ရှိသည်။ ယပ်တောင်ကို ဖွင့်လိုက်သောအခါ ဖြာထွက်နေသော ရိုးတံများက လူ့ဘဝဖြစ်စဉ်ကို သရုပ်ဖော်ထားပေသည်။

ထိုယပ်တောင်များကို ကြိုက်နှစ်သက်ရာ ဆေးခြယ်၍ ကပွဲများ၌ အသုံးပြုကြသည်။ ဂျပန်နိုင်ငံကခေါက်ယပ်တောင်များ စတည်ထွင်ပြီးနောက် မကြာမီ တရုတ်နိုင်ငံတွင် အသုံးပြုလာကြသည်။ ခရစ်နှစ် ၁၅၀၀ ခန့်ရောက်သောအခါ ပေါ်တူဂီကုန်သည်များက အရှေ့တိုင်းမှဖြစ်သော ထိုယပ်တောင်များကို ဥရောပတိုက်သို့ ဆောင်ကြဉ်းသွားကြသဖြင့် တစ်စတစ်စအနောက်နိုင်ငံသို့ ရောက်သွားသည်။ ဥရောပအမျိုးသမီးများက လှပစွာ ဆေးရောင်ခြယ်ထားသော ယပ်တောင်များကို အလှကိုင်ကြသည်။

ပြင်သစ်နိုင်ငံ ၁၅ ဆက်မြောက် လူဝီဘုရင်လက်ထက်တွင် ယောကျ်ားများပင် သေးငယ်သော ယပ်တောင်ကလေးများကို အလှကိုင်လေ့ရှိသည်။ ခဏပင်ဖြစ်ပြီး မကြာမီပင် ထိုဓလေ့ပပျောက်သွားခဲ့သည်။

အင်္ဂလန်နိုင်ငံတွင် ယပ်တောင်ကို ဆေးခြယ်သောအတတ်သည် ယပ်တောင်အသုံးပြုသောသူများ နည်းပါးလာသည့်အလျောက် တိမ်ကောစပြုပြီဖြစ်သည်။ ၁၈ ရာစုနှစ်၊ ၁၉ ရာစုနှစ်အတွင်းကမူ



ပန်းချီဆရာကြီးများသည် သားရေ၊ စက္ကူနှင့်ပိုးထည်ပေါ်တွင် လှပသောပုံများရေးခြယ်၍ ယပ်တောင်များကို ဈေးကြီးကြီးနှင့် ရောင်းချကြသည်။ ထိုအချိန်က ယပ်တောင်ပန်းချီဆရာများ အလွန်ခေတ်စားခဲ့သည်။ ထိုပန်းချီဆရာများတွင် "ချားကွန်ဒါ" (၁၈၆၈-၁၉၀၀) ဆိုသူသည် ထင်ရှားသည်။

ယပ်တောင်သည် ရှေးကဘုရင်တို့ ဘိသိက်မင်္ဂလာအခါတော်၌ ဆင်ယင်ကိုင်စွဲရသော အဆောင်ငါးပါးတွင်လည်းပါဝင်နေသည်။ ၎င်းအဆောင်ငါးပါးကို မင်းမြောက်တန်ဆာငါးပါးဟု ခေါ်ကြသည်။ ထိုငါးပါးတွင် သန်လျက်၊ ထီးဖြူ၊ သင်းကျစ်၊ ခြေနင်း၊ သားမြီးယပ်တို့ပါဝင်သည်။ ၎င်းငါးပါးသည် ရှင်ဘုရင်၏အဆင်တန်ဆာရတနာဖြစ်ခြင်းကြောင့် ပဉ္စာနရတနာမည်လေသည်။ မင်းတို့သည် ထီးဖြူကိုမိုးလျက် ရင်ခွင်ထက်သားမြီးယပ်ကို ပိုက်ထားသည်ဟုဆိုကြသည်။ သားမြီးယပ်ဟူသည်ကား စာမရီသားကောင်၏ အမြီးကို ပတ္တမြားဖြင့် စီအပ်သော ရွှေရိုးတပ်၍ ယပ်ကဲ့သို့ မင်းတို့ကိုင်စွဲသုံးဆောင်သည့် မင်းအဆောင်အယောင်တစ်ပါးဖြစ်သည်။

တရုတ်တို့၏ ဟန်ရာဇဝင်သစ်တွင် မြန်မာနိုင်ငံရှိ ပျူလူမျိုးနှင့် ပတ်သက်၍ ဖော်ပြထားမှုမှာ အိမ်ထောင်ရှိသော ပျူအမျိုးသမီးများသည် အပြင်သို့ထွက်၍ လမ်းလျှောက်သည့်အခါ ယပ်တောင်ကိုင်ဆောင်သည်ဟုဖော်ပြထားသည်။ အထက်တန်းစားပုဂ္ဂိုလ်များ၏အပါး၌ ယပ်တောင်ကိုင်သူငါးဦး၊ ခြောက်ဦးထက်မနည်း ရှိသည်ဟုဖော်ပြထားရာ ပျူခေတ်ကတည်းက မြန်မာနိုင်ငံတွင် ယပ်တောင်ကို ကိုင်စွဲအသုံးပြုနေကြပြီဖြစ်ကြောင်း သိနိုင်သည်။ အင်းဝခေတ်မှစ၍ အမရပူရခေတ်၊ ရတနာပုံခေတ်ထိ နန်းတွင်းသားများသည် ထန်းရွက်ယပ်တောင်ကို ရွှေချကာ ဝန်ကြီး၊ ဝန်ထောက်၊ ဝင်မှူးများကအစ ကိုင်စွဲလေ့ရှိသည်။ နန်းတွင်းအပျိုတော်များမှာ ရွှေယပ်ရိုးအရှည်ကိုကိုင်လျက် မိဖုရားနှင့် သမီးတော်များအပါးတွင် ခစားနေရပုံများကို ပန်းချီကားများ၌ တွေ့ရသည်။

၁၇၉၅ ခုနှစ်၌ အိန္ဒိယဘုရင်ခံချုပ်က အင်းဝနိုင်ငံသို့စေလွှတ်သော ကပ္ပတိန်ဆိုင်းမ်စ်ကြီးမှူးသည့် သံအဖွဲ့နှင့်အတူပါလာသော ပန်းချီဆရာက ဝန်ကြီး၊ ဝန်ကတော်၊ ဝန်ထောက်၊ ဝန်ထောက်ကတော်၊ အတွင်းဝန်၊ အတွင်းဝန်ကတော်နှင့် စာရေးတော်ကြီးများကို ပုံတူကူးယူသွားလေသည်။ ထိုပန်းချီကား၌ ဝန်ကြီး၊ ဝန်ထောက်၊ အတွင်းဝန်စသော ပုဂ္ဂိုလ်များမှာ ဝတ်လုံရှည်ကြီးများ ဝတ်ဆင်လျက်၊ ထန်းရွက်ယပ်ကိုကိုင်လျက် ခြေနင်းများစီးထားသည်ကို တွေ့ရသည်။

၁၉၇၃ ခုနှစ် ဇူလိုင်လ ၈ ရက်ထုတ် ဟံသာဝတီသတင်းစာအချပ်ပို "ဃ"၌ ပန်းချီဆရာ ဦးဝင်းမောင်က တောင်ဘီအုတ်ကျောင်းမှ အင်းဝခေတ် အပျိုတော်များ၏ပုံ၊ အမရပူရ ရွှေဂူသာဘုရားမှ ကုန်းဘောင်ခေတ် အပျိုတော်ပုံနှင့် ရတနာပုံခေတ်ရွှေယပ်ကိုင် နန်းတွင်းအပျိုတော်ပုံများကို ပန်းချီဖြင့် ရေးဆွဲဖော်ပြဖူးသည်။ ဤယပ်တောင်မျိုးအပြင် ခေါက်၍ရသော တရုတ်ယပ်တောင်ခေါ် ခိုမြီးယပ်တောင်များလည်း သုံးစွဲကြကြောင်း အာနန္ဒာအုတ်ကျောင်းမှ ပန်းချီအချို့ကို အထောက်အထားအဖြစ် တွေ့မြင်သိရှိနိုင်သည်။ အပျိုတော်တစ်ရာပုရပိုက်မှ အပျိုတော် "မိသေးသေး"၏ ယပ်တောင်ကိုင်ထားသော အလှသည်လည်းသိမ်မွေ့စွာ ဆွဲဆောင်နိုင်သော ပန်းချီပုံဖြစ်သည်။

အလွန်တန်ဖိုးကြီးသော ယပ်တောင်များမှာ မြည်းသားရေ၊ ပိုးသားများပေါ်တွင် ဆေးခြယ်ထားသောယပ်တောင်များဖြစ်သည်။ အချို့ဇာဖြင့်လည်းကောင်း၊ သစ်ကုလားအုပ်မွေးဖြင့်လည်းကောင်း၊ ဒေါင်းမြီးဖြင့်လည်းကောင်း လှပစွာ ယပ်တောင်များကို လုပ်ကိုင်ကြသည်။ ထိုယပ်တောင်များ၏ လက်ကိုင်ကို ဆင်စွယ်ဖြင့်လည်းကောင်း၊ လိပ်ခွံဖြင့်လည်းကောင်း တိရစ္ဆာန်များ၏ လှပသော ဦးချိုဖြင့်လည်းကောင်း၊ နံ့သာသားဖြင့်လည်းကောင်းလုပ်ထားသည်။ ယပ်တောင်များမှာ အစကနဦးက လေရအောင် လုပ်ဆောင်ထားသော ပစ္စည်းဖြစ်သော်လည်း နောင်သော် အလှကိုင်ပစ္စည်းအဖြစ်သို့ ရောက်သွားလေသည်။ ယခုခေတ်၌ လူအများသွားလာရာဖြစ်သော ရုံးများ၊ အလုပ်တိုက်နှင့် ဟိုတယ်များတွင် လျှပ်စစ်ပန်ကာများ၊ အဲကွန်းများ တပ်ဆင်ပေးထားခြင်းဖြင့် လေရအောင်ကြံဆောင်ပေးထားလာကြသည်။ ထို့ကြောင့် ယပ်တောင်သည် အလှအပသက်သက်အလို့ငှာ ကိုင်ဆောင်ကြသောပစ္စည်းအဖြစ်သို့ ရောက်မှန်းမသိရောက်သွားလေတော့သည်။

ကိုလိုနီလက်အောက်ခံကာလက မြန်မာနိုင်ငံ၏အချို့သောရုံးများတွင် "ယပ်ဆွဲ"မည်သော ရာထူးတစ်ခုရှိခဲ့ဖူးသည်။ အရာရှိမင်းအား ပူအိုက်ခြင်းနှင့်အခြားသော ပိုးမွှားအန္တရာယ်မှ ကာကွယ်ရန် ထန်းရွက်ယပ်ဖြင့် ယပ်ခတ်ပေးရသောသူကို "ယပ်ဆွဲ"ရာထူးအမည်ဖြင့် ခန့်ထားခြင်းဖြစ်သည်။ ရှင်သီဝလိရုပ်တုတွင်လည်း ရိုးတံမှ လက်ဖြင့်ကိုင်၍ ယပ်ကိုထမ်းဟန်၊ ကိုင်ဆောင်ဟန်ရှိသော ထန်းရွက်ယပ်တောင်များကို ထည့်သွင်းထုလုပ်ကြသည်ကိုတွေ့ရသည်။ အချို့သော သံဃာတော်များသည် ထန်းရွက်ကို ယပ်အဖြစ် ကိုယ်တိုင်ပြုလုပ်ကိုင်ဆောင်ကြ၏။ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းမြို့သစ်ရှိ ရပ်ကွက်များတွင် ရဟန်းတော်သုံးယပ်တောင်လုပ်ငန်းဖြင့် တစ်နှစ်ပတ်လုံးဝင်ငွေရရှိအောင် လုပ်ကိုင်ကြသည်။ ထိုလုပ်ငန်းတွင် ယပ်တောင်သံကိုင်းလုပ်ကိုင်သူ၊ သံကိုင်းတွင် ကတ္တီပါစဖြင့် ယပ်တောင်ပုံပေါ်လာရန် ချုပ်လုပ်သူ၊ ချုပ်ပြီးသား ယပ်တောင်ပေါ်တွင် အမှာစာပါအတိုင်း စာစီစာရိုက်သူဟူ၍ ရှိကြသည်။

ခေတ်အလျောက် တိုးတက်လာခဲ့သော်ငြား ယပ်တောင်ကိုင်သုံးစွဲသူတို့သည် သက်သက်ပင်ရှိသည်။ ထို့ကြောင့်ပင် ယပ်တောင်ပြုလုပ်ခြင်းလုပ်ငန်းသည် ရပ်တန့်မသွားခြင်းဖြစ်သည်။ စစ်ကိုင်းတိုင်း ဝန်းသိုမြို့နယ်တွင် ဝါးဖြင့်ပြုလုပ်သော ယပ်တောင်လုပ်ငန်းရှိသည်။ ပြာသိုလတွင် ဝါးများကို ခုတ်ယူကာ ပိုးမထိုးစေရန် ရက် ၂၀ ကြာ နေလှန်းကြသည်။ ဝါးနှီးဖြာရန်ခြောက်သွေ့သော ဝါးကို နှစ်ရက်၊ သုံးရက်ကြာရေစိမ်ရသည်။ ဝါးနှီးများ အရောင်ဆိုးရန် ဆေးရောင်စုံကိုဝယ်ယူရသည်။ ယပ်တောင်ဈေးကွက်သည် ပူအိုက်သည့်လများတွင် အရောင်းသွက်လေသည်။ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ အချို့သောကျေးရွာများတွင်လည်း ဝါးယပ်တောင်လုပ်ငန်းလုပ်ကိုင်ကြသည်။

ရန်ကုန်မြို့တွင်မူ ရှေးဝတီတိုင်းထွက် စလူယပ်တောင်များကို သုံးကြသည်။ စလူယပ်တောင်ဖြင့် ခတ်၍ ရရှိလာသောလေသည် ပလတ်စတစ် ယပ်တောင်ဖြင့် ခတ်၍ရရှိလာသော လေထက် ပိုမိုအေးမြသည်ဟုလည်းဆိုကြသည်။ စလူယပ်တောင်ဖြင့် ရရှိလာသော လေကို နှစ်သက်သူတို့ရှိကြ၍ စလူယပ်တောင်ဈေးကွက်သည် ခိုင်မြဲလျက်ရှိသည်။ ပုသိမ်မြို့ပေါ်ရှိ ဘိုကြီးကုန်း၊ မငြိမ်းလှကုန်း၊ လှည်းကျော်ကုန်းနှင့် ချစ်တီးကုန်းတို့သည် စလူယပ်တောင်ကို အဓိကထားလုပ်ကိုင်ကြသည်။ ပုသိမ်မြို့ထွက် စလူယပ်တောင်သည်လည်း လူကြိုက်များသည်။

ယပ်တောင်သည် မြန်မာလူမျိုးတို့နှင့် မစိမ်းသော ပစ္စည်းဖြစ်သည်။ ကိုင်တွယ်သုံးစွဲနေဆဲဖြစ်သည်။ ပန်ကာ၊ အဲကွန်းများသည် သူ့နေရာနှင့်သူ နေရာယူလာကြသော်လည်း ပေါ့ပေါ့ပါးပါးဖြစ်သည့် ဝါးယပ်တောင်၊ စလူယပ်တောင်သည် မြန်မာတို့ကိုင်တွယ်သုံးစွဲနေကြမည်သာဖြစ်သည်။ စင်စစ် ယပ်တောင်သည် ရိုးရာအမြစ်တွယ်နေသော လက်ကိုင်ပစ္စည်းတစ်ခုဖြစ်နေသောကြောင့်သာဖြစ်သည်။

**ကိုးကား**

၁။ မြန်မာအမျိုးသမီးဆင်ယင်ထုံးဖွဲ့မှု (စောမုံညင်း)

၂။ ရွှေဘုံနိဒါန်း(ဇေယျသင်္ချာ)

# ခုနစ်ထွေည အမည်ရှိဇာတ်လမ်းတွဲ မိတ်ဆက်ပွဲနှင့် ကန်တော့ပွဲပေးအခမ်းအနားပြုလုပ်




**ရန်ကုန် အောက်တိုဘာ ၂၇**

Mee Mee Mway Production က ရိုက်ကူးထုတ်လုပ်မည့် ခုနစ်ထွေညအမည်ရှိ ဇာတ်လမ်းတွဲ မိတ်ဆက်ပွဲနှင့် ကန်တော့ပွဲပေး အခမ်းအနားကို အောက်တိုဘာ ၂၆ ရက်က ရန်ကုန်မြို့ရှိ M3 Food Center ၌ ပြုလုပ်ခဲ့ကြောင်း အဆိုပါ ခုနစ်ထွေညဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးမည့် ဒါရိုက်တာ ပီကေထံမှ သိရသည်။

အဆိုပါ ခုနစ်ထွေညဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ ပီကေက ရေးသားထားပြီး ဖြိုးသဉ္ဇာကျော်နှင့် ယမင်းခန့်တို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ပီကေကပင် Mee Mee Mway Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ဒီဇာတ်လမ်းကို လွန်ခဲ့တဲ့ ခြောက်နှစ်လောက်ကတည်းက ရေးထားတာပါ။ ခုနစ်ထွေညဇာတ်လမ်းတွဲက ဇာတ်စတည်ကတည်းက မင်းသားခုနစ်ယောက်နဲ့ ရိုက်ချင်ခဲ့တာပါ။ အရင်က ရွေးထားတဲ့ မင်းသားတွေက အခုအချိန်မှာ အသက်တွေ ကြီးသွားကြပြီ။ ဒါကြောင့် မင်းသားတွေ ထပ်မံရွေးချယ်ရိုက်ဖြစ်ခဲ့တာပါ။ ပါဝင်ကြတဲ့ မင်းသားခုနစ်ယောက်ကို ပုံစံခုနစ်မျိုးနဲ့ ဒီဇာတ်လမ်းတွဲထဲမှာ မြင်တွေ့ရမှာပါ"ဟု ဒါရိုက်တာပီကေကပြောပြသည်။

ခုနစ်ထွေည ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များဖြစ် ဇော်ရှိုင်းထက်၊ ဗီတာမင်၊ ညဏ်မင်းဆက်၊ ရဲသွေးသီဟ၊ ရဲရင့်ဘုဏ်း၊ Jay၊ ဒီပါကျော်၊ ခန့်ဝင်းဟန်၊ လှျမ်းထက်အောင်၊ မိုးသားဦး၊ သန့်သတိုးသျှင်၊ ညီနန္ဒ၊ စည်ဖြိုး၊ မင်းသူ၊ စွမ်းထက်အောင်၊ အေးဝတ်ရည်သောင်း၊ သံသာညီ၊ မေမီလင်း၊ အနှစ်၊ စင်သီယာစသူတို့ ပါဝင်သရုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# အရိပ်ယောင်များဇာတ်လမ်းတွဲကို နိုဝင်ဘာ ၈ ရက်မှစတင်ကာ ထုတ်လွှင့်တင်ဆက်ပေးသွားမည်

**ရန်ကုန် အောက်တိုဘာ ၂၇**

M Entertainment Channel နှင့် M Entertainment YouTube Channel တို့မှ အရိပ်ယောင်များ အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲကို နိုဝင်ဘာ ၈ ရက်မှ စတင်ကာ ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါအရိပ်ယောင်များဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ အေးချမ်းမောင်ထံမှ သိရသည်။

အရိပ်ယောင်များ အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ ဝေယံဖေက ရေးသားထားပြီး Skyward Art Team က ဇာတ်ညွှန်းရေးသားထားကာ Bebee TV Production အတွက် ဒါရိုက်တာဝေယံဖေကပင် တာဝန်ယူ ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲမှာ ကျွန်တော့်ကို စရိုက်နှစ်မျိုးနဲ့ မြင်တွေ့ရမှာပါ။ ဒီဇာတ်လမ်းတွဲက လျှို့ဝှက်ဆန်းကြယ် စိတ္တဇဆန်ဆန်မှုခင်းဒရာမာ




အမျိုးအစားဇာတ်လမ်းတွဲ ဖြစ်ပါတယ်။ လျှို့ဝှက်ဆန်းကြယ်အဖြစ်အပျက်တွေကြား စိတ်ရဲ့အရိပ်တွေဟာ အယောင်ဆောင်သက်သက်မျှသာဖြစ်နေခဲ့ရင် လူတစ်ယောက်ဟာ ပုံစံနှစ်မျိုးကွဲထွက်နေနိုင်လားဆိုတာ ဒီဇာတ်လမ်းတွဲမှာ ရှုစားကြရမှာပါ"ဟု သရုပ်ဆောင် အေးချမ်းမောင်က ပြောပြသည်။

အရိပ်ယောင်များ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အေးချမ်းမောင်၊ စိုင်းစည်တွမ်ခမ်း၊ သိန်းလင်းစိုး၊ ရဲထွဋ်မင်းခေါင်၊ မေဂရေစ့်၊ နှင်း၊ လွန်းခြယ်၊ ပန်းဝတ်မှုံနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြပြီး M Entertainment Channel နှင့် M Entertainment YouTube Channel တို့တွင် နိုဝင်ဘာ ၈ ရက်မှ စတင်ကာ အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့ ည ၇ နာရီတွင် ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း၊ Bebee TV Application တွင်လည်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို ကလေးဝတောရစာသင်တိုက်၌ နိုဝင်ဘာ ၄ ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကလေးဝတောရစာသင်တိုက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၄ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကလေးဝတောရစာသင်တိုက်၌ နိုဝင်ဘာ ၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ကထိန်အလှူတော်အတွက် ပဒေသာပင်ပစ္စည်းများကို နိုဝင်ဘာ ၃ ရက် ညနေ ၃ နာရီတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ် ခင်းနေကျဖြစ်တဲ့ စုပေါင်းမဟာဘုံကထိန် ဒီနှစ်ခင်းဖြစ်ပါတယ်။ ကလေးဝတောရစာသင်တိုက်မှာ နိုဝင်ဘာ ၄ ရက်မှာ ကထိန်အလှူလုပ်မှာဖြစ်ပါတယ်။ အနုပညာရှင်တွေလှူဒါန်းထားတဲ့ လှူဖွယ်ပစ္စည်းအစုစုနဲ့ ပဒေသာပင်တွေ သီနေပါတယ်။ ပဒေသာပင်တွေကို နိုဝင်ဘာ ၃ ရက်မှာ ကလေးဝတောရစာသင်တိုက်ကို ပို့မှာဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

အဆိုပါ စုပေါင်းမဟာဘုံကထိန်ပွဲတော်အတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ရုပ်ရှင်အနုပညာရှင်များ၊ စေတနာရှင်များက လာရောက်လှူဒါန်းလျက်ရှိပြီး အသင်းနာယကကြီး သရုပ်ဆောင် မြင့်မြင့်ခင်၊ အသင်းဥက္ကဋ္ဌ ဒါရိုက်တာ ကြည်စိုးထွန်း၊ အသင်း အလုပ်အမှုဆောင် ရန်အောင်တို့က လှူဖွယ်ပစ္စည်းအစုစုတို့ကို လက်ခံပေးလျက်ရှိကြောင်း သိရသည်။

ASH

# Miami Vice ဇာတ်ကား၌ မင်းသား မိုက်ကယ်ဘီဂျော်ဒန် ပါဝင်ဖွယ်ရှိ

**နယူးယောက် အောက်တိုဘာ ၂၇**

ယူနီဗာဆယ်ကုမ္ပဏီ၏ Miami Vice အမည်ရှိ ရုပ်ရှင်ဇာတ်ကားတွင် မင်းသား မိုက်ကယ်ဘီဂျော်ဒန် ပါဝင်ဖွယ်ရှိကြောင်း အောက်တိုဘာ ၂၆ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

လက်ရှိအချိန်တွင် Miami Vice ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် မိုက်ကယ်ဘီဂျော်ဒန်နှင့် ယူနီဗာဆယ်ကုမ္ပဏီတို့ကြား ဆွေးနွေးနေကြောင်း သိရသည်။

Miami Vice ဇာတ်ကားသည် အင်န်ဘီစီရုပ်သံလိုင်း၏ စုံထောက်ရုပ်သံဇာတ်လမ်းတွဲများကို အခြေခံရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

Miami Vice ဇာတ်ကားကို ဒါရိုက်တာ ဂျိုးဆက်ကိုစင်စကီးက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အားရစ်ဝါရန်ဆင်းဂါးနှင့်ဒန်ဂျီရှိုင်းတို့က ပူးတွဲရေးသားထားသည်။

Miami Vice ဇာတ်ကားကို ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်ရိုက်ကူးရန် ယူနီဗာဆယ်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# Ebenezer:A Christmas Carolဇာတ်ကား၌ မင်းသားဂျွန်နီဒပ် ပါဝင်သရုပ်ဆောင်မည်ဖြစ်

**နယူးယောက် အောက်တိုဘာ ၂၇**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ Ebenezer : A Christmas Carol ဇာတ်ကားသစ်၌ မင်းသား ဂျွန်နီဒပ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၂၆ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

Ebenezer : A Christmas Carol ဇာတ်ကားကို ဒါရိုက်တာ တိုင်ဝက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Ebenezer : A Christmas Carol ဇာတ်ကားသည် အင်္ဂလိပ်စာရေးဆရာကြီး ချားဒစ်ကန်၏ A Christmas Carol ဝတ္ထုကို မှီငြမ်းရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါ Ebenezer : A Christmas Carol ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ နေသန်နီရယ်ဟယ်ပင်က တာဝန်ယူ ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

Ebenezer : A Christmas Carol ဇာတ်ကားအတွက် ထုတ်လုပ်သူအဖြစ် အမ်မာဝပ်က တာဝန်ယူထားသည်။

အဆိုပါဇာတ်ကားကို ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် ရုံတင်ပြသရန် Paramount ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing delivers speech at the ceremony to release the Union report on population and household census 2024



Senior General Min Aung Hlaing delivers a speech at the ceremony to release the Union report on population and household census 2024.

**Nay Pyi Taw October 27**

A ceremony to release the Union report on population and household census 2024 was held at the Myanmar International Convention Centre 1 (MICC I) in Nay Pyi Taw this morning, with an address by Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing.

Also, present at the ceremony were Commission Vice-Chairman Vice-Senior General Soe Win, Commission member and Prime Minister U Nyo Saw, Commission Secretary and Joint Executive Chief General Ye Win Oo, commission members, Union ministers, Union-level dignitaries, the Nay Pyi Taw Council Chairman, region and state chief ministers, senior military officers from the Office of the Commander-in-Chief, deputy ministers, officials from the foreign embassies and international organizations, chairmen and officials from the political parties and associations, State service personnel who participated in the enumeration of the 2024 population and household census process, departmental personnel, guests, students and officials.

The choral dance troupes from the Fine Arts Department under the Ministry of Religious Affairs and Culture performed the song entitled "Enumerating the census while serving the State interests".

Speaking on the occasion, the Senior General said that the release of the 2024 Union Report on Population and Housing Census today marks a meaningful and significant day for the nation, as it provides valuable statistical data and information for the country. The report presents the current demographic changes in the nation, including the population distribution between urban and rural areas, the educational attainment of citizens, the condition and composition of the labour force and employment, migration patterns, and lifestyles that reflect the daily lives of the people of Myanmar and shed light on the country's future. The statistical data contained in this report reflect the present situation of the nation and serve as a mirror that indicates what conditions may arise in the future, making it a vital reflection of the state of the country.

Reviewing the history of Myanmar's population census reveals that before independence, eight censuses were conducted between 1872 and 1941. After gaining independence, national population censuses were carried out in 1973, 1983, and 2014, and with the current 2024 census, a total of four national censuses have been conducted since independence. It can be said that a country without reliable data is like a ship sailing without a magnetic compass. Therefore, a census can be regarded as the magnetic compass that guides a nation along its path of development. Moreover, the census serves as one of the fundamental pillars for the administration and development of a country. For planners and policymakers, census data are essential to effectively implement programmes such as improving educational prospects, enhancing healthcare services, creating employment opportunities, and expanding social welfare activities. Hence, census information can be described as the lifeblood of a nation that values reliability and sound planning.

The population census is an extensive and large-scale operation that not only involves massive workloads but also requires substantial financial resources. However, obtaining accurate and reliable demographic data is essential for assessing the nation's current situation and planning its future development. According to the recommendations of the United Nations and in line with international practices, it is necessary to conduct a population census every ten years. Therefore, despite various difficulties and challenges, efforts were made to ensure that the census was conducted without fail.

After the population census was conducted in October 2024, a preliminary population report was released on 31 December 2024, to provide basic data that could be immediately utilized for national planning purposes. Today, the Union Report — the main census report containing analyzed data and statistical indicators — along with a summary report and data tables designed for easy reference by users, will be officially released. These reports include information on population characteristics, migration, education, the labour force, disability, housing conditions, as well as births and deaths. The findings are expected to bring many benefits to the country and will also serve as valuable data for national security, rule of law, and poverty reduction programmes.

Furthermore, the population figures from the current census are also contributing to ensuring the completeness and accuracy of the voter lists, which form the essential foundation for the successful holding of the upcoming multiparty democratic general election to be held on 28 December. By identifying the population according to educational attainment, occupation, and living conditions through the census, the data will provide a basis for formulating and implementing relevant policies and programmes. It will also help in planning and developing the required labour force through appropriate training. In addition, the census data will serve as a fundamental reference for estimating annual enrolment projections for universities and vocational institutions based on labour demands from public, private, and local and foreign investment enterprises. It will also enable the planning and organization of necessary skill enhancement and capacity-building training programmes for workers who need to improve or upgrade their professional competencies in the current job market.

Furthermore, by connecting data on education and the labor force, and subsequently expanding the opening of vocational training schools, they can both cultivate a skilled labor force and create employment opportunities. Similarly, this approach will provide necessary data for carrying out matters related to social security, elderly care, and the registration and support of people with disabilities.



Senior General Min Aung Hlaing visits an exhibition booth marking the release of population and household census 2024.

He stated that the completeness of a nation's demographic statistics indirectly indicates its development,

*See Page 13*

# KIA terrorist insurgents and PDF terrorist insurgents, subordinate of NUG, burned down departmental buildings, public homes in Banmauk



A photo record of KIA terrorists and NUG-sponsored so-called PDF terrorists burning and destroying departmental buildings and homes of civilians in Banmauk town.

**Nay Pyi Taw October 27**

Beginning early November 2023, KIA terrorist insurgents and PDF terrorist insurgents, subordinate of NUG, were launching surprise attacks on units/posts of the Tatmadaw that were shouldering security duties, taking positions in some towns and villages including Htigyaint, Kawlin, Pinlebu towns and Marathein village, and committing terrorist acts using schools, village monasteries and pagodas as their base. Moreover, they were also abducting and killing locals for no reason, collecting extortion money and blowing up public roads and bridges to out fear in the minds of locals. In this regard, Tatmadaw columns had to launch counterterrorism operations and conducted security duties.

In addition, KIA terrorist insurgents and PDF terrorist insurgents, subordinate of NUG, attacked members of the town security force in Banmauk on 20 September 2025. As the terrorist insurgents were committing terrorist acts in various forms including abduction of the locals who did not support them and forced recruitments, Tatmadaw columns were making attempts to retake Banmauk, under the brief control of terrorist insurgents, and taking other necessary measures for restoring security and territorial domination.

The Tatmadaw columns were systematically conducting area security activities to retake Banmauk with the participation of local people, and when they reached the place about 2000 meters west and northwest of Banmauk they saw KIA terrorist insurgents and PDF terrorist insurgents, subordinate of NUG, burning down public homes, departmental buildings

In order to extinguish the burning buildings in Bamauk at the earliest time, to prevent the fire from spreading to other buildings and to stop terrorist acts, Tatmadaw columns were exerting best efforts to totally wipe out the terrorist insurgents they were encountering at the earliest time. 100

*From Page 12*

the quality of its governance, and its political stability, and that the census provides the essential data needed as a foundation for the proportionate development of the country's social, economic, and administrative sectors. Furthermore, he emphasized that only the census can supply data down to the smallest administrative area.

He stated that the findings of the census simultaneously indicate the nation's opportunities and the responsibilities that must be addressed, noting that despite Myanmar's geopolitical importance, its population density is significantly lower than that of neighboring countries. The 2024 census data revealed that the nation's population has slightly decreased for the first time in decades. He regarded this as both a challenge and an opportunity, attributing the change to a declining birth rate, increased migration, and evolving family structures.

He remarked that international migration is contingent upon the country's socio-economic conditions, political stability, domestic job opportunities, and the economic development of neighboring countries, necessitating the formulation and implementation of plans to manage it with a focus on long-term national development. Although emigration among Myanmar's youth is high, he stated that the past high birth rate has resulted in a continued large number of working-age young people, indicating that the country is still experiencing a "Demographic Bonus." Therefore, he stressed the importance of managing these young people to ensure they are effectively and beneficially engaged in national development efforts before the period of the demographic bonus ends.

In most countries in the world, youths are cultivated and when opportunities and hopes are created for them, it can be seen that they have become a driving force for the development of the country. By investing in youths, the country will be able to grasp the benefits of the future population reward. If they are neglected, stability will decrease with the demographic burden and in the worst-case scenario, this may lead to the demographic disaster.

Therefore, population policies that are aligned with the country must be adopted and measures must be taken by taking a future generation into consideration so that the country has an appropriate population that is suitable for land resources, water resources and natural resources. It is impossible to get clean water immediately after you have dug a well.

As the population and household census 2024 was successfully conducted by relying on domestic forces without any foreign assistance, it is an achievement of a national process that the country can be proud of. Today's ceremony to release the union population census report amounts to an achievement and a historical landmark in the world, which is made possible through the concerted efforts of citizens.

As I said before, it is important to use the population census report 2024 beneficially as a roadmap for the development of the country. Efforts must be made for the socioeconomic development by analyzing the data in the report. In doing so, everyone is urged to create opportunities and hopes by taking measures for higher qualifications of youths, to conduct strong occupational trainings by adjusting education and labour market demands, to try to prepare our workforces for the technology-driven future, to help establish social protection systems for the elderly, the disable and vulnerable groups, to manage migration beneficially by creating sustainable high-quality jobs in the country, to administer the beneficial utilization of land, water and natural resources in line with the demographic composition of the country and to enhance education standards by regarding all children in classrooms of today as intellectuals and intelligentsia who will shoulder and shape the future of the country.

In conclusion, the Senior General announced that the population and household census 2024 was proudly released to enable policy makers and planners can use the census results beneficially.

Then, Chairman of the census commission Union Minister for Immigration and Population U Myint Kyaing made a brief reports on results of the population census and a documentary video depicting the process of conducting a population census titled "2024 Population Census that Reflects the Image of Myanmar," was screened.

Afterward, Myawady Band and dance troupes under the command of the Directorate of Public Relations and Psychological Warfare entertained the participants with a song titled "Moving Forward to Achieve Our Goals in the Interests of the Country," while dance troupes from Myanmar Radio and Television of the Ministry of Information and Fine Arts Department of the Ministry of Religious Affairs and Culture performed "Let Us Enjoy Peace, Golden Land Myanmar" song and "Auspicious Victory" song respectively.

Then, the Senior General posed for documentary photographs together with attendees.

Afterward, the Senior General and attendees observed the exhibits displayed in exhibition booths marking the release of the Population and Household Census 2024 report attentively. 100

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယက ရုရှားထံမှ S-400 ဒုံးကျည်များဝယ်ယူရန် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန်စီစဉ်နေ



အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံထံမှ S-400 ဒုံးကျည်များဝယ်ယူရန် အမေရိကန်ဒေါ်လာ ၁.၂ ဘီလီယံတန်ဖိုးရှိသော သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန် စီစဉ်နေကြောင်း အိန္ဒိယသတင်း အေဂျင်စီက အောက်တိုဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

၎င်းစာချုပ်သည် လာမည့်လေးလပတ်အတွင်း အပြီးသတ်ရန် မျှော်မှန်းထားရှိပြီး မကြာသေးမီက နယ်စပ်ကာကွယ်ရေးစစ်ဆင်ရေးဖြစ်သော Operation Sindoor တွင် S-400 ဒုံးကျည်၏ စွမ်းဆောင်ရည်ကို အိန္ဒိယစစ်ဘက်ခေါင်းဆောင်များက ချီးကျူးခဲ့ပြီးနောက် ယခုကဲ့သို့ ဝယ်ယူမှုပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ အဆိုပါဝယ်ယူမှုကို ကမ္ဘာလုံးဆိုင်ရာ အရေးယူပိတ်ဆို့မှုများရှိနေသော်လည်း ရုရှားနိုင်ငံ၏ ဒုံးကျည်နည်းပညာအပေါ်အိန္ဒိယနိုင်ငံ၏ ဆက်လက်အားထားမှုကို ပြသနေခြင်းဖြစ်ကြောင်း ကာကွယ်ရေးလေ့လာသူများက ပြောကြားခဲ့သည်။

S-400 ဒုံးကျည်သည် အိန္ဒိယနိုင်ငံ၏ အဆင့်အမြင့်ဆုံး တာဝေးပစ်လေကြောင်းကာကွယ်ရေး စနစ်ဖြစ်ပြီး လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များနှင့် ပဲ့ထိန်းဒုံးကျည်များကို အကွာအဝေးကီလိုမီတာ ၄၀၀ မှ တိုက်ခိုက်နိုင်သည်။ အိန္ဒိယစစ်ဘက်ခေါင်းဆောင်များက ကြိုတင်ကာကွယ် ထိန်းချုပ်ရေးစစ်ရေးလေ့ကျင့်မှုဟုဖော်ပြသည့်အတိုင်း အိန္ဒိယနိုင်ငံသည် ရှေ့တန်းစစ်မြေပြင်များတွင် ၎င်းတို့၏ S-400 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်တပ်ဖွဲ့များကို ဖွဲ့စည်းခဲ့ပြီး ကျူးကျော်ဝင်ရောက်လာမှုများကို လက်တွေ့ကြားဖြတ် တိုက်ခိုက်နိုင်ခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုတွင် JF-17B လေယာဉ်နှင့်တာလတ်ပျံ ဒရုန်းနှစ်စင်း အပါအဝင် ဝေဟင်ပစ်မှတ်အနည်းဆုံး သုံးခုကို ပစ်ချခဲ့ကြောင်းသိရှိရသည်။

၎င်းဝယ်ယူမှုတွင S-400 လောင်ချာစနစ်သစ်များမပါရှိဘဲ တာဝေးပစ်ဒုံးကျည်များနှင့်တာလတ်ပစ် ဒုံးကျည်အမျိုးအစားများစွာပါဝင်ပြီး လက်ကျန်ဒုံးကျည်များကို ပြန်လည်ဖြည့်တင်းခြင်းနှင့် တိုးချဲ့ခြင်းအပေါ် အဓိကထားလုပ်ဆောင်ခြင်းဖြစ်သည်။ အဆိုပါ ဒုံးကျည်များသည် ပါကစ္စတန်နှင့် တရုတ်နှစ်နိုင်ငံလုံးကို ရင်ဆိုင်နေရသည့် နယ်စပ်ဒေသအရေးကြီးနေရာများတွင် ဖြန့်ကြက်ချထားပြီးဖြစ်သည့် S-400 ဒုံးကျည်များ၏ အသင့်အနေအထားဖြစ်မှုကို အဆင့်မြှင့်တင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

The Times of India သတင်းဌာန၏ ထုတ်ပြန်ချက်အရ ရုရှားနိုင်ငံသည် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီနှင့် စက်တင်ဘာလတို့တွင် စတုတ္ထနှင့်ပဉ္စမမြောက် S-400 ဒုံးကျည်စနစ်ခွဲများကို ပေးပို့ရန်ကတိပြုထားရှိပြီး မူလစာချုပ်၏အပြီးသတ်ပေးပို့မှုကို ၂၀၂၆ ခုနှစ်ကုန်ပိုင်းတွင် အပြီးသတ်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ရုရှားနိုင်ငံ၏ Almaz-Antey ကုမ္ပဏီမှ တီထွင်ထုတ်လုပ်ထားသည့် S-400 ဒုံးကျည်သည် လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များ၊ ဒရုန်းများနှင့်ပဲ့ထိန်းဒုံးကျည်များ အပါအဝင် ဝေဟင်ခြိမ်းခြောက်မှုများကို ထောက်လှမ်းရန်၊ ခြေရာခံရန်နှင့်ဖျက်ဆီးရန် ဒီဇိုင်းထုတ်လုပ်ထားသော တာဝေးပစ်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်ဖြစ်သည်။ ၎င်းစနစ်သည် ယနေ့ခေတ်စစ်ဆင်ရေးသုံးစနစ်များအနက် အဆင့်အမြင့်ဆုံး လေကြောင်းရန်ကာကွယ်ရေးစနစ်များထဲမှ တစ်ခုဖြစ်သည်။ S-400 ဒုံးကျည်သည် အမျိုးအစားများစွာကို ပေါင်းစပ်အသုံးပြု၍ အကွာအဝေး ကီလိုမီတာ ၄၀၀ နှင့် အမြင့် ကီလိုမီတာ ၃၀ အတွင်းရှိ ပစ်မှတ်များကို တိုက်ခိုက်နိုင်သည်။ ၎င်း၏ ရေဒါစနစ်သည် ပစ်မှတ် ၃၀၀ ထိ တစ်ပြိုင်နက်တည်းခြေရာခံနိုင်ပြီး မဟာဗျူဟာမြောက် နေရာများတွင် အလွှာလိုက်လေကြောင်း ရန်ကာကွယ်ရေးကို ပံ့ပိုးပေးနိုင်သည်။

အမေရိကန်ဒေါ်လာ ၁.၂ဘီလီယံတန် စာချုပ်တွင် ကြားဖြတ်ဒုံးကျည်များအပြင် အပိုပစ္စည်းများ၊ အီလက်ထရွန်နစ်အစိတ်အပိုင်းများ၊ ပြုပြင်ထိန်းသိမ်းရေးပစ္စည်းများနှင့်အဆင့်မြှင့်တင်ထားသော ပစ်မှတ်ပေါင်းများစွာ ခြေရာခံခြင်းစနစ်အတွက် ကွပ်ကဲမှုနှင့်ထိန်းချုပ်ရေးစနစ်များ ပါဝင်နိုင်ဖွယ်ရှိကြောင်း အိန္ဒိယသတင်းရင်းမြစ်များအရ သိရှိရသည်။

ဒုံးကျည်ဝယ်ယူမှုအပြင် ၎င်းသဘောတူညီချက်တွင် ရုရှားကာကွယ်ရေး လုပ်ငန်းများအထူးသဖြင့် S-400 ဒုံးကျည်စနစ်ကို အဓိကထုတ်လုပ်သည့် Almaz-Antey ကုမ္ပဏီတို့နှင့်ပိုမိုနက်ရှိုင်းသော စက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများ ပါဝင်နိုင်ကြောင်း သိရသည်။

**India to Sign $1.2B Deal with Russia for More S-400 Missiles After Air Defense Success** ကို ဘာသာပြန်ဆိုတင်ပြထားခြင်းဖြစ်ပါသည်။

## ဒရုန်းစနစ်များနှင့်ဆက်စပ်နည်းပညာများပူးတွဲဝယ်ယူရန် ဖင်လန်၊ ဆွီဒင်၊ နော်ဝေ၊ ဒိန်းမတ်နိုင်ငံတို့ သဘောတူစာချုပ်ချုပ်ဆိုခဲ့

မြောက်ဥရောပနိုင်ငံများဖြစ်သော ဖင်လန်၊ ဆွီဒင်၊ နော်ဝေနှင့် ဒိန်းမတ်နိုင်ငံတို့သည် ဒရုန်းစနစ်များနှင့် ဆက်စပ်နည်းပညာများကို ပူးတွဲဝယ်ယူရန် သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြောင်း ယခုနှစ် အောက်တိုဘာ ၂၃ ရက် Defense Post သတင်းဌာန၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

အဆိုပါသဘောတူစာချုပ်ကို ဖင်လန်နိုင်ငံမြို့တော် ဟယ်လ်စင်ကီမြို့တွင် လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ကြောင်း ဖင်လန် ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။ ပူးတွဲဝယ်ယူရေးအစီအစဉ်၏ ရည်ရွယ်ချက်မှာ စက်မှုထုတ်လုပ်ရေးကို ပိုမိုမြှင့်တင်ရန် ဖြစ်ပြီး ဝယ်ယူရန်ပါဝင်သည့် နိုင်ငံများအတွက် စုစုပေါင်းဝယ်ယူစရိတ်များကို လျှော့ချနိုင်မည်ဟု မျှော်လင့်ရသည်။ ဒရုန်းနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကို အဆင့်မြှင့်တင်ခြင်းဖြင့် မြောက်ဥရောပဒေသရှိ နိုင်ငံပေါင်းစုံစစ်ဆင်ရေးများကို ၎င်းတို့က လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း ဖင်လန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အမှန်တကယ် ဝယ်ယူမှုများအပြင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လေ့ကျင့်ရေးနှင့် သတင်းအချက်အလက်ဖလှယ်ခြင်းစသည့် နယ်ပယ်များတွင်လည်း ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်သွားမည်ဖြစ်သည်။

သီးခြားအစီအစဉ် တစ်ခုအနေဖြင့် မြောက်ဥရောပနိုင်ငံများဖြစ်သော ဖင်လန်၊ ဆွီဒင်၊ နော်ဝေနှင့် ဒိန်းမတ်နိုင်ငံတို့သည် နေတိုးထောက်ပံ့ရေးနှင့် ဝယ်ယူရေး အေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်မှုမှ တစ်ဆင့်လည်းကောင်း၊ ဒိန်းမတ်ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ မူဘောင်သဘောတူညီချက်များမှ တစ်ဆင့်လည်းကောင်း မိုက်ခရိုဒရုန်းများကို ဝယ်ယူလျက်ရှိသည်။

အဆိုပါဒရုန်းစနစ်များ ပူးတွဲဝယ်ယူခြင်းသည်ကာကွယ်ရေးကို ခိုင်မာစေမည့်အပြင် စက်မှုလုပ်ငန်းနှင့် သိပ္ပံနည်းကျသုတေသနလုပ်ငန်းများအတွက် အခွင့်အလမ်းသစ်များကို ဖန်တီးပေးရန် ရည်ရွယ်သည်။ ယခုအစီအစဉ်သည် ဆွီဒင်၊ ဒိန်းမတ်နှင့် နော်ဝေအပါအဝင် ဥရောပနိုင်ငံများစွာ၏ လေပိုင်နက်ထဲသို့ ရုရှားဒရုန်းဟု သံသယရှိသော ဒရုန်းများ ဝင်ရောက်မှုဖြစ်ပွားပြီးနောက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။



အဆိုပါ မြောက်ဥရောပနိုင်ငံများတွင် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ မြင့်တက်လာခြင်းကြောင့် ကာကွယ်ရေးပြင်ဆင်မှုများ ပိုမိုခိုင်မာစေရန် ရုရှားနှင့် နယ်နိမိတ်တစ်လျှောက်တွင် ဆွီဒင်နှင့် ဖင်လန်နိုင်ငံတို့က ပူးပေါင်းတပ်မဟာ တစ်ခုဖွဲ့စည်းခြင်းကဲ့သို့သော အစီအမံများကို လုပ်ဆောင်ရန် လှုံ့ဆော်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**Nordic Countries Announce Joint Drone Procurement Initiative** ကို ဘာသာပြန်ဆိုတင်ပြထားခြင်းဖြစ်ပါသည်။

**မင်းမျိုး**

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ဧက ၁၁၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ အောက်တိုဘာ ၂၇**


စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာဧက ၁၁၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ် ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၂၉၄၅ ကေထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောနေကြာစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၁၁၀၀ ထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပြီး တစ်ဧကလျှင် ၂၂ ဒသမ ၄၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် အရာတော်မြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၂၉၄၅ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နေကြာခင်းတွေ အခုလက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၁၁၀၀ ကျော်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ပေးတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင်နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။ (၂၀၆)



# တောင်သာမြို့နယ် မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**တောင်သာ အောက်တိုဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းကန်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၂၆ ရက်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက် လူနေမှုအဆင့်အတန်း ကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ချေးပေးရခြင်းဖြစ်ပြီး အသင်းသား၊ အသင်းသူများအနေဖြင့် စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေ လေလွင့်မှုမရှိစေရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံက မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၃၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံက မြစိမ်းရောင်ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မင်းကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၆၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၆၉ သိန်း၊ အရောင်း အဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၆၁ သိန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦးကို ငွေကျပ် ၃၄၂ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၁၂၀ ကို ငွေကျပ် ၅၃၆ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**ချစ်ဦးကို**

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးသလဲထိုး ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးသလဲထိုး ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ် ငါးမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးသလဲထိုးပိဿာချိန် ၅၅၀၀၀ ထိသာရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးသလဲထိုးပိဿာချိန် ၇၂၀၀၀ ထိတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးသလဲထိုး တစ်ပိဿာလျှင်ငွေကျပ် ၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်းသိရသည်။

"ပြီးခဲ့တဲ့ တစ်လထဲမှာ အိမ်မဲမြို့နယ်ကနေ ငါးသလဲထိုးတွေအပါအဝင် အခြားရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ထဲကို ပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ပါတယ်။ ရေထွက်ကုန်တွေထဲက ငါးသလဲထိုးပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကိုပဲ ရေထွက်ကုန်တွေကို အဓိကတင်ပို့ရောင်းချနေတာပါ။ ဒေသထွက်ရေထွက်ကုန်တွေထဲက ငါးသလဲထိုးကို လက်ရှိလဲ ရန်ကုန်ဈေးကွက်က မှာယူနေပါတယ်။ ကုန်ချိန်အများအပြား တင်ပို့ရတော့ ရေလုပ်သားတွေအပါအဝင် ငါးမွေးမြူရေးလုပ်ငန်းရှင်တွေ လုပ်ငန်းအဆင်ပြေနေပါတယ်"ဟု အိမ်မဲမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြသည်။



အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးများ အပါအဝင် ရေထွက်ကုန်များတင်ပို့အားကောင်းလာသည့်အတွက် ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများအလုပ်အကိုင်အခွင့်အလမ်း ရရှိအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တောင်ငူမြို့နယ် ဖိုးနီဆိပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ငူ အောက်တိုဘာ ၂၇**


ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကင်းဆိပ်ကျေးရွာအုပ်စု ဖိုးနီဆိပ်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၂၆ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ငူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် ဝန်ထမ်းများက ဖိုးနီဆိပ်ကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းမှ ရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၇၆၅ သိန်းကို ဖိုးနီဆိပ်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဖိုးနီဆိပ်ကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးထံ နဝမအကြိမ်မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၇၆၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယိမ်းအဖွဲ့များ၏ "နိုင်ငံ့အကျိုးသယ်ပိုးဆောင်ကြဉ်း၊ သန်းခေါင်စာရင်း"သီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

ရှေ့ဖုံးမှအဆက်

ကောက်ယူရေးလုပ်ငန်းစဉ်များတွင် ပါဝင်အားဖြည့်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယိမ်းအဖွဲ့များက "နိုင်ငံ့အကျိုးသယ်ပိုးဆောင်ကြဉ်း၊ သန်းခေါင်စာရင်း"သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်မှုသည် နိုင်ငံတော်အတွက် အဖိုးတန်သည့် စာရင်းအင်း၊ ကိန်းဂဏန်းအချက်အလက်များဖြစ်သောကြောင့် ပိုမိုလေးနက်ပြီး အဓိပ္ပာယ်ရှိသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာသည် နိုင်ငံ၏လက်ရှိဖြစ်ပေါ်နေသည့် လူဦးရေပြောင်းလဲလာမှုနှင့် မြို့ပြ၊ ကျေးလက်အလိုက် လူဦးရေအခြေအနေ၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရေးအဆင့်အတန်း၊ လုပ်သားအင်အား အခြေအနေနှင့် အလုပ်လုပ်ကိုင်မှု၊ ရွှေ့ပြောင်းသွားလာမှုနှင့် ၎င်းတို့၏ နေထိုင်မှုပုံစံ စသည့်အခြေအနေများနှင့် မိမိတို့မြန်မာနိုင်ငံ၏ အနာဂတ်ကို မီးမောင်းထိုးပြနေသည့် နေ့စဉ်လူနေမှုဘဝပုံစံများကို ထုတ်ဖော်ပြသခြင်းပင်ဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာပါ ကိန်းဂဏန်းအချက်အလက်များသည် ယနေ့ မိမိတို့မည်သို့အခြေအနေ ရှိသည်ဆိုသည်ကို ထင်ဟပ်ပြသနေပြီး မနက်ဖြန်တွင် မည်သည့်အခြေအနေ ဖြစ်လာနိုင်မည်ဆိုသည်ကို ညွှန်ပြနေသည့် နိုင်ငံတော်၏ ကြေးမုံပြင်တစ်ချပ်ဟု ပြောရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူမှုသမိုင်းကြောင်းကို ပြန်လည်လေ့လာသုံးသပ်ကြည့်မည် ဆိုပါက လွတ်လပ်ရေးမရမီ ၁၈၇၂ ခုနှစ်မှ ၁၉၄၁ ခုနှစ်အတွင်း သန်းခေါင်စာရင်း ရှစ်ကြိမ်ကောက်ယူခဲ့သည်ကို တွေ့ရှိရကြောင်း၊ လွတ်လပ်ရေးရပြီးနောက် လူဦးရေသန်းခေါင်စာရင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်တို့တွင် ကောက်ယူခဲ့ပြီး ယခု ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းနှင့်ဆိုပါက လေးကြိမ် ကောက်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယုံကြည်အားထားရသော အချက်အလက်မရှိသည့်နိုင်ငံသည် သံလိုက်အိမ်မြှောင်မပါဘဲ သင်္ဘောကို ထိန်းကျောင်းမောင်းနှင်နေခြင်းနှင့် တူနေသည်ဟုဆိုကြကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းက မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးမှုလမ်းကြောင်းကို ပြသနေသည့် သံလိုက်အိမ်မြှောင်ဟု တင်စားလိုကြောင်း၊ ထို့ပြင် **သန်းခေါင်စာရင်းဆိုသည်မှာ နိုင်ငံ၏အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အခြေခံအုတ်မြစ် တစ်ခုလည်းဖြစ်ကြောင်း၊ စီမံကိန်းရေးဆွဲသူများ၊ မူဝါဒချမှတ်သူများအနေဖြင့် ပိုမိုကောင်းမွန်သည့် ပညာရေးမျှော်မှန်းချက်များဖော်ဆောင်ရန်၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများမြှင့်တင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊လူမှုကူညီစောင့်ရှောက်ရေးလုပ်ငန်းများ ချဲ့ထွင်ရန် စသည့်လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် သန်းခေါင်စာရင်း အချက်အလက်များသည် ယုံကြည်အားထားရသည့် နိုင်ငံ၏အသက်သွေးကြောဟု ဆိုနိုင်**ကြောင်း။

**သန်းခေါင်စာရင်းဆိုသည်မှာ နိုင်ငံ၏အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အခြေခံအုတ်မြစ်တစ်ခုလည်းဖြစ်၊ စီမံကိန်းရေးဆွဲသူများ၊ မူဝါဒချမှတ်သူများအနေဖြင့် ပိုမိုကောင်းမွန်သည့် ပညာရေးမျှော်မှန်းချက်များဖော်ဆောင်ရန်၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများမြှင့်တင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊ လူမှုကူညီစောင့်ရှောက်ရေးလုပ်ငန်းများချဲ့ထွင်ရန် စသည့်လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် သန်းခေါင်စာရင်းအချက်အလက်များသည် ယုံကြည်အားထားရသည့် နိုင်ငံ၏အသက်သွေးကြောဟု ဆိုနိုင် . . .**

သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် အလွန်ကျယ်ပြန့်ပြီးလုပ်ငန်း ပမာဏကြီးမားရုံသာမက ငွေကြေးကုန်ကျမှုလည်း များလွန်းသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊သို့သော်လည်း နိုင်ငံတော်၏ လက်ရှိအခြေအနေနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျမှန်ကန်သည့် လူဦးရေဆိုင်ရာ စာရင်းအင်းအချက်အလက်များ ရရှိရန် အရေးကြီးပြီး ကုလသမဂ္ဂ၏ အကြံပြုချက်အရ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့် အညီ သန်းခေါင်စာရင်းကို ၁၀ နှစ် တစ်ကြိမ် ကောက်ယူရန်လိုအပ်ကြောင်း၊ ထို့ကြောင့် အခက်အခဲများ၊ စိန်ခေါ်မှုများကြားထဲကပင် သန်းခေါင်စာရင်းကို မဖြစ်မနေကောက်ယူရန် တွန်းအားပေးဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်းတွင် သန်းခေါင်စာရင်း ကောက်ယူခဲ့ပြီးသည့်နောက် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်ပြီး အခြေခံအချက်အလက် အနေဖြင့် ချက်ချင်းအသုံးပြုနိုင်ရန် ရှေ့ပြေး လူဦးရေစာရင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင်ဦးစွာထုတ်ပြန်ကြေညာပေးခဲ့ပြီး ဖြစ်ကြောင်း၊ ယင်းသန်းခေါင်စာရင်း အချက်အလက်များကို ဆန်းစစ်လေ့လာ ထားသည့် ကိန်းဂဏန်းအချက်အလက်များ နှင့် အညွှန်းကိန်းများပါဝင်သော သန်းခေါင် စာရင်းပင်မ အစီရင်ခံစာဖြစ်သည့် ပြည်ထောင်စုအစီရင်ခံစာ၊ အသုံးပြုသူများ လွယ်လွယ်ကူကူ ထုတ်နုတ်အသုံးပြုနိုင်မည့် အနှစ်ချုပ်အစီရင်ခံစာနှင့် စာရင်းဇယားများကို ယနေ့ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာများတွင် လူဦးရေဆိုင်ရာ အချက်အလက်များ၊ ရွှေ့ပြောင်းသွားလာခြင်း၊ ပညာရေး၊ လုပ်သားအင်အား၊ မသန်စွမ်းမှု၊ အိမ်အကြောင်းအရာ၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြောင်းအရာစသည့် အခန်းကဏ္ဍများပါဝင်ပြီး မိမိတို့နိုင်ငံအတွက် အကျိုးဖြစ်ထွန်းမှုများစွာ ရရှိစေနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ဆင်းရဲမှုလျှော့ချရေး စသည့်လုပ်ငန်းစီမံကိန်းများအတွက်လည်း များစွာအသုံးဝင်မည်ဖြစ်ကြောင်း။

ထို့ပြင် လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေး ဆောင်ရွက်ရာတွင်လည်း ယခုသန်းခေါင်စာရင်း၏ လူဦးရေကိန်းဂဏန်းများက အထောက်အကူပြုလျက်ရှိကြောင်း၊ သန်းခေါင်စာရင်းက ဖော်ထုတ်ရရှိသည့် ပညာအရည်အချင်းအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက်၊ နေထိုင်မှုပုံစံအလိုက် လူဦးရေကို သိရှိခြင်းအားဖြင့် ယင်းတို့နှင့် ပတ်သက်ပြီး လိုအပ်သည့် အစီအမံများ ရေးဆွဲချမှတ်နိုင်ရန် အခြေခံအရင်းအမြစ်များကို ဖန်တီးပံ့ပိုးပေးနိုင်မည်ဖြစ်သကဲ့သို့ လိုအပ်သည့် လုပ်သားအင်အားကိုလည်း လေ့ကျင့်မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ လုပ်သားလိုအပ်ချက်များကိုအခြေခံပြီး နှစ်စဉ်တက္ကသိုလ်ဝင်ခွင့်နှင့် သက်မွေးပညာဆိုင်ရာ ကျောင်းဝင်ခွင့်များနှင့်ပတ်သက်သည့် လူဦးရေလျာထားတွက်ချက်ရာတွင်လည်း အခြေခံအချက်အလက်များ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုလုပ်ငန်းခွင်များတွင် ကျွမ်းကျင်မှုလိုအပ်သည့် သို့မဟုတ် အရည်အသွေးမြှင့်တင်လိုသည့် လုပ်သားများအတွက်လည်း စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို လိုအပ်သလို စီမံဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း။

ထို့ပြင် ပညာရေးနှင့် လုပ်သားအင်အားဆိုင်ရာ အချက်အလက်များကို ချိတ်ဆက်အသုံးပြုပြီး သက်မွေးပညာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းဖြင့် ကျွမ်းကျင်မှုရှိသည့် လုပ်သားအရင်းအမြစ်ကို ပျိုးထောင်ပေးနိုင်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ အလားတူ လူမှုဖူလုံရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ မသန်စွမ်းများမှတ်ပုံတင်ရေးနှင့် ထောက်ပံ့ပေးရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်း လိုအပ်သည့်အချက်အလက်များ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ လူဦးရေဆိုင်ရာ စာရင်းအင်းအချက်အလက် ပြည့်စုံမှုသည် ယင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ အုပ်ချုပ်မှုအရည်အသွေးနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့ကို သွယ်ဝိုက်ညွှန်းဆိုဖော်ပြနေသည်ဟု ဆိုနိုင်ကြောင်း၊**နိုင်ငံတစ်နိုင်ငံ၏လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ရေးအခြေခံ အသုံးပြုရန် လိုအပ်သည့်အချက်အလက်များကို သန်းခေါင်စာရင်းကနေရရှိနိုင်ခြင်း ဖြစ်**ကြောင်း၊ ထို့ပြင် အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များကို သန်းခေါင်စာရင်းများကသာ ပံ့ပိုးပေးနိုင်ခြင်းဖြစ်ကြောင်း။

သန်းခေါင်စာရင်း၏ ဖော်ပြချက်များသည် မိမိတို့နိုင်ငံ၏ အခွင့်အလမ်းများနှင့် အတူယှဉ်တွဲပြီး လုပ်ဆောင်ရမည့်တာဝန်များကိုလည်း တစ်ပါတည်းညွှန်းဆို ဖော်ပြလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ပထဝီနိုင်ငံရေးအရ အရေးပါသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း အိမ်နီးချင်းနိုင်ငံများထက် လူဦးရေသိပ်သည်းမှု သိသိသာသာနည်းပါးနေကြောင်း၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များအရ မိမိတို့နိုင်ငံ၏ လူဦးရေသည် ဆယ်စုနှစ်များအတွင်း ပထမဆုံးအကြိမ်အဖြစ် အနည်းငယ်လျော့ကျလာသည်ကို တွေ့ရှိရကြောင်း၊ ယင်းသည် မွေးဖွားနှုန်းကျဆင်းခြင်း၊ ရွှေ့ပြောင်းသွားလာမှု မြင့်မားလာခြင်းနှင့် မိသားစုပုံစံများ ပြောင်းလဲလာခြင်းတို့ကြောင့် စိန်ခေါ်မှုတစ်ခုဖြစ်သကဲ့သို့ အခွင့်အလမ်းတစ်ခုဟုလည်း မှတ်ယူနိုင်ကြောင်း။

ပြည်ပရွှေ့ပြောင်းခြင်းကလည်း မိမိတို့နိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေ၊ နိုင်ငံရေးတည်ငြိမ်မှု၊ ပြည်တွင်းတွင်ရှိသည့် အလုပ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်း အထိမ်းအမှတ်ပြခန်းအတွင်း ခင်းကျင်းပြသထားမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

အကိုင် အခွင့်အလမ်းများနှင့် အိမ်နီးချင်းနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုတို့အပေါ် တည်မှီနေခြင်းကြောင့် မိမိတို့နိုင်ငံအတွက် ရေရှည်ဖွံ့ဖြိုးမှုကို ဦးတည်ထိန်းညှိနိုင်မည့် စီမံချက်များ ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူငယ်များကြားတွင် ပြည်ပရွှေ့ပြောင်းသွားလာမှုများ မြင့်မားနေသော်လည်း တစ်ချိန်က မွေးနှုန်းမြင့်မားခဲ့သည့် အကျိုးဆက်ကြောင့် အလုပ်လုပ်နိုင်သည့် လူငယ်လူရွယ်ဦးရေသည်လည်း ယခုတွင် များပြားနေဆဲဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် Demographic Bonusဟုခေါ်သည့် လူဦးရေဆုလာဘ်ရရှိနေဆဲကာလဖြစ်ကြောင်း၊ ထို့ကြောင့် လူဦးရေဆုလာဘ်ရရှိနိုင်သည့် အချိန်ကာလမကုန်ဆုံးမီ ၎င်းလူငယ်လူရွယ်များကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် မှန်ကန်ထိရောက်စွာ အကျိုးရှိရှိဆောင်ရွက်နိုင်ရန် စီမံပေးရန် အရေးကြီးကြောင်း။

ကမ္ဘာ့နိုင်ငံ တော်တော်များများတွင် လူငယ်များကို မြေတောင်မြှောက်ပြုစုပျိုးထောင်ပေးပြီး အခွင့်အလမ်းများ၊ မျှော်လင့်ချက်များ ဖန်တီးပေးသည့်အခါတွင် ၎င်းတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ မောင်းနှင်အားများဖြစ်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယနေ့မိမိတို့လူငယ်များကို အကျိုးရှိရှိ ရင်းနှီးမြှုပ်နှံပေးခြင်းဖြင့် အနာဂတ်တွင် လူဦးရေဆုလာဘ်၏ ကောင်းကျိုးများကို ဖမ်းဆုပ်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ဘဲ လူငယ်များကိုလျစ်လျူရှုထားပါက Demographic Burden နှင့်အတူ တည်ငြိမ်အေးချမ်းမှု လျော့နည်းလာနိုင်သကဲ့သို့ အဆိုးဆုံးအခြေအနေအဖြစ် Demographic Disaster ဖြစ်သွားနိုင်ကြောင်း။

**နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအသုံးပြုရန် လိုအပ်သည့်အချက်အလက်များကို သန်းခေါင်စာရင်းကနေရရှိနိုင်ခြင်းဖြစ်၍ မိမိတို့နိုင်ငံတွင် မြေအရင်းအမြစ်၊ ရေအရင်းအမြစ်၊ သယံဇာတအရင်းအမြစ်များနှင့်လိုက်လျောညီထွေဖြစ်မည့် ရှိသင့်ရှိထိုက်သည့် လူဦးရေဖြစ်ပေါ်လာစေရန် မိမိနိုင်ငံနှင့် ကိုက်ညီသည့် လူဦးရေမူဝါဒများကို ရေးဆွဲချမှတ်ပြီး မျိုးဆက်တစ်ခုစာ ကြိုတင်မျှော်တွေးကာ ပြင်ဆင်ဆောင်ရွက်သွားရန်လို . . .**

**ယနေ့သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားသည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်သည့် စုပေါင်းအားဖြင့်ဆောင်ရွက်ခဲ့သည့် အောင်မြင်မှုအဖြစ် ကမ္ဘာ့အလယ်တွင် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခြင်းလည်းဖြစ် . . .**

ထို့ကြောင့် **မိမိတို့နိုင်ငံတွင် မြေအရင်းအမြစ်၊ ရေအရင်းအမြစ်၊ သယံဇာတအရင်းအမြစ်များနှင့် လိုက်လျောညီထွေဖြစ်မည့် ရှိသင့်ရှိထိုက်သည့် လူဦးရေဖြစ်ပေါ်လာစေရန် မိမိနိုင်ငံနှင့်ကိုက်ညီသည့် လူဦးရေမူဝါဒများကို ရေးဆွဲချမှတ်ပြီး မျိုးဆက်တစ်ခုစာ ကြိုတင်မြော်တွေးကာ ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊** ယခုရေတွင်းတူး ယခုရေကြည်သောက်ချင်၍ မရနိုင်ကြောင်း။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုကို ပြည်ပအကူအညီမပါဘဲ ပြည်တွင်းအားဖြင့် အောင်မြင်အောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အတွက် နိုင်ငံအတွက် ဂုဏ်ယူရမည့် အမျိုးသားရေးလုပ်ငန်းစဉ် အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း၊ **ယနေ့ သန်းခေါင်စာရင်း ပြည်ထောင်စု အစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားသည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်သည့် စုပေါင်းအားဖြင့်ဆောင်ရွက်ခဲ့သည့် အောင်မြင်မှုအဖြစ် ကမ္ဘာ့အလယ်တွင် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခြင်းလည်းဖြစ်ကြောင်း။**

မိမိရှေ့တွင်ဆိုခဲ့သည့်အတိုင်း ၂၀၂၄ သန်းခေါင်စာရင်း အစီရင်ခံစာသည် မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မူဝါဒချမှတ်နိုင်ရန် လမ်းပြမြေပုံတစ်ခုအဖြစ် အကျိုးရှိရှိ အသုံးပြုရန်အရေးကြီးကြောင်း၊ ယင်းကိန်းဂဏန်း အချက်အလက်များကို ဆန်းစစ်လေ့လာသုံးသပ်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဖော်ဆောင်ရာတွင် လူငယ်လူရွယ်များ အရည်အသွေးမြင့်မားရေးအတွက် စီမံဆောင်ရွက်ပေးပြီး အခွင့်အလမ်းများ၊ မျှော်လင့်ချက်များ ဖန်တီးပေးကြရန်၊ ပညာရေးကို လုပ်သားဈေးကွက် လိုအပ်ချက်များနှင့် ချိန်ညှိပေးပြီး ခိုင်မာသည့် အသက်မွေးဝမ်းကျောင်း သင်တန်းများ ထူထောင်ပေးကြရန်၊ နည်းပညာနှင့်မောင်းနှင်သည့် အနာဂတ်ဖြစ်စေရန် မိမိတို့၏ လုပ်သားအင်အားကို ပြင်ဆင်နိုင်အောင် ကြိုးစားကြရန်၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် ထိခိုက်လွယ်အုပ်စုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ တည်ထောင်ပေးကြရန်၊ နိုင်ငံတွင်း၌ ရေရှည်တည်တံ့ပြီး အရည်အသွေးရှိသည့် အလုပ်အကိုင်များ ဖန်တီးပေးခြင်းဖြင့် ရွှေ့ပြောင်းခြင်းကို အကျိုးရှိအောင် စီမံခန့်ခွဲပေးကြရန်၊ မိမိတို့နိုင်ငံ၏ လူဦးရေဖွဲ့စည်းမှုနှင့်အညီ မြေ၊ ရေနှင့် သဘာဝအရင်းအမြစ်များကို အကျိုးရှိရှိ မျှတစွာ အသုံးပြုနိုင်အောင် စီမံပေးကြရန်၊ ယနေ့ကျောင်းစာသင်ခန်းတွင် ရှိနေသည့် ကလေးတိုင်းသည် မြန်မာနိုင်ငံ၏ အနာဂတ်ကို ပခုံးပြောင်းပုံဖော်မည့် အသိပညာရှင်၊ အတတ်ပညာရှင်အဖြစ်မှတ်ယူပြီး ပညာရေးကို မြှင့်တင်ပေးကြရန် မှာကြားလိုကြောင်း။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းရလဒ်များကို မူဝါဒ၊ စီမံကိန်းများရေးဆွဲချမှတ်သူများ၊ အချက်အလက်အသုံးပြုသူများအားလုံး အကျိုးရှိရှိ အသုံးပြုနိုင်ရန် ယနေ့ထုတ်ပြန်ပါကြောင်းကို ဂုဏ်ယူဝမ်းမြောက်စွာ ကြေညာအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က သန်းခေါင်စာရင်းရလဒ်များကို အကျဉ်းချုပ်ရှင်းလင်းတင်ပြပြီး **“မြန်မာ့ပုံရိပ်ကို ထင်ဟပ်ဖော်ညွှန်းမည့် ၂၀၂၄ သန်းခေါင်စာရင်း”** အမည်ရသည့် သန်းခေါင်စာရင်းလုပ်ငန်း ဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ ယိမ်းအဖွဲ့များက “နိုင်ငံ့အကျိုး မျှော်ကိုးရည်ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ” သီချင်းဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ယိမ်းအဖွဲ့များက “ငြိမ်းချမ်းကြစို့ ရွှေပြည်မြန်မာ” သီချင်းဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယိမ်းအဖွဲ့များက “အောင်မြင်ခြင်း မင်္ဂလာ” သီချင်းဖြင့်လည်းကောင်း အသီးသီးသီဆို၊ ကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်း အထိမ်းအမှတ်ပြခန်းအတွင်း ခင်းကျင်းပြသထားမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

---


**❒ ဆိုင်ကလုန်းမုန်တိုင်း“မွန်ထာ”မှ**

အင်ဒရာပရာဒေ့ရှ်ကမ်းခြေကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “မွန်ထာ”၏ အရှိန်ကြောင့် ယနေ့ညနေမှ အောက်တိုဘာ ၂၈ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း “မွန်ထာ”၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**၂၇-၁၀-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၅:၃၀ နာရီအချိန် တိုင်းထွာချက်အရ ဆိုင်ကလုန်းမုန်တိုင်း “မွန်ထာ(MONTHA)” လမ်းကြောင်းပြမြေပုံ**



# ထိုင်းနိုင်ငံဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး ကံတော်ကုန်သွားခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း လက်မှတ်ရေးထိုး



ရန်ကုန် အောက်တိုဘာ ၂၇

ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Her Majesty Queen Sirikit သည် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ကံတော်ကုန်သွားခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရ ကိုယ်စား နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း သည် အမှတ် ၉၄ ပြည်လမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံရုံး၌ ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်လက်မှတ် ရေးထိုးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများကို သံရုံးဧည့်ခန်းမတွင် တွေ့ဆုံနှုတ်ဆက်၍ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏မယ်တော် မိဖုရားကြီး Her Majesty Queen Sirikit ကံတော်ကုန်သွားခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရ ကိုယ်စား ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏မယ်တော် မိဖုရားကြီး Her Majesty Queen Sirikit သည် ကံတော်ကုန်ချိန်တွင် အသက် ၉၃ နှစ်ရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# သီပေါမြို့၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်ဆက်လက်လက်ခံ၊ ဒေသခံပြည်သူများကို အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး၊ ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၇

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter-Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ကို အလုံးစုံပြန်လည် ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး စသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရန်နှင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၌ စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

သီပေါမြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းကို အောက်တိုဘာ ၂၂ ရက်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး အောက်တိုဘာ ၂၅ ရက်ထိ အခြေခံပညာကျောင်း လေးကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းနေအရွယ်ကလေးများကို တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံလျက်ရှိရာ ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၇၁ ဦး ထပ်မံလာရောက် ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၄၀၂ ဦးထိရှိပြီဖြစ်ပြီး အဆိုပါ ကျောင်းသား၊ ကျောင်းသူများကို ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြသည်။




တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အလားတူ သီပေါမြို့သို့ ပြန်လည်ဝင်ရောက်လာကြသော ဒေသခံပြည်သူများကို တာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနကလည်း သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို စတင်ဆောင်ရွက်ပေးလျက်ရှိသည်။



သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထို့အတူ သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၄၆ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ သုံးဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

# ဒီးမော့ဆိုမြို့နယ် ငွေတောင်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းကို စုပေါင်းသန့်ရှင်းရေးပြုလုပ်၊ လွိုင်ကော်မြို့ပေါ်ရှိ ဆရာ၊ ဆရာမများကို စားသောက်ဖွယ်ရာများပေးအပ်၊ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူသူများကို သွားရောက်ကြည့်ရှုအားပေး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ဇော်မင်းလတ် ဆရာ၊ ဆရာမများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၇**

KNPP / KNDF / PDF အကြမ်းဖက်သောင်းကျန်းသူများသည် ကယားပြည်နယ်အတွင်းရှိ မြို့နယ်များနှင့် ကျေးလက်ဒေသများပါမကျန် သာသနိကအဆောက်အအုံများ၊ တက္ကသိုလ်များ၊ ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ အိုးအိမ်အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်းများကို ရက်စက်ယုတ်မာရိုင်းစိုင်းစွာ ပြုလုပ်ခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ရွာအေးချမ်းသာယာရေးအတွက် အဆိုပါနယ်မြေအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ငွေတောင်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် လမ်းဘေးဝဲယာချုံနွယ်များကို တပ်မတော်သားများ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်ဇော်မင်းလတ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ကယားပြည်နယ် လွိုင်ကော်တပ်နယ်ခန်းမ၌ လွိုင်ကော်မြို့ပေါ် ကျောင်းများမှ ဆရာ၊ ဆရာမများအား စားသောက်ဖွယ်ရာများ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဗိုလ်ချုပ်ဇော်မင်းလတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်ချုပ်ဇော်မင်းလတ်က အမှာစကားပြောကြားသည်။ ထို့နောက် ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တိုင်းမှူးတို့က စားသောက်ဖွယ်များ ပေးအပ်ရာ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများက အသီးသီးလက်ခံရယူကြပြီး ဆရာ၊ ဆရာမများကိုယ်စား ကျောင်းအုပ်ဆရာကြီးတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းနောက် ဗိုလ်ချုပ်ဇော်မင်းလတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်များ ပေးအပ်စဉ်။

ထို့ပြင် ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များကိုသွားရောက်တွေ့ဆုံ၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်များ ပေးအပ်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆေးရုံရှိ ဆရာဝန်၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် လူနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မိုးရာသီစခန်းချ လေ့ကျင့်ရေးသင်တန်း တက်ရောက်လျက်ရှိသည့် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ပညာသင်နှစ် တပ်ဖွဲ့ဝင် သင်တန်းသားများ၏ လေ့ကျင့်သင်ကြားပို့ချနေမှုများကို ကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ၂၀၂၄-၂၀၂၅ တက္ကသိုလ်ပညာသင်နှစ် တပ်ဖွဲ့ဝင်များ မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းသားများနှင့် နေ့လယ်စာ အတူတကွသုံးဆောင်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၇**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ရှိ တက္ကသိုလ်လေ့ကျင့်ရေးတပ်၌ မိုးရာသီစခန်းချလေ့ကျင့်သင်တန်း တက်ရောက်လျက်ရှိသည့် တပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများ၏ သက်ဆိုင်ရာ လေ့ကျင့်ခန်းများ သင်ကြားပို့ချနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

အဆိုပါသင်တန်း၌ သင်တန်းသားများသည် ခေါင်းဆောင်မှုဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်နှင့်အခြားသောသက်ဆိုင်ရာဘာသာရပ်များကို ဆွေးနွေးပို့ချသင်ကြားလေ့ကျင့်ပေးလျက်ရှိပြီး သင်တန်းသားများသည် ပြင်ပလေ့လာရေးများဖြစ်သည့် တပ်မတော်(လေ)နှင့်ပတ်သက်သည့် လေ့လာရေးများနှင့် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မှော်ဘီ)သို့ လေ့လာရေးခရီးစဉ်များ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် သင်တန်းသားများသည် ညနေပိုင်း သင်ခန်းစာပို့ချမှုပြီးဆုံးချိန်များတွင် ဘော်လီဘောကစားခြင်း၊ ဘောလုံးကစားခြင်းနှင့် အခြားသော ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းများ ပြုလုပ်ကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များကလည်း ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ သင်တန်း၌ မိုးရာသီစခန်းချလေ့ကျင့်ရေးသင်ခန်းစာများကို စာတွေ့၊ လက်တွေ့ ဆက်လက်သင်ကြားပို့ချလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# အသက် ၁၀၁ နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်ကို ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

**ပူတာအို အောက်တိုဘာ ၂၇**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးဖြစ်သူ တပ်သားဆန်ဒေါင်းဖောင် အငြိမ်းစားကို ပူတာအိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် အသက် ၁၀၁ နှစ်ပြည့် ဂါရဝပြုဂုဏ်ပြုချီးမြှင့်ငွေများကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးတွင် ပေးအပ်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အသက် ၁၀၁ နှစ်ပြည့် တပ်သားဆန်ဒေါင်းဖောင် အငြိမ်းစားကို ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်၊ ကချင်ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် ပူတာအိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့က ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဂါရဝပြုပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်အဖြစ် ပြိုင်ပွဲဝင်အသင်းများ၏ အတိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ အားကစားနည်းများအလိုက် တစ်ဦးချင်း ဆုရရှိသူများ၊ အသင်းလိုက် ဆုရရှိသောအသင်းများကို တာဝန်ရှိသူများကလည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ဂျူဒိုပြိုင်ပွဲကို ခတ၊အတိုက်၊ အသင်းလိုက် အမျိုးသား၊ အမျိုးသမီးတို့ဖြင့် အမျိုးအစားသုံးမျိုးပါဝင်ပြီး ပြိုင်ပွဲဝင် အသင်း ၁၂ သင်းဖြင့် အောက်တိုဘာ ၂၂ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့်အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဖွင့်ပွဲ ပွဲစဉ်ဖြစ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် အောက်တိုဘာ ၃၁ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

# ကျိုင်းတုံမြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ကျိုင်းတုံ)တွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၁၀)သင်တန်း ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ကျိုင်းတုံ)တွင် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ အမှတ်စဉ်(၁၀)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းရှိ အိမ်တွင်းမှုခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းကျောင်းအတွက် ချီးမြှင့်ငွေအား ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။ ထို့နောက် ကျောင်းအုပ်ကြီးက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

၎င်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက သင်တန်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သင်တန်းဆိုင်ရာ သင်ခန်းစာနမူနာပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ အဆိုပါသင်တန်းအား ၂၀၂၆ ခုနှစ် မတ် ၂၆ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၁၀)သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

# ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေများကို အထူးကုန်ရထားဖြင့် ပို့ဆောင်

**နေပြည်တော် အောက်တိုဘာ ၂၇**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အစီအစဉ်ဖြင့် ငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော သံချောင်းလုံးများ၊ အမိုးသွပ်ပြားများနှင့် ဘိလပ်မြေများကို အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများအတွက် ဘိလပ်မြေအိတ် ၉၇၄၀ (တန်ချိန် ၄၈၇ တန်) တင်ဆောင်လာသော အထူးကုန်ရထားသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့ဟောင်းဘူတာသို့ ပို့ဆောင်ရောက်ရှိခဲ့ပြီး တာဝန်ရှိသူများက လာရောက်ကြည့်ရှု စစ်ဆေးခဲ့ကြကာ တိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆက်လက်ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးသုံးပစ္စည်းများကို အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယခုအခါ HRB 500 အမျိုးအစား သံချောင်းလုံး တန်ချိန် ၂၂၂၉ ဒသမ ၆၃၀ တန်၊ 4 Angle 0.33 mm အမိုးသွပ်ပြားအချပ် ၄၉၀၀၀ (တန်ချိန် ၂၂၇ ဒသမ ၉၁ တန်)နှင့် ဘိလပ်မြေအိတ် ၉၇၄၀ (တန်ချိန် ၄၈၇ တန်)တို့ကို ပို့ဆောင်ရောက်ရှိခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အောက်တိုဘာ ၁၉ ရက်မှ ၂၆ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၂၇**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၉ ရက် ည ၈ နာရီမှ အောက်တိုဘာ ၂၆ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၁ ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန် ဆောင်ကာလ ၃ လနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ကျန်းမာရေးဝန်ကြီးဌာန

# တရားမဝင်စက်သုံးဆီလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုကြရန် အသိပေးတိုက်တွန်း

**နေပြည်တော် အောက်တိုဘာ ၂၇**

စွမ်းအင်ဝန်ကြီးဌာန စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီနှင့် ရေနံနှင့်ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့သည် စက်သုံးဆီများတင်သွင်း သိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ စနစ်တကျစီမံဆောင်ရွက်လျက်ရှိသည့်အပြင် တရားမဝင် စက်သုံးဆီလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေကြောင်း စိစစ်တွေ့ရှိရပါကလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက်အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်ထိ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တရားမဝင်စက်သုံးဆီသယ်ယူဖြန့်ဖြူးရောင်းချမှု ၅၅၃ ကြိမ်မှ ငွေကျပ်တန်ဖိုး ၁၈၉၂ သန်းကျော် တန်ဖိုးရှိသည့် စက်သုံးဆီ တန်ချိန် ၃၀၃၇ တန်ခန့်ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ရကြောင်း စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီမှ သိရသည်။

ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေပုဒ်မ ၃၀ အရ "မည်သူမျှ ဤဥပဒေအရ လိုင်စင်ရယူရန်လိုအပ်သည့်လုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှုတစ်ခုခုကို သက်ဆိုင်ရာလိုင်စင်မရရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ"ဟု ပြဋ္ဌာန်းထားသည့်အတွက် တရားမဝင်စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရောင်းချမှု မရှိစေရေးနှင့် လျော့နည်းပပျောက်စေရေးကို ဥပဒေနှင့်အညီ ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည့်အပြင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအဖွဲ့များနှင့် ပူးပေါင်းပြီး စစ်ဆေးကြပ်မတ် ဆောင်ရွက်ခြင်းနှင့် တရားမဝင် စက်သုံးဆီဖြန့်ဖြူးရောင်းချခြင်းမရှိစေရန် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ တရားဝင်လုပ်ငန်းလိုင်စင်ရယူ၍ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်သော်လည်း ဥပဒေပြဋ္ဌာန်းချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါက ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်အရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းဥပဒေပုဒ်မ ၃၄ ပုဒ်မခွဲ(က) အရ သတိပေးခြင်း၊ ပုဒ်မ ၃၄ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊ ပုဒ်မ ၃၄ ပုဒ်မခွဲ(ဂ)အရ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊ ပုဒ်မ ၃၄ ပုဒ်မခွဲ(ဃ)အရ လိုင်စင်ကို အမြဲတမ်းရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း စသည့်အရေးယူမှုများကိုဆောင်ရွက်နိုင်ကြောင်း သိရသည်။

စက်သုံးဆီများကို တရားမဝင်သယ်ယူ သိုလှောင်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများသည် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရသည့် လုပ်ငန်းများမဟုတ်သဖြင့် မီးဘေးအန္တရာယ်ဖြစ်ပွားနိုင်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်ကာ နိုင်ငံတော်နှင့် အများပြည်သူပိုင်ပစ္စည်းများ ဆုံးရှုံးနိုင်ခြင်း၊ နိုင်ငံတော်ကရသင့်ရထိုက်သည့်ဘဏ္ဍာငွေများ ဆုံးရှုံးနစ်နာနိုင်ခြင်း၊ အများပြည်သူအနေဖြင့် စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီသည့် စက်သုံးဆီများ မသုံးစွဲနိုင်ခြင်း စသည့် ထိခိုက်နစ်နာမှုများအပြင် ဥပဒေနှင့်လည်း ညီညွတ်ခြင်းမရှိသဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုကြရန်နှင့် ဥပဒေနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းလိုင်စင်များ ရယူဆောင်ရွက်ကြရန် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိပေးတိုက်တွန်းနှိုးဆော်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**ပြန်လည်ထူထောင်ရေးဦးစီးဌာန**

**လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)**

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

**ရန်ကုန်လိပ်စာ**

အမှတ်(၆၄)၊
ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်။

လူကုန်ကူးခံရသူများအနေဖြင့်
အကူအညီလိုအပ်ပါက
ဆက်သွယ်အကူအညီ
တောင်းခံနိုင်ပါသည်။

**မန္တလေးလိပ်စာ**

ရွှေကျင်သံလမ်းအနီး၊
ဘုန်းတော်တိုးရပ်၊
အောင်မြေသာစံမြို့နယ်။


## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ကိုယ်ကိုယ်တိုင်က တံတားဆောက် လမ်းဖောက်တာမျိုးမလုပ်ပေးနိုင်ပေမယ့် ကိုယ်ထူကိုယ်ထလမ်းဖောက်သူ ပြည်သူများအား သတ်ဖြတ်နေသည့် အကြမ်းဖက်များ"** ခေါင်းစဉ်ဖြင့် ၂၉-၁၀-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၅-၁၁-၂၀၂၅ ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဘယ်သူတွေဘယ်လိုပဲ ဖျက်လိုဖျက်ဆီးလုပ်ပါစေ မလွဲမသွေ အောင်မြင်အောင်လုပ်ဆောင်သွားမယ့် ပြည်သူတို့ရဲ့ရွေးကောက်ပွဲ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်**
**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ


**လျှပ်စစ်မီတာခ သက်သာဖို့**
**LED ပစ္စည်း သုံးကြစို့။**


## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၃၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၅၅ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၅၅ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၂၇**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မယ်ထော်သလေး (KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၁၀၄ ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၂၄ ဦးနှင့် ဖိလစ်ပိုင်နိုင်ငံသား ၂၇ ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၅၅ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၂၇ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၁၀၁၁၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ဦးရေ ၇၈၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ချမ်းမြသာစည်မြို့နယ်၌ ငွေကြေးအခက်အခဲကြောင့် အဒေါ်ဖြစ်သူနှင့် တူမဖြစ်သူတို့ကို သံရိုက်တူဖြင့်ရိုက်နှက်ကာ ရွှေတုံးနှင့် ငွေများယူဆောင်ခဲ့သည့် အမျိုးသမီးကို ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် အောက်တိုဘာ ၂၇**

ချမ်းမြသာစည်မြို့နယ်၌ ငွေကြေးအခက်အခဲကြောင့် အဒေါ်ဖြစ်သူနှင့် တူမဖြစ်သူတို့ကို သံရိုက်တူဖြင့်ရိုက်နှက်ကာ ရွှေတုံးနှင့် ငွေများ ယူဆောင်ခဲ့သည့် အမျိုးသမီးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂) ရပ်ကွက် လမ်း ၇၀ (အေ) ၁၀၇ လမ်းနှင့် ၁၀၈ လမ်းကြားရှိ အိမ်အမှတ် (၁၇၂) နေအိမ်၌ အမျိုးသမီးတစ်ဦးအသတ်ခံရကြောင်းသတင်းအရ ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်ပိုင်ရှင် အငြိမ်းစား စာကြည့်တိုက်မှူး ဒေါ်ခင်စိုးမြင့် ၈၄ နှစ်ကို နေအိမ်မြေညီထပ်ဧည့်ခန်းအတွင်းရှိ ထိုင်ခုံပေါ်တွင် ဦးခေါင်းပေါက်ပြဲဒဏ်ရာတစ်ချက်ဖြင့် သေဆုံးနေပြီး အတူနေ ၎င်း၏မြေးဖြစ်သူ ဒေါ်အေးအေးခိုင် ၃၆ နှစ်ကို မြေညီထပ်ဧည့်ခန်း ခုတင်ပေါ်တွင် ဦးခေါင်း၊ ဝဲနားထင်တို့၌ ပေါက်ပြဲဒဏ်ရာနှစ်ချက် ရရှိထားသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁)နယ်မြေရဲစခန်းက (ပ)၁၈၉/၂၀၂၅ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၂၆ဖြင့် အမှုရေးဖွင့် စစ်ဆေးဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ သေဆုံးသူ၏ တူမတော်စပ်သူ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၃) အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၌ တွဲဖက်တာဝန်ထမ်းဆောင်နေသည့် အလယ်တန်းပြဆရာမ မစိုးစိုးထွန်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ၎င်းကို အောက်တိုဘာ ၂၆ ရက် ညနေ ၅ နာရီကျော်တွင် အခင်းဖြစ်နေအိမ်သို့ ပြန်လည်ရောက်ရှိလာစဉ် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံ စိုးစိုးထွန်း၏ ထွက်ဆိုချက်အရ ၎င်းသည် ၂၀၂၃ ခုနှစ် ဇူလိုင်လခန့်မှစ၍ နွားထိုးကြီးမြို့နယ်မှ ယာယီနေရပ်စွန့်ခွာ၍ ပြင်ဦးလွင်မြို့၌ အိမ်ငှားရမ်းနေထိုင်ခဲ့ရသဖြင့် ငွေကြေးအခက်အခဲများစွာရှိခဲ့ကြောင်း၊ ယခုနှစ် ဇူလိုင်လတွင် ၎င်း၏အဒေါ်တော်စပ်ပြီး မိသားစုကဲ့သို့ ရင်းနှီး၍ ဝင်ထွက်သွားလာနေသည့် ဒေါ်ခင်စိုးမြင့်က မန္တလေးမြို့ မြို့သစ်(၅)ရပ်ကွက်ရှိ နေအိမ်ကိုရောင်းချသည်ကိုသိရှိရသဖြင့် ငွေချေးယူခဲ့ရာ ဒေါ်ခင်စိုးမြင့်က အိမ်ရောင်းရငွေအကျေအလည်ရရှိပါက စီစဉ်ပေးမည်ဟုပြောကြားခဲ့ပြီး ငွေအကျေအလည်ရရှိပြီး အခင်းဖြစ်ပွားခဲ့သည့်နေအိမ်ကို ပြန်လည်ဝယ်ယူ ပြောင်းရွှေ့နေထိုင်ခဲ့သော်လည်း ၎င်း၏အခက်အခဲကို ဆောင်ရွက်ပေးမှု မရှိကြောင်း၊ အောက်တိုဘာ ၂၄ ရက်တွင် ဒေါ်ခင်စိုးမြင့်က ၎င်းကို ဖုန်းဆက်ခေါ်၍ အခင်းဖြစ်နေအိမ်သို့ ထပ်မံရောက်ရှိနေထိုင်ခဲ့ပြီး အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် ဒေါ်ခင်စိုးမြင့်၊ တူမတော်စပ်သူ မအေးအေးခိုင်တို့နှင့်အတူ ဈေးဝယ်ထွက်ပြီးနောက် နံနက် ၁၁ နာရီခန့် နေအိမ်သို့ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ နေ့လယ်စာ စားပြီးချိန်တွင် မအေးအေးခိုင်မှာ မြေညီထပ်ဧည့်ခန်းအတွင်းရှိ ခုတင်ပေါ်အိပ်ပျော်နေစဉ် နေအိမ်ဝင်ပေါက်အနီးသစ်သားသေတ္တာအတွင်းမှ သံရိုက်တူကို ယူဆောင်ကာ မအေးအေးခိုင်ကို သုံးချက်ခန့်ထုရိုက်ပြီး ထိုင်ခုံပေါ်ထိုင်နေသည့်



ချမ်းမြသာစည်မြို့နယ်၌ ငွေကြေးအခက်အခဲကြောင့် အဒေါ်ဖြစ်သူနှင့် တူမဖြစ်သူတို့ကို သံရိုက်တူဖြင့် ရိုက်နှက်ကာ ရွှေတုံးနှင့် ငွေများ ယူဆောင်ခဲ့သည့် အမျိုးသမီးအား ဖမ်းဆီးရမိမှု မှတ်တမ်း ဓာတ်ပုံ။

ဒေါ်ခင်စိုးမြင့်၏ ဦးခေါင်းငယ်ထိပ်ကို တစ်ချက်ထုရိုက်ခဲ့ကြောင်း၊ ထို့နောက် ဒေါ်ခင်စိုးမြင့် အိပ်ခန်းအတွင်းရှိသံသေတ္တာကိုတူဖြင့်ရိုက်ဖျက်ကာ သေတ္တာအတွင်း သိမ်းဆည်းထားသည့် "အောင်သမာဓိ" တံဆိပ်ပါ ရွှေ ၁၀ ကျပ်သား တစ်တုံး၊ အိပ်ရာပေါ်ရှိ ငွေကျပ်သိန်း ၁၀၀ တို့ကို ယူဆောင်ကာ ပြင်ဦးလွင်မြို့သို့ ပြန်လာခဲ့ကြောင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ဒေါ်ခင်စိုးမြင့်နေအိမ်မှ ယူဆောင်လာသည့် ရွှေတုံးကိုရောင်းချကာ ၎င်းချေးငှားထားသည့် ငွေကြေးများပြန်လည်ပေးဆပ်သုံးစွဲခဲ့ကြောင်း စစ်ဆေးဖော်ထုတ်သိရသည်။

ထိုသို့ ငွေကြေးအခက်အခဲကြောင့် အဒေါ်ဖြစ်သူနှင့် တူမဖြစ်သူတို့ကို သံရိုက်တူဖြင့် ထုရိုက်ခဲ့သည့် စိုးစိုးထွန်းအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် သိမ်းဆည်းရန်ကျန် သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသော လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲခြင်းများလုပ်ဆောင်လျက်ရှိသဖြင့် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေးများဆောင်ရွက်၍ နယ်မြေခံလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အလားတူ KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့ကို ယခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် အင်အားအလုံးအရင်းဖြင့် မြို့လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ၎င်းတို့ကို ထောက်ခံအားပေးမှုမရှိသည့် ဒေသခံပြည်သူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း၊ လူသစ်စုဆောင်းခြင်းများအပါအဝင် အကြမ်းဖက်လုပ်ရပ်မျိုးစုံ လုပ်ဆောင်လျက်ရှိသဖြင့် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် ဗန်းမောက်မြို့ကို ပြန်လည်သိမ်းပိုက်ရရှိရေးအပါအဝင် အခြားလိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများက ဗန်းမောက်မြို့ကို ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို စနစ်တကျစုဖွဲ့ချီတက်ရှင်းလင်းမှုများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၆ ရက်တွင် ဗန်းမောက်မြို့၏ အနောက်ဘက်နှင့် အနောက်မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာသို့ ရောက်ရှိစဉ် KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဗန်းမောက်မြို့အတွင်းရှိ ပြည်သူပိုင်နေအိမ်အဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများကို မီးရှို့ဖျက်ဆီးနေကြောင်း မျက်မြင်တွေ့ရသည်။

ထို့ကြောင့် အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့သည့် ဗန်းမောက်မြို့အတွင်းရှိ အဆောက်အအုံများကို မီးအမြန်ဆုံးငြိမ်းသတ်နိုင်ရေး အခြားသော ဗန်းမောက်မြို့နေ ပြည်သူလူထု၏ အဆောက်အအုံများ မီးကူးစက်မှုမရှိစေရေး၊ ထပ်မံ၍ အခြားအကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက် တပ်မတော်စစ်ကြောင်းများက ရင်ဆိုင်တိုက်ခိုက်လျက်ရှိသည့် လက်ကျန် အကြမ်းဖက်သောင်းကျန်းသူများကို အမြန်ဆုံးလက်စတုံးတိုက်ခိုက်ချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# မလီဆာမုန်တိုင်း ဟစ်ပါနီအိုလာကျွန်းနှင့် ဂျမေကာနိုင်ငံသို့ ဟာရီကိန်းမုန်တိုင်းအသွင်ဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့



**ဝါရှင်တန် အောက်တိုဘာ ၂၇**

မလီဆာဟု အမည်ပေးထားသည့် အပူပိုင်းမုန်တိုင်းသည် ဟေတီနိုင်ငံကို ဖြတ်သန်းတိုက်ခတ်ခဲ့ပြီးနောက် အခြားသော ကာရစ်ဘီယံ ဒေသများဖြစ်သည့် ဟစ်ပါနီအိုလာကျွန်းနှင့် ဂျမေကာနိုင်ငံတို့သို့ အောက်တိုဘာ ၂၆ ရက်မှစ၍ ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း အမေရိကန်နိုင်ငံ အခြေစိုက်အမျိုးသားဟာရီကိန်းစင်တာ (NHC) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မလီဆာမုန်တိုင်းသည် ဟေတီနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့စဉ် အပူပိုင်းမုန်တိုင်းအသွင်ဖြင့် တိုက်ခတ်ခဲ့ခြင်းသာ ဖြစ်သော်လည်း ဂျမေကာနိုင်ငံကို ဖြတ်သန်းပြီး ဟစ်ပါနီအိုလာကျွန်းသို့ စတင်ဝင်ရောက်စဉ် ဟာရီကိန်းမုန်တိုင်းအသွင် ကူးပြောင်းခဲ့ကြောင်း၊ မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၄၀ မိုင်နှုန်းဖြင့် တိုက်ခတ်ခဲ့ပြီး လေတိုက်နှုန်းမြင့်မားမှုကြောင့် ပျက်စီးမှုတချို့ရှိနေကြောင်း NHC က ထုတ်ပြန်ခဲ့သည်။

"အားကောင်းတဲ့ ဟာရီကိန်းမုန်တိုင်း ဖြတ်သန်းတိုက်ခတ်မှုကြောင့် ကျွန်တော်တို့ ပြည်သူတချို့ အခက်အခဲတွေနဲ့ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့ အာဏာပိုင် အဖွဲ့အစည်းအပိုင်းကလဲ ပြည်သူတွေအန္တရာယ်ကင်းဖို့ မုန်တိုင်းအန္တရာယ်ကာကွယ်ရေး အစီအစဉ်တွေကို ဆောင်ရွက်ထားပြီးဖြစ်ပါတယ်"ဟု ဂျမေကာ ဝန်ကြီးချုပ် အန်ဒရူးဟိုလ်နက်က ပြောကြားခဲ့သည်။

ဟစ်ပါနီအိုလာကျွန်း တောင်ဘက်ပိုင်းတွင် မလီဆာဟာရီကိန်းမုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းနေပြီး မြေပြိုကျမှုများလည်း ဖြစ်ပေါ်နေကြောင်း၊ မလီဆာ ဟာရီကိန်းမုန်တိုင်းကြောင့် ဂျမေကာနိုင်ငံတွင်ပျက်စီးမှုများရှိခဲ့သကဲ့သို့ ဟေတီနိုင်ငံကို ဖြတ်သန်း တိုက်ခတ်ခဲ့စဉ်ကလည်း လူသုံးဦး သေဆုံးခဲ့ကြောင်း ဟစ်ပါနီအိုလာကျွန်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အင်ဒိုနီးရှားနိုင်ငံနှင့်ထိစပ်နေသော တီမောဒေသတွင် ၆ ဒသမ ၂ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး လူနေအိမ်အဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့

**ဂျကာတာ အောက်တိုဘာ ၂၇**

အင်ဒိုနီးရှားနိုင်ငံနှင့်ထိစပ်နေသော တီမောဒေသတွင် အောက်တိုဘာ ၂၆ ရက် ညနေ ၅ နာရီ လေးမိနစ်က ၆ ဒသမ ၂ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး လူနေအိမ်အဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း ဒေသတွင်းဘူမိသိပ္ပံ သုတေသနဌာနက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါငလျင်၏ ဗဟိုချက်သည် မြေအောက် ၈၅ ဒသမ ၆ ကီလိုမီတာ၊ တောင်လတ္တီတွဒ် ၉ ဒသမ ၂၂ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၂၃ ဒသမ ၈ ၇ ဒီဂရီတွင် လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် သစ်ပင်များနှင့် လျှပ်စစ်ဓာတ်အားပေးဓာတ်တိုင်များလည်း ပျက်စီးသွားခဲ့ရကြောင်း၊ ငလျင်သည် ပြင်းအားအနည်းငယ်များသဖြင့် အက်ကွဲသွားသည့် အဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများရှိသဖြင့် အဆိုပါ အဆောက်အအုံများ၏ ကြံ့ခိုင်မှုကို စစ်ဆေးမှုများ ပြုလုပ်သွားရန်လိုကြောင်း အာဏာပိုင်များက သတိပေးထားသည်။



လက်ရှိတွင် လူသေဆုံးမှုမရှိသော်လည်း ထိခိုက်ဒဏ်ရာရသူ အနည်းငယ်ရှိကြောင်း၊ ငလျင်ကြောင့် ပျက်စီးခဲ့ရသည့် အဆောက်အအုံများကိုလည်း ရှင်းလင်းမှုများ ဆောင်ရွက်နေကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း၊ တီမောဒေသသည် ငလျင်ဒဏ်ကို မကြာခဏရင်ဆိုင်ရလေ့ရှိပြီး ယခု လှုပ်ခတ်ခဲ့သည့် ငလျင်ပြီးနောက် ဒေသခံများကို သတိပြုနေထိုင်ကြရန် အာဏာပိုင်များက သတိပေးထားပြီး ငလျင်ထပ်မံ လှုပ်ခတ်နိုင်သေးသဖြင့် အရေးပေါ် အခြေအနေအဖြစ် စောင့်ကြည့်နေကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အမေရိကန်နိုင်ငံ အန်ဒါဆင်ကောင်တီတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများ ပျက်စီး

**ဝါရှင်တန် အောက်တိုဘာ ၂၇**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အန်ဒါဆင်ကောင်တီတွင် အောက်တိုဘာ ၂၆ ရက်က အားကောင်းသည့် လေဆင်နှာမောင်းတိုက်ခတ်ခဲ့ပြီး လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း တက္ကဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေဆင်နှာမောင်းကြောင့် လူနေအိမ်ခြေများ အိမ်ခေါင်မိုးများကွာကျခဲ့သကဲ့သို့ အိမ်ပြတင်းပေါက်များ ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ပျက်စီးမှုပမာဏများပြားခဲ့ပြီး တက္ကဆက် ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း၊ လူနေအိမ်ခြေပျက်စီးခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့ကြောင်း တက္ကဆက် ကြက်ခြေနီအသင်းက ထုတ်ပြန်ခဲ့သည်။

"အောက်တိုဘာ ၂၆ ရက်က အန်ဒါဆင် ကောင်တီမှာ အားကောင်းတဲ့လေဆင်နှာမောင်း တိုက်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ လေဆင်နှာမောင်း အားကောင်းခဲ့တဲ့အတွက် လူနေအိမ်ခြေတွေနဲ့ အခြေခံ အဆောက်အအုံတွေ အသေးစားပျက်စီးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ပျက်စီးမှုတွေထဲမှာ လူနေအိမ်ခြေ တစ်လုံးကတော့ ပျက်စီးမှုနှုန်း မြင့်မားခဲ့ပါတယ်။ ကြက်ခြေနီအသင်းက ဝန်ထမ်းတွေ သွားရောက်စစ်ဆေးမှု ပြုလုပ်နေပါတယ်"ဟု တက္ကဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ရုရှားနိုင်ငံတွင် ၂၁ ရာစုအတွင်း အဆိုးရွားဆုံးမိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရ

**ဘူခါရက်စ် အောက်တိုဘာ ၂၇**

ရုမေနီးယားနိုင်ငံတွင် ယခုနှစ် မတ်လမှစတင်၍ ယနေ့အချိန်ထိ မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး မိုးခေါင်မှုမှာ ၂၁ ရာစုအတွင်းအဆိုးရွားဆုံးသောမိုးခေါင်မှုတစ်ရပ်ဖြစ်ကြောင်း ဂျာမနီနိုင်ငံအခြေစိုက် Alfred Wegener Institute for Polar and Marine Research မှ သုတေသီများက ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများတွင်ဖော်ပြထားသည်။

မိုးခေါင်မှုပြဿနာကြောင့် စိုက်ပျိုးရေး လုပ်ငန်းများတွင် ကြီးမားသော ရိုက်ခတ်မှုဖြင့် ရင်ဆိုင်နေရပြီး စိုက်ခင်းအမြောက်အမြားပျက်စီးခဲ့သကဲ့သို့ မိုးခေါင်မှုကြောင့် စိုက်ပျိုးရေးကဏ္ဍမှ ယူရို ၁ ဒသမ ၅ ဘီလီယံမှ ၁ ဒသမ ၈ ဘီလီယံထိ ဆုံးရှုံးမှုရှိခဲ့ကြောင်း၊ မိုးခေါင်မှုအခြေအနေမှာ ဆက်လက်မြင့်တက်လာဖွယ်ရှိနေခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍအပြင် အခြားသောကဏ္ဍများတွင် ပိုမိုဆိုးရွားသည့် ရိုက်ခတ်မှုဖြင့် ရင်ဆိုင်ရနိုင်ကြောင်း Alfred Wegener Institute for Polar and Marine Research မှ သုတေသီ မိုနီကာက ပြောကြားခဲ့သည်။

"ရုမေနီးယားနိုင်ငံမှာဖြစ်ပေါ်နေတဲ့ မိုးခေါင်မှုပြဿနာဟာ ၂၁ ရာစုအတွင်း အဆိုးရွားဆုံးမိုးခေါင်မှုဖြစ်ပါတယ်။ သုတေသနရလဒ်တွေအရ မိုးခေါင်မှုဟာ နောက်ထပ်ကာလရှည်ကြာ သွားနိုင်တယ်။ လာမဲ့ တစ်လအတွင်း မိုးရွာသွန်းမှုမရှိဘူးဆိုရင်တော့ ရုမေနီးယားနိုင်ငံမှာ ဆီးနှင်းကျဆင်းမှာမဟုတ်တော့ပါဘူး။ ဒီနှစ် ဆောင်းရာသီဟာ ရုမေနီးယားနိုင်ငံအတွက်တော့ နွေရာသီလိုပဲ ဖြစ်သွားလိမ့်မယ်။ ဒါဟာ ကြီးမားတဲ့ပြဿနာဖြစ်ပါတယ်။ ကဏ္ဍအသီးသီးမှာ ကြီးမားတဲ့ဆုံးရှုံးမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ထိရောက်တဲ့ သုတေသနတွေ ပြုလုပ်ပြီးတော့ မိုးခေါင်မှုပြဿနာကို လျှော့ချနိုင်ဖို့ အမြန်ဆုံးဆောင်ရွက်သွားသင့်ပါတယ်"ဟု Alfred Wegener Institute for Polar and Marine Research မှ သုတေသီ မိုနီကာက ပြောကြားသွားခဲ့သည်။

ရုမေနီးယားနိုင်ငံတွင် ဒီဇင်ဘာလမှ ဖေဖော်ဝါရီလကာလထိကို ဆောင်းရာသီကာလအဖြစ် သတ်မှတ်ထားပြီး နိုဝင်ဘာလအတွင်း မိုးရွာသွန်းမှုမရှိပါက ဆောင်းရာသီ ကာလအတွင်း သေချာပေါက် ဆီးနှင်းကျဆင်းမည်မဟုတ်သလို အပူချိန်မြင့်မားဖွယ်ရှိနေကြောင်း မိုနီကာက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဒါကာမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားကာ မြေနိမ့်ဒေသများကို ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထား

**ဒါကာ အောက်တိုဘာ ၂၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြို့တော် ဒါကာတွင် ယခုအပတ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပွားကာ မြေနိမ့်ဒေသများကို ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြို့များရှိ မြစ်အတော်များများတွင် မြစ်ရေမျက်နှာပြင်မြင့်တက်ကာ မြို့တွင်းရှိ မြေနိမ့်ဒေသများတွင် ပြင်းထန်သောရေကြီးရေလျှံမှုများ ဖြစ်ပွားနိုင်သဖြင့် မြစ်အနီးနေထိုင်သူများကို ဘေးလွတ်ရာ ရွှေ့ပြောင်းနေထိုင်ကြရန်နှင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် သတိပေးထားသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မိုးလေဝသ ဦးစီးဌာနကလည်း လာမည့် ရက်အနည်းငယ်အတွင်း မိုးရွာနိုင်ကြောင်း ထပ်မံသတိပေးပြီး ရေကြီးနိုင်ခြေရှိသည့် ဒေသများတွင် နေထိုင်သူများကို ရွှေ့ပြောင်းမှုများ ပြုလုပ်ပေးနေကြောင်း၊ လက်ရှိတွင် အာဏာပိုင်များသည် မိုးရွာနှုန်းများကို စောင့်ကြည့်ကာ ထိခိုက်မှုရှိနိုင်သည့် ဒေသများတွင် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ အမြန်ဆုံးစေလွှတ်နိုင်ရေး စီစဉ်ထားကြောင်း နိုင်ငံအာဏာပိုင်များက ပြောကြားခဲ့သည်ဟု သိရသည်။

Ref : Sputnik News

Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

## ဝတ္ထုတိုကဏ္ဍ

# အရုဏ်တက်မှာကွယ်တဲ့လ

## လင်းယုန်ဇော်



( ၁ )

မခင်မွေးတစ်ယောက် တအားကိုပျော်နေမိသည်မှာအမှန်ပင်။ ယောက်ျားဖြစ်သူ ကိုကျော်ကျော်ပြန်လာလျှင် ဝမ်းသာလွန်းပြီး သူ့ထက်ပျော်နေမည်ဆိုသည်ကို မခင်မွေး သိနေသည်။ ဘယ်တော့မှ ဖြစ်လာမည် မဟုတ်ဟုထင်ထားသည့် ကိစ္စတစ်ခုက ယခုတော့ အကောင်အထည်ပေါ်လာပြီမို့ ဘဝမှာ သူတို့လောက်ပျော်သည့်သူရှိမည်ပင် မထင်ပေ။

ယောက်ျားဖြစ်သူကို ဖုန်းဆက်ရင်ကောင်းမလားဟုစိတ်ကူးမိသေးသည်။ သို့သော် ပြန်လာမှ အနားနားကပ်ကာ သေချာပြောပြလျှင် ပိုကောင်းမည်ဟု အတွေးဝင်ပြီး ဖုန်းမဆက်ဖြစ်တော့ပေ။ မိမိကိုယ်ကို အလှဆုံးပြင်ဆင်ရင်း ယောက်ျားအလာကို မျှော်နေလိုက်မိတော့သည်။

( ၂ )

သူတို့အိမ်ထောင်သက် ရှစ်နှစ်အတွင်း ကလေးရရန် အကြိမ်ကြိမ်ကြိုးစားခဲ့ကြသည်။ သို့သော် မည်သို့မျှ ဖြစ်မလာခဲ့ပါ။ ကိုယ်နှင့်အတူတူ အိမ်ထောင်ကျသူများပင် ကလေးများတစ်ယောက်ပြီး တစ်ယောက်နှင့် ပျော်စရာမိသားစုဘဝလေးနှင့် ဖြစ်ကုန်ပြီ။ သူတို့မှာ ယခုထိကလေးမချီရသေး။ သူ့အသက်ပင် လေးဆယ်ကျော်ကျော် ရှိနေပြီဖြစ်သည်။ သူများကလေးကိုသာချီပိုးရင်း၊ ခဏထိန်းကျောင်းပေးရင်းနှင့်သာ ကျေနပ်နေရသည့်ဘဝ။ ယခုတော့ သူတို့ အကြိမ်ကြိမ် မျှော်လင့်ခဲ့ရသော ဘဝလေးတစ်ခုကို ပိုင်ဆိုင်ရတော့မည် မဟုတ်ပါလား။

ဘာရယ်မဟုတ် မခင်မွေးတစ်ယောက် လိုင်းပေါ်က ကလေးနှင့်ပတ်သက်သော ဗဟုသုတများရှာဖွေဖတ်နေမိသည်။ ကလေးတစ်ယောက်ကိုထိန်းကျောင်းပုံ၊ ဆုံးမပဲ့ပြင်ပုံ၊ သားသမီးအပေါ်ထားရှိရမည့် မိဘဝတ္တရားများ အို... အစုံအလင်ကို လေ့လာထားလိုက်သည်။

ပြီးလျှင် မိန်းကလေးဆို ဘယ်လိုနာမည်ပေးမည်၊ ယောက်ျားလေးဆို ဘယ်လိုနာမည်ပေးမည် စသည်ဖြင့် အရူးတစ်ယောက်လို ဖြစ်နေလေသည်။ မမြင်ရသေးသော သားဦးလေးအတွက် သူလည်း အရူးတစ်ပိုင်းဖြစ်နေပြီ မဟုတ်ပါလား။

( ၃ )

"အမေ အမေတို့ မြေးချီရတော့မယ်ဗျ"

"ဟယ်...ဟုတ်လား။ ဝမ်းသာလိုက်တာ သားရယ် အမေတို့က မြေးချီချင်နေတာကြာပေါ့။ အမယ်လေး... ဝမ်းသာလိုက်တာသားရယ်၊ သမီးကို ဂရုစိုက်နော် သား"

"ဟုတ်ကဲ့အမေ။ ဒါပဲနော် ဖုန်းချလိုက်တော့မယ်"

ကျော်ကျော်တစ်ယောက် သူ့အမေတို့ကို လှမ်းကြွားလိုက်ပြီး မိန်းမဖြစ်သူကို လက်မထောင်ပြလိုက်သည်။ ယောက်ျားဖြစ်သူ ပျော်နေသည်ကို ကြည့်ပြီး မခင်မွေးလည်း ပျော်နေမိသည်။

ယခုဆို ထမင်းစားရင်တောင် မခင်မွေး အရင်ကလို ထခူးစရာမလို ကိုကျော်ကျော်က ထခူးပြီးသား။ ထမင်းလိုက်ပွဲ၊ ဟင်းရည်လိုက်ပွဲ မခင်မွေး ထထည့်စရာမလို ကိုကျော်ကျော်က ထထည့်ပြီးသား။ အဲဒီလောက်ကို ဂရုစိုက်သည်။

မယားကိုချစ်သည်လည်းပါသလို မမြင်ရသေးသည့် သားသမီးလေးများကို တစ်ခုခုဖြစ်မည်ကို စိုးရိမ်သည်လည်း ပါသည်လေ။ ဘာပဲပြောပြော မခင်မွေးကတော့ ပျော်ရွှင်ကျေနပ်နေမိသည်မှာ အမှန်ပင်။

( ၄ )

"အန်တီရေ ဘာအမှိုက်တွေပစ်အုံးမလဲ၊ သားတို့ ယူသွားမယ်လေ"

တစ်လမ်းတည်းနေသည့် မောင်ထူးတို့ မောင်နှမတစ်တွေ ပလုံလှည်းလေးတွန်းရင်း ထွက်လာသည်ကို တွေ့လိုက်ရသည်။

"အေးအေး...အန်တီ့အိမ်က အမှိုက်အိတ်ကလေး ယူသွားပေးနော်။ ရော့ ...ရော့ ဒါက သမီးတို့သားတို့ စားဖို့မုန့်တွေ ယူသွားကြနော်"

မောင်ထူးတို့မောင်နှမက အားလုံးလေးယောက်ရှိသည်။ မိဘနှစ်ပါးက အငယ်ဆုံးလေးကို နို့တိုက်ရင်း ပလုံလှည်းတစ်စီးဖြင့် ကောက်သည်။ မောင်ထူးတို့မောင်နှမသုံးယောက်က တစ်စီးဖြင့် အရပ်ထဲလှည့်ကောက်ကြသည်။

သူတို့မိသားစုလေးက ဆင်းရဲသော်လည်း တက်ညီလက်ညီရှိကြသည်ဟု ပြောရမည်။ သို့သော်လည်း မောင်ထူးတို့အမေက ကလေးများ မွေးနိုင်လွန်းသည်ဟု မခင်မွေး ထင်သည်။ သူတို့ကျတော့လည်း မွေးဖွားရသည်မှာ လွယ်လိုက်ကြသည်။ ဟောတစ်ယောက်၊ ဟောတစ်ယောက်နှင့် စက်နှင့်လှည့်ထုတ်သလားအောက်မေ့ရသည်။ မိမိတို့မှာဖြင့် ကလေးတစ်ယောက်ကိုမွေးရန် မနည်းကြိုးစားနေရသည် မဟုတ်လား။

"အန်တီ ဒါအကုန်ပဲလားဟင်။ ကျန်သေးလား အမှိုက်တွေ"

မောင်ထူးအသံကြားမှ အတွေးများပြတ်သွားသည်။

"သြော်... အေးပါကွယ် ဒါအကုန်ပါပဲ။ ရော့ သားလေး ဒါက မုန့်ဖိုးနော်"

"ဟုတ် အန်တီ၊ အန်တီ ကလေးလေးမွေးတော့မယ်လို့ ဦးကပြောတယ်။ အန်တီကလေးမွေးပြီးရင် သားတို့ဝိုင်းထိန်းပေးမယ်နော်"

မောင်ထူးစကားကြောင့် ဗိုက်ကလေးကိုစမ်းရင်း စိတ်ထဲကြည်နူးမိသလိုလို၊ ပျော်နေမိသလိုလို ဖြစ်သွားရတော့သည်။ သည်ယောက်ျားကတော့ မိန်းမဗိုက်ကြီးသည်ကို တစ်ရပ်ကွက်လုံး ကြေညာနေတော့သည်။ အတွေးတို့ဖြင့် ရှက်ပြုံးလေး ပြုံးမိပြန်သည်။

( ၅ )

လရောင်အေးအေးအောက်တွင် ဆေးရုံကြီးက တိတ်ဆိတ်ငြိမ်သက်လျက်။ သို့သော် ကျော်ကျော်တစ်ယောက် ချွေးစေးများပြန်နေရသည်။ ကော်ရစ်တာအပြင်ဘက်တွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ရသမျှဘုရားစာများကို ရွတ်ဆိုနေမိသည်။ လွန်ခဲ့သော နာရီပိုင်းကလေးက လင်မယားနှစ်ယောက် ဘုရားရှိခိုးပြီး ကလေးအတွက် အနာဂတ်ပလန်များချလိုက်၊ နောက်လိုက်ပြောင်လိုက်နှင့်ရှိနေခဲ့ကြသည်။ သူ မှေးခနဲဖြစ်သွားစဉ်မှာပင် မခင်မွေးရဲ့-

"ယောက်ျားထပါအုံးတော့၊ သွေးတွေ တအားဆင်းနေတယ်" ဟူသော အထိတ်တလန့်အော်သံနှင့်အတူ သူတို့လင်မယားနှစ်ယောက် ဆေးရုံ၏ အရေးပေါ်ဌာနမှတစ်ဆင့် မီးယပ်ဆောင်ပေါ်ရောက်လာခဲ့ကြရလေသည်။ ကျော်ကျော် အတွေးမဆုံးခင်မှာပင် အရေးပေါ်ခန်းမှ ဆရာဝန်ထွက်လာသည်ကိုမြင်လိုက်ရလေသည်။

"ဆရာ ကျွန်တော့်မိန်းမ ဘာဖြစ်တာလဲဟင်"

"စိတ်တော့မကောင်းပါဘူးဗျာ။ ခင်ဗျားမိန်းမ ကိုယ်ဝန်ပျက်ကျတာပါ"

"ဗျာ"

"ဟုတ်ပါတယ် ခင်ဗျားမိန်းမက သူ့ရဲ့သားအိမ်မကောင်းလို့ သန္ဓေသားကို ထိန်းမထားနိုင်ဘဲ သားလျှောတဲ့လက္ခဏာဖြစ်သွားတာပါ။ ကိုယ်ဝန်က နုနေသေးလို့ လူကြီးကတော့ ဘာမှမဖြစ်ပါဘူး။ အနားယူလိုက်ရင် ကောင်းသွားမှာပါ။ လိုအပ်တဲ့ကုသမှုတွေ လုပ်ပေးထားပါတယ်။ ကျွန်တော့်ကို ခွင့်ပြုပါအုံး"

ဆရာဝန်ကြီး၏ စကားအဆုံးတွင် ကျော်ကျော် အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိတော့သည်။ လိုချင်လွန်း၍ ကြိုးစားထားသမျှသည် ယခုတော့ သဲထဲရေသွန်ဖြစ်ခဲ့ရလေပြီ။ မခင်မွေးတစ်ယောက်လည်း ရင်ထဲတွင် ဘယ်လောက်တောင် စိတ်မကောင်းဖြစ်နေမလဲဆိုသည်ကို တွေးကြည့်နိုင်သည်လေ။

( ၆ )

"ဘွားဘွားရေ ဘွားဘွား သမီးတို့ လာကန်တော့တာပါ"

ဟိုးခပ်ဝေးဝေးက လရောင်ကိုငေးကြည့်ရင်း အတိတ်ကိုသတိရနေမိသော ဒေါ်ခင်မွေးတစ်ယောက် မြေးလေးစုပုံချစ် အသံကြားမှ သတိပြန်ဝင်လာမိသည်။

"ဟယ်... မြေးလေးတို့ လာလည်တာလား။ အမယ်လေး ချစ်စရာလေးဟော့။ ငါ့မြေးလေးက ဘယ်သူ ပြင်ပေးထားတာလဲပြောပါအုံး"

"သူ့ဘာသာ ပြင်ထားတာအမေရေ"

အသံနှင့်အတူဝင်လာသော သမီးဖြစ်သူ လပြည့်ဝန်းနှင့်သမီး၏ခင်ပွန်းဖြစ်သူ မောင်ထူးကိုပါ တွေ့လိုက်ရသည်။ သားသမီးများ ပျော်ပျော်ရွှင်ရွှင်မြင်ရတော့ သွားလေသူ ဦးကျော်ကျော်ကို ပြေးသတိရမိပြန်သည်။ တကယ်တော့ လပြည့်ဝန်း ဆိုသည်မှာ ဒေါ်ခင်မွေးတို့ ဆေးရုံတက်သည့်နေ့မှာပင် မိဘနှစ်ပါးစလုံးဆုံးသွားပြီး တစ်ဦးတည်းကျန်ရစ်ခဲ့သော မိဘမဲ့လေးကို ဆရာဝန်ကြီးများက ကလေးမရနိုင်သော သူတို့ကို မွေးစားမလားဟု မေးရာကနေ ဒေါ်ခင်မွေးနှင့်ဦးကျော်ကျော်တို့ နှစ်ဦးသား တိုင်ပင်ပြီး မွေးစားရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်လေသည်။

ဒေါ်ခင်မွေးနှင့်ဦးကျော်ကျော်တို့ လင်မယားမှာလည်း အဆိုးထဲကအကောင်းဟုပင် ဆိုလေမလား သားသမီးမရခဲ့သော်လည်း သမီးကလေးတစ်ယောက် မွေးစားခဲ့ပေသည်။ ပြီးတော့ သမီးအရင်းလို အလွန်ချစ်ခဲ့ကြလေသည်။ ပိုပြီးကံကောင်းသည်က သမီးကလေးက လိမ္မာသည်။

**❖ သားသမီးများ ပျော်ပျော်ရွှင်ရွှင်မြင်ရတော့ သွားလေသူ ဦးကျော်ကျော်ကို ပြေးသတိရမိပြန်သည်။ တကယ်တော့ လပြည့်ဝန်း ဆိုသည်မှာ ဒေါ်ခင်မွေးတို့ ဆေးရုံတက်သည့်နေ့မှာပင် မိဘနှစ်ပါးစလုံး ဆုံးသွားပြီး တစ်ဦးတည်းကျန်ရစ်ခဲ့သော မိဘမဲ့လေးကို ဆရာဝန်ကြီးများက ကလေးမရနိုင်သော သူတို့ကို မွေးစားမလားဟု မေးရာကနေ ဒေါ်ခင်မွေးနှင့်ဦးကျော်ကျော်တို့ နှစ်ဦးသားတိုင်ပင်ပြီး မွေးစားရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်လေသည်။ ❖**

ထို့နောက် ရပ်ကွက်ထဲတွင် လပြည့်ဝန်းကို ငယ်ငယ်လေးကတည်းက ညီမလေးလိုစောင့်ရှောက်ပေးခဲ့သောမောင်ထူးတို့မိသားစုကလည်း ရိုးသားကြိုးစားပြီး ကိုယ်ပိုင်လုပ်ငန်းများဖြင့် အဆင်ပြေလာသည်။

ယခုဆို မောင်ထူးက အလူမီနီယံတံခါးများ တပ်ဆင်သည့် လုပ်ငန်းရှင်ကြီး ဖြစ်နေလေပြီ။

ထို့နောက် ငယ်သံယောဇဉ်ရှိသော လပြည့်ဝန်းကို ရိုးသားကြိုးစားသော မောင်ထူးနှင့် လက်ထပ်ထိမ်းမြားပေးခဲ့သည်။ ယခုဆို မြေးမလေး စုပုံချစ်ပင် မူကြိုတက်သည့်အရွယ်ရောက်နေခဲ့ပြီ မဟုတ်ပါလား။

ယခုတော့လည်း သာယာစိုပြည်သော မိသားစုလေးကို ဒေါ်ခင်မွေးတစ်ယောက် ပိုင်ဆိုင်နေခဲ့ပြီ မဟုတ်ပါလား။ ပျော်ရွှင်စရာမိသားစုလေးကို မြင်ရတိုင်း ကွယ်လွန်သွားသည့် ခင်ပွန်းဖြစ်သူ ဦးကျော်ကျော်ကို သတိရလွမ်းဆွတ်နေရပါတော့သည်။

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၁၄၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၁၄၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၃၅၆၅ ဧက၊ ဖူးစားပြောင်း ၁၆၁၃ ဧက စုစုပေါင်း ၅၁၇၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၄၂၄ ဧက၊ ဖူးစားပြောင်း ၇၁ ဧက စုစုပေါင်း ၁၄၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပြောင်းဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှား ရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေး ဆောင်ရွက်ပေးနေပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပြောင်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ခုံးစိမ်းပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ခုံးစိမ်းပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် သဘာဝအတိုင်း ဖမ်းယူရရှိသည့် ခုံးစိမ်းများကို ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်ဩဂုတ်လအတွင်း ခုံးစိမ်းပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ခုံးစိမ်းပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ခုံးစိမ်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်လျက်ရှိကြောင်း သိရသည်။

"ဒေသထွက် ခုံးစိမ်းတွေ အဝယ်လိုက်နေပါတယ်။ ပြည်တွင်းဈေးကွက်မှာကို အဝယ်လိုက်နေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ခုံးစိမ်းတွေ အများအပြားတင်ပို့ခဲ့ရပါတယ်။ ဒေးဒရဲမြို့နယ်ဘက်က ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေအပြင် ခုံးစိမ်းတွေကို သဘာဝအတိုင်း ရှာဖွေဖမ်းယူရရှိကြတာဖြစ်ပါတယ်။ ဒေသထွက် ခုံးစိမ်းတွေကို ဒေးဒရဲမြို့နယ်ကနေ တစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေတာပါ။ ခုံးစိမ်းတွေ အရောင်းအဝယ်ကောင်းလာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင်အခွင့်အလမ်း ကောင်းနေပါတယ်" ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။



ဒေးဒရဲမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများအပြင် ခုံးစိမ်းများကို ရေလုပ်သားများထံမှ ဝယ်ယူပြီး စနစ်တကျ သန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ခုံးစိမ်းတစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၄၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# နမ့်စန်မြို့နယ် လွိုင်ဖွီးကျေးရွာ၌ သဲဖြုန်းလမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**နမ့်စန် အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် လွိုင်ဖွီးကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြုန်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးနှင့် တာဝန်ခံဝန်ထမ်းများက လွိုင်ဖွီးကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြုန်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များကို ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

လွိုင်ဖွီးကျေးရွာ၌ အရှည်ပေ ၃၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကျေးရွာတွင်းလမ်း သဲဖြုန်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ်သိန်း ၂၀၀ အသုံးပြု၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးထံမှ သိရသည်။

**သံသာ**

## စာပေအလင်း

\- နေ့စဉ်သာ ယွင်းမပျက်
အလင်းဆက်လို့ အမှောင်ပြယ်၊
ကမ္ဘာမြေ အလှလွှမ်းဖို့
ဖြည့်စွမ်းကာကွယ်၊
သူရိန်မင်း အလင်းကြွယ်
ဝင့်ထည်သည့် လှတရား၊
များသတ္တာ ဝေနေယျ
ကောင်းကျိုးဆပွား။

\- ညအခါ လရထားက
စွမ်းအားပြ ထိန်ထိန်သာ၊
ကမ္ဘာမြေ အလင်းရောက်ဖို့
ထွန်းတောက်သည်သာ၊
အေးချမ်းသည့် ရောင်ထည်ဝါ
အမှောင်ပြယ်ကာ အလှလွှမ်း၊
များသတ္တာ ဝေနေယျ
ချမ်းမြစိတ်ဝမ်း။

\- နေနှင့်လ အလင်းတန်း
အံ့မခန်း အလှထက်ကျော်၊
စာပေလှတရားက
ဝင့်ကြွားထင်ပေါ်၊
ဖြည့်စွမ်းသမျှ ကောင်းကျိုးနော်
လူကောင်းလူတော် ဂုဏ်ဒြပ်ပြည့်၊
အမှားမှ ကင်းစင်ပလို့
လှပအတည့်။

\- သံသရာ ဘဝအရှိ
ရစေမည့် အောင်ပွဲတည်၊
လောကီရွာ များအကျိုး
သယ်ပိုးနိုင်မည်၊
စာပေအလှ အလင်းသည်
မြတ်ဂုဏ်ရည် သာလွန်ကဲ၊
နေနှင့်လ မီနိုင်ဘူးကွယ်
ထူး၏အမြဲ။ ။

**ကိုရွှေတောသား(ဆင်ကူး)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# လမ်းနှစ်သွယ်

ကြက်တော

"အာဏာထန်ပြင်း၊ စိုးမင်းတို့အား၊
ရန်ပြုမှားသော်
နှောင်ထားပုတ်ခတ်၊ ဘေးတွေ့တတ်၏။
မှူးမတ်စစ်ကဲ၊ သူရဲဗိုလ်မှူး၊ တပ်မှူးစစ်ကွပ်
စစ်ကြပ်မှူထမ်း၊ ရာထမ်းတို့အား၊ ရန်ပြုမှားသော်
ကြေထွားရိပွပ်၊ ကွပ်ညှပ်ပြင်း၍၊ ချည်နှောင်
တွေ့၏။"

စိန္တကျော်သူဦးဩ(၁၇၃၆-၁၇၇၁)
(ဩဝါဒထူးပျို့လာ ရန်မပြုရာ ၁၁ ပါးမှ)

**အစ**

ငယ်စဉ်က ကျောင်းနေဖက်သူငယ်ချင်းတွေရှိကြတယ်။ မူလတန်း၊ အလယ်တန်းတုန်းက မွေးရပ်မြေဇာတိရွာလေးမှာပေါ့။ နောက်တော့ အထက်တန်းကျောင်းရောက်လာတော့ မြို့ကကျောင်းနေဖော် အပေါင်းအသင်းတွေရလာပါရော။ တက္ကသိုလ်လေးနှစ်တက်ရတဲ့အခါမှာတော့ အနယ်နယ်အရပ်ရပ်က တိုင်းရင်းသားလူမျိုးအစုံ တွေ့ဆုံခင်မင်ကြရတယ်။ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ အင်းသား၊ ဓနု။ သင်ကြားရတဲ့ဘာသာရပ်စုံလင်သလို လူမျိုး၊ ဘာသာ ကိုးကွယ်ရာနဲ့ ဓလေ့၊ စရိုက်၊ ဝါသနာ၊ အားသာချက်၊ အားနည်းချက်တွေလည်းစုံပါပေ့။ သို့ပေမယ့် ကျောင်းသားအချင်းချင်း ရန်ဖြစ်တာတော့ မရှိသလောက်ပဲ။ မတွေ့မမြင်ခဲ့ရဖူးပါ။

တက္ကသိုလ်တက်ရောက်ကြသူတွေမို့ ပညာအရည်အချင်းမနိမ့်ကျကြလို့လည်း ဖြစ်နိုင်တယ်။ အသက်အရွယ်ကလည်း အသိဉာဏ်အထိုက်အလျောက်ရှိကြတဲ့ နှစ်ဆယ်ဝန်းကျင် ရောက်လာကြလို့ထင်တယ်။ ပြီးတော့ မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ်ဆိုတဲ့ ပတိရူပဒေသ ဂုဏ်ကြီးမြင့်တဲ့ဟိတ်ကြောင့် ယဉ်ကျေးသိမ်မွေ့ကြတာကြောင့်လည်း ဖြစ်နိုင်ကောင်းရဲ့။ ကျောင်းသား၊ ကျောင်းသူအချင်းချင်း ရန်ပွဲမဖြစ်ခဲ့ဖူးပါ။ သူခိုးမိလို့ ရဲမရောက်လာခင် ဝိုင်းထိုးကြိတ်တာလောက်ပဲတွေ့ဖူးတယ်။ ဒါလည်း ထိုးတဲ့ကောင်က ထိုး၊ တားတဲ့လူကတား၊ ဆွဲတဲ့လူကဆွဲနဲ့ ကြီးကြီးမားမားထိခိုက်အောင် မဖြစ်စေခဲ့ပါ။

**ခွဲခွာဝေးကွာ**

ကျောင်းနေဖက်သူငယ်ချင်းတွေဟာ ဘွဲ့ရပြီး ကျောင်းမှထွက်ခွာခဲ့ကြတဲ့နောက် နှစ်ပေါင်းများစွာကြာတဲ့ထိ တစ်ခါမှပြန်မဆုံတဲ့သူတွေလည်း ရှိတယ်။ အခါခါအကြိမ်ကြိမ် တွေ့ဆုံရပြီး သားသမီး၊ မြေးတွေရနေကြတဲ့ထိ အဆက်အသွယ်အထိအတွေ့ ရှိကြတဲ့သူတွေလည်း ရှိကြတယ်။ မိတ်ဆွေသူငယ်ချင်းဆိုတာ နည်းနည်းများများ ရှိတော့ရှိရတယ်။ ဘဝတစ်လျှောက်မှာ ကောင်းသူ၊ ဆိုးသူ၊ တော်သူ၊ ညံ့သူ အမျိုးမျိုးရှိကြတာ၊ မိတ်ဆွေအပေါင်းအသင်းဆိုတာကတော့ ရှိကြရမှာပါ။

ဘယ်သူနဲ့မှအပြန်အလှန် ခင်ခင်မင်မင်ရှိတဲ့ အပေါင်းအသင်း(ကောင်းကောင်းဆိုးဆိုး)မရှိခဲ့ဖူးဘူး ဆိုရင်တော့ ပုံမှန်ဆက်ဆံရေး ဖွံ့ဖြိုးခဲ့သူမဟုတ်ဘူး လို့သာ ပြောရမှာပဲ။ ပေါင်းရသင်းရခက်တဲ့လူစားပေါ့။

**ဆက်ဆံရေး**

တကယ်တော့ မိတ်ဆွေအပေါင်းအသင်း အလွန်အကျွံများတာလည်း မကောင်းလှသလို အပေါင်းအသင်း၊ ရင်းနှီးတဲ့မိတ်ဆွေ တစ်ယောက်တလေမှတောင် မရှိဘူးဆိုရင် သတိထားပြီးရှောင်သင့်တယ်။ သူဟာအသင်းအပင်းအဖွဲ့အစည်းနဲ့ လုပ်ဆောင်ရတဲ့ နေရာဌာနမျိုးမှာ သူ့ဘက်ကိုယ့်ဘက် စာနာနားလည်မှုနဲ့ ပူးပေါင်းလုပ်ဆောင်နိုင်မှု အားနည်းတတ်တယ်။

လူ့လောကမှာ တစ်ယောက်နဲ့တစ်ယောက် ဘဝချင်းကမတူကြဘူး။ မတူကြတဲ့ ဘဝနောက်ကြောင်းကို အရာရာနှိုင်းယှဉ် အကဲဖြတ်လို့တော့မရဘူး။

လူတွေဟာ ဘဝချင်းမတူကြဘဲ ဆင်းရဲချမ်းသာ၊ အနိမ့်အမြင့်၊ ကွဲပြားခြားနားသွားကြတယ်။

ဘဝဆိုတာ ကိုယ်ဖြစ်ချင်သလို ဖြစ်တဲ့လူလည်းရှိ။ ဘဝမှာကိုယ်ဖြစ်ချင်တာ ဖြစ်မလာဘဲ မဖြစ်ချင်တဲ့အခြေအနေမှာပဲ ရေလိုက်ငါးလိုက် နေသွားကြရတဲ့ လူတွေလည်းရှိ။ လူတိုင်းတော့ ကိုယ်ဆန္ဒအလိုအတိုင်း မပြည့်နိုင်ကြပါ။

**နိုင်ငံအချင်းချင်း**

လူတစ်ဦးချင်းမှာ ဆင်းရဲချမ်းသာ၊ ကွာခြားကွဲပြားခြားနားသလိုပဲ၊ နိုင်ငံအချင်းချင်းလဲ ကွာခြားကွဲပြားကြတယ်။

ဥရောပနိုင်ငံတွေက ၁၈ ရာစုမှာ စက်မှုဖွံ့ဖြိုးပြီး ကုန်ထုတ်စွမ်းအားတွေ မြင့်၊ ထွက်ကုန်တွေပေါများ၊ ကာလမျိုးမှာ လွတ်လပ်ရေးရတဲ့မြန်မာဟာ တရုတ်၊ အိန္ဒိယတို့ လွတ်လပ်ရေးရတာနဲ့ ရှေ့နောက်မကွာလှပါဘူး။ နေရာတကာသူများနဲ့ နှိုင်းယှဉ်စရာမလိုပေမဲ့ ဘေးနံနယ်နိမိတ် ထိစပ်နေကြတဲ့ နိုင်ငံတွေနဲ့တော့ သတိပြုသင့်တာပေါ့။ ဥပမာ လူဦးရေ၊ တရုတ်က လူဦးရေသန်းပေါင်း ၁၄၀၀ ရှိတယ်။ အိန္ဒိယက လူဦးရေသန်းပေါင်း ၁၄၀၀ ရှိတယ်။ တရုတ်ကအဏုမြူ လက်နက်ပိုင်တဲ့ အင်အားကြီးနိုင်ငံဖြစ်တယ်။ အိန္ဒိယကအဏုမြူလက်နက်ပိုင်တဲ့ အင်အားကြီး နိုင်ငံဖြစ်တယ်။ တရုတ်က ကုန်ထုတ်မှုစွမ်းအား၊ စီးပွားရေးကောင်းနေတယ်။ အိန္ဒိယက ကုန်ထုတ်မှုစွမ်းအား၊ စီးပွားရေးကောင်းနေတယ်။

**❖ ရှေ့ဆက်ပြီးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ အင်တိုက်အားတိုက် ကြိုးစားလိုက်ကြရမယ့် အခြေအနေသစ် ခေတ်သစ်တစ်ခုကို မိမိတို့အားလုံး ပျော်ပျော်ပါးပါး တက်တက်ကြွကြွ တည်ဆောက်မှ ရှင်သန်ရပ်တည်နိုင်မယ့် အချိန်အခါ၊ အခြေအနေ။ အားလုံးသိကြပါစေ။ မျှဝေကြလေ။ ဘာမသိ၊ ညာမသိ၊ အူတိအူကြောင်နဲ့ အယောင်အမှား ဟန်ပြမျှော်လင့်ချက်ထောင်ချောက်ထဲ ဆင်းမနေသင့်တော့ပါ။ အမှောင်နဲ့အလင်း၊ အမှန်နဲ့အမှား၊ ဓမ္မနဲ့အဓမ္မ၊ အကောင်းနဲ့အဆိုး၊ အကျိုးနဲ့အပြစ် ခွဲခြားသိမြင်နိုင်ရမယ့်အချိန် ရောက်နေပါပြီ။ လမ်းများကို ရဲရဲလမ်းခွဲ စွန့်ခွာလိုက်ပါလေ။ ❖**

ခရီးသွားလာမှုတွေတွင်ကျယ်။ နယ်ချဲ့အရင်းရှင်နိုင်ငံတွေအဖြစ် အင်္ဂလိပ်၊ ပြင်သစ်၊ ဒတ်ချ်၊ စပိန်၊ ပေါ်တူဂီ စတဲ့ လူမျိုး၊ နိုင်ငံတွေဟာ ဥရောပမှထွက်လာကာ အာရှ၊ အာဖရိက အမေရိကဒေသများကို နည်းမျိုးစုံနဲ့သိမ်းယူကျွန်ပြုခဲ့တယ်။

ကိုယ့်နိုင်ငံကိုယ့်လူမျိုးနဲ့ ရှေးနှစ်ပေါင်း ၄၀၀၀ ကျော် တည်ရှိခဲ့တဲ့ အိန္ဒိယ၊ တရုတ် စတဲ့နိုင်ငံကြီးတွေ အပါအဝင် ကိုလိုနီအရင်းရှင်နယ်ချဲ့ရဲ့ နည်းမျိုးစုံ အနိုင်ကျင့် သိမ်းပိုက်မှုကို ခံခဲ့ကြရတယ်။

**ဝိသေသခြင်းရာ**

မြန်မာနိုင်ငံဟာ ၁၈၂၄ ခုနှစ်မှာတစ်ကြိမ်၊ ၁၈၅၂ ခုနှစ်မှာတစ်ကြိမ်၊ ၁၈၈၆ ခုနှစ်မှာတစ်ကြိမ် အင်္ဂလိပ်ရဲ့ သုံးကြိမ်တိုင် စစ်ပြုကျူးကျော်တိုက်ခိုက်ခံရလို့ ၆၂ နှစ်ကြာတဲ့အခါ ထီးကျိုးစည်ပေါက်၊ ဗြိတိသျှလက်အောက်၊ ကျွန်သဘောက်(အိန္ဒိယက အင်္ဂလိပ်ကျွန်၊ အိန္ဒိယအောက်မှာထားပြီး အုပ်ချုပ်ခံရတော့ ကျွန်အဆင့်မရှိဘူး။ ကျွန်ရဲ့အောက်က သဘောက်လို့ခေါ်တဲ့ အောက်ဆုံးအနိမ့်ဆုံးအဆင့်)ဘဝကျရောက်ခဲ့ရပါတယ်။ ဖြစ်ရပြန်လေ၊ ငါတို့ကံခေ။ သို့ပေမယ့် နိုင်ငံတကာမှာ ပြင်သစ်၊ ဒတ်၊ စပိန်၊ ဂျာမနီတို့ရဲ့ လက်အောက်ကျရောက်ရတဲ့ မဖွံ့ဖြိုးသေးခဲ့တဲ့ အာရှ၊ အာဖရိက၊ အမေရိက နိုင်ငံတွေအားလုံးထဲမှာ နယ်ချဲ့ကို ၆၂ နှစ်တိုင်တိုင် အနိုင်မခံပြန်လည်ခုခံ တိုက်ခိုက်နိုင်တာဆိုလို့ သတ္တိဖွဲ၊ အမျိုးချစ်စိတ်အထက်သန်ဆုံး မြန်မာပဲ။

နောက်တစ်ချက် သတိထားစရာရှိသေးတယ်။ ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်ထိ ၆၂ နှစ်နဲ့ ၃ ရက်တိတိ သူ့ကျွန်ဘဝကျရောက်ခဲ့ရတဲ့ မြန်မာဟာ သူတစ်ပါးလက်အောက်မှာ အနှစ် ၄၀၀၊ အနှစ် ၂၀၀၊ အနှစ် ၁၀၀ ကျော် အဖိနှိပ်ခံခဲ့ရတဲ့ နိုင်ငံများစွာအနက် "သူ့ကျွန်မခံ၊ အလံမလှဲ"လွတ်လပ်ရေးကို မရမချင်း ပြန်တိုက်ယူနိုင်တဲ့ မျိုးချစ်စိတ်ထက်သန်တဲ့ လူမျိုးဆိုတာ မှတ်သားစရာပဲ။ **ဇာတိနဲ့အစဉ်အလာဆိုတာ သိရပါမယ်။**

**နေရာ**

နှစ်ဆယ်ရာစု ၁၉၄၈ ခုနှစ် အလယ်ပိုင်းအချိန်ကာလမျိုးမှာ လွတ်လပ်ရေးရတဲ့မြန်မာဟာ တရုတ်၊ ... 

နိုင်ငံဖြစ်တယ်။

အဲသလို နိုင်ငံရေး၊ သံတမန်ရေး၊ စစ်ရေး၊ စီးပွားရေး၊ ဩဇာအာဏာကြီးမားတဲ့ နိုင်ငံကြီးနှစ်ခုရဲ့ကြားမှာ မြန်မာဟာလွတ်လပ်ရေးရပြီး နှစ် ၇၀ ကျော်ကြာပေမယ့် အင်္ဂလိပ်ရဲ့အနှောင့်အယှက်၊ အမွေအနှောက်၊ အထိုးအဖောက်၊ အမေရိကန်အရင်းရှင်နယ်ချဲ့ရဲ့ လွှမ်းမိုးကြိုးကိုင်ဖို့စီမံတဲ့ နိုင်ငံရေးကစားကွက်တွေကြားမှာ လုံးလည်ချာလည်လိုက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းခဲ့ရတယ်။ မျက်နှာဖြူဟာ အားကိုးလောက်စရာလား။

**ဘယ်သူမဆို နတ်ဆိုးသွေးဆောင်မှုနဲ့**
**နတ်ကောင်းပြည့်သွန်စောင်မမှုရှိကြစမြဲ။**

နတ်ဆိုးသွေးဆောင်ရာကို နားယောင်မိတဲ့ မိမိတို့နိုင်ငံသားတွေဟာ တိုင်းပြည်နဲ့လူမျိုးကောင်းကျိုးထက် သူ့တစ်ဖွဲ့၊ သူ့အုပ်စုကောင်းစားရေးအတွက် လုပ်ကိုင်လာခဲ့ကြတယ်။ ဘယ်သူသေသေ ငတေမာရင်ပြီးရော။

**အပြုနဲ့အဖျက်**

အိမ်အမိုးကိုဖျက် မီးရှို့။

အိမ်တိုင်ကိုခုတ်လှဲ မီးဆိုက်၊ မီးလှုံမယ်။

ဘာပဲဖျက်ရဖျက်ရ၊ ဖျက်ရင်ငွေါကိုဒေါ်လာပေးတာမို့ ငါးအရိုးနဲ့ငါးကို ထိုးတာမျိုး လုပ်ဆိုလုပ်မှာပဲ။

ငါးကြင်းဆီနဲ့ ငါကြင်းကြော်မှာမို့ လက်နက်ကိုင်တပ်တွေနဲ့ ကျူးကျော်ဝင်ရောက်စရာမလိုပါ။ သူတို့ကြိုးဆွဲရာ လိုက်ပါကပြမဲ့ ရုပ်သေးရုပ်ရထားရင်ပိုင်တာပဲလေ။

အသိဉာဏ်နည်းတဲ့ တို့လူတချို့ဟာ ဆင်ခြင်တုံတရားနဲ့ စဉ်းစားနိုင်စွမ်းချို့တဲ့ခဲ့ကြပါတယ်။ ဘယ်သူ့ကိုမှပြီးပြီးသားတွေမို့ အပြစ်မဆိုလိုပါ။ ဒါပေမယ့် အမှားနဲ့ ဒဏ်ရာဒဏ်ချက်တွေကို ခံစားခဲ့ရတာ သင်ခန်းစာမယူတတ်ရင် အကြိမ်ကြိမ်မှားယွင်းကာ ပိုမိုခါးသီးတဲ့ ဘေးဒုက္ခတွေ ဆယ်လို့မရအောင် ကျရောက်နိုင်ပါတယ်။ ၂၁ ရာစုရဲ့ နိုင်ငံတကာမြင်ကွင်းကျယ် အခြေအနေဟာ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေရမယ့်အချိန်ကာလမျိုးမဟုတ်။ ညောင်သီးလဲစား၊ လေးသမားရဲ့ မြားသံလည်းနားစွင့် ဆိုသလို သတိမပြတ်ရှိအပ်တဲ့ ရာစုနှစ်ပါ။ ၂၁ ရာစု။ ကိုယ့်နေရာရဲ့ လှေဝမ်းကိုမဖောက်ပါနဲ့။ ၂၁ ရာစုကာလထဲကို ၂၅ နှစ်ရောက်ခဲ့ပြီ။ တတိယထောင်စုနှစ်ထဲရောက်နေပါပြီ။

၁။ ပထမထောင်စုနှစ်။ ပုဂံခေတ်မတိုင်မီ၊ ပျူခေတ်။ ၂။ ဒုတိယထောင်စုနှစ်။ ဘုရင်ခေတ်၊ ကိုလိုနီ ကျွန်ဘဝခေတ်။ ၃။ တတိယထောင်စုနှစ်။ အပြောင်းအလဲကြီးများ ကြီးမားတဲ့ခေတ်သစ်။

**မြင်ကွင်းကျယ်ရှုမြင်**

အမှန်အတိုင်းပြောရရင် မြန်မာနိုင်ငံသား ပြည်သူလူထုအများစု တိုင်းရင်းသားတွေဟာ လက်ရှိအခြေအနေ ခေတ်ကာလ တတိယထောင်စုနှစ်ထဲကို ၂၅ နှစ် နင်းလျှောက်လာခဲ့ပေမယ့် ပတ်ဝန်းကျင်နိုင်ငံတကာပြောင်းလဲဖြစ်ပေါ်မှု အခြေအနေအရပ်ရပ်ကို ဘာတစ်လုံးတစ်ပါဒမျှ ရေရေရာရာ သိလည်းမသိ၊ နားလည်းမလည်ကြပါ။ ယနေ့ အင်္ဂလန်နိုင်ငံဟာ ဖရိုဖရဲပြိုကျနေတာ မသိကြ။ ယခု အမေရိကန်နိုင်ငံ မရှုမလှ ကျရှုံးနေတာလဲ မသိကြ။

တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဘရာဇီး စတဲ့အုပ်စုက ယနေ့အချိန်မှာ စီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေး၊ သံတမန်ရေး၊ ကုန်သွယ်ရေး စသဖြင့် အင်အားကောင်းလာနေပုံများကို ဘာသိသလဲပြောပြစမ်းပါလို့ မေးစမ်းကြည့်ပါ။ သိသူ၊ နားလည်နေသူ အလွန်နည်းပါးပါသေးရဲ့။

သိစရာမသိ၊ တတ်စရာမရှိ။

မှားယွင်းတဲ့ယူဆချက်၊ ထင်မြင်ချက်၊ မျှော်လင့်ချက်တွေနဲ့ လက်နက်ကိုင်သူပုန်ထပြီး နိုင်ငံကိုဖျက်ဆီးမီးရှို့၊ လူသတ်၊ ကျောင်းတွေပိတ်စေ၊ လုပ်နေတာမျိုးမှ တော်လှန်ရေးဆိုပဲ။ စစ်အာဏာရှင်ကျဆုံးရေး၊ လူထုခေါင်းဆောင်၊ ဒီမိုကရေစီရေး စသဖြင့်။ အဲဒါတွေအားလုံးဟာ တကယ်လား၊ လှည့်စားမှုလား။ တိုတိုပြောရရင် အသိဉာဏ်နိမ့်လွန်းခဲ့တယ်။

**တော်လောက်ပြီ**

သိတာကလွဲနေခဲ့ပြီး မသိတာတွေများလွန်းလှတယ်။ မရောက်နိုင်တဲ့ ဝင်္ကပါထဲ မျက်စိလည်ဝဲလှည့်နေရင်း အချိန်ကုန်။ နတ်ဆိုးသွေးဆောင်လှည့်စားမှုကို အမှန်မြင်ပါတော့။ အမှောင်ထုလွှမ်းခဲ့ပြီ။ အရှုံးကျင်းလို့လင်းခဲ့ပါပြီ။

နတ်မြတ်နတ်ကောင်း နတ်အပေါင်းရဲ့ ကူညီမစမှုတွေနဲ့ ရှေ့ဆက်ပြီးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ အင်တိုက်အားတိုက် ကြိုးစားလိုက်ကြရမယ့် အခြေအနေသစ် ခေတ်သစ်တစ်ခုကို မိမိတို့အားလုံး ပျော်ပျော်ပါးပါး တက်တက်ကြွကြွ တည်ဆောက်မှ ရှင်သန်ရပ်တည်နိုင်မယ့် အချိန်အခါ၊ အခြေအနေ။ အားလုံးသိကြပါစေ။ မျှဝေကြလေ။

ဘာမသိ၊ ညာမသိ၊ အူတိအူကြောင်နဲ့ အယောင်အမှား ဟန်ပြမျှော်လင့်ချက်ထောင်ချောက်ထဲ ဆင်းမနေသင့်တော့ပါ။ အမှောင်နဲ့ အလင်း၊ အမှန်နဲ့ အမှား၊ ဓမ္မနဲ့အဓမ္မ၊ အကောင်းနဲ့အဆိုး၊ အကျိုးနဲ့ အပြစ် ခွဲခြားသိမြင်နိုင်ရမယ့်အချိန် ရောက်နေပါပြီ။ လမ်းများကို ရဲရဲလမ်းခွဲ စွန့်ခွာလိုက်ပါလေ။

**၁။ ဖြစ်နေတာတွေရယ်။** ဂဃနဏသိပါစေ။ ပကတိအဖြစ်အမှန် အခြေအနေမှန်ကို အဓိပ္ပာယ်နားလည်ပါ။ **၂။ ဖြစ်သင့်တာရယ်။** ဒါက ဆင်ခြင်တွက်ဆချက်မှန်ရ၊ **၃။ ဖြစ်နိုင်တာရယ်။** အရှိကိုသုံးသပ်ဖော်ထုတ်ချက်။ **၄။ ဖြစ်ချင်တာရယ်။** မိမိဆန္ဒကလွဲချော်နေရင် မှန်ကန်အံကျအောင် ပြုပြင်တည့်မတ်လေ။ ဒါက မိမိရွေးချယ်ရမယ့် အလုပ်တာဝန်ပဲလေ။

**အဆုံး**

မျက်စိလည် ကယောင်ပေး သဝေထိုးနေရမယ့် အခြေအနေမဟုတ်တော့ပါ။ လမ်းကောင်းလမ်းမှန် ရွေးလျှောက်ပါလေ။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၈၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၈၇၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၅၄၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၁၀၅၆ ဧက၊ ကနီမြို့နယ်တွင် ၁၀၉၅ ဧကနှင့် ဆားလင်းကြီးမြို့နယ်တွင် ၈၂၄ ဧက စုစုပေါင်း ၂၈၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ဟင်းသီးဟင်းရွက် ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၉၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဇီးကုန်းမြို့နယ် သစ်စင်အရှေ့စုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဇီးကုန်း အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သစ်စင်အရှေ့စု ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးမောင်နှင့်ဝန်ထမ်းများက သစ်စင်အရှေ့စုကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်းသိရသည်။

သစ်စင်အရှေ့စုကျေးရွာ၌ ပိုက်အကျယ် လေးလက်မခွဲ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၃၈ ဒသမ ၅ သန်းဖြင့် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **သုတ**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ၂၄ ပြည်ဝင် ပေါ်ဆန်းဆန် အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ၂၄ ပြည်ဝင် ပေါ်ဆန်းဆန် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။



မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဩဂုတ်လအတွင်းက ၂၄ ပြည်ဝင် ပေါ်ဆန်းဆန်အိတ်ရေ ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ၂၄ ပြည်ဝင် ပေါ်ဆန်းဆန် အိတ်ရေ ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဆန်ဈေးကွက်ကို ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းမှာ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၀၀၀၀ ကျော် တင်ပို့ရောင်းချခဲ့ရပါတယ်။ ပေါ်ဆန်းဆန်တွေကို ပြည်တွင်း ရန်ကုန်ဆန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ရန်ကုန်ဈေးကွက်ကို ဒီကနေ တင်ပို့ရောင်းချတဲ့ ဆန်အမျိုးအစားတွေကတော့အစုံပါ။ ဆန်ဈေးကလဲ အတက်အကျမရှိ ပုံမှန်အခြေအနေမှာရှိနေတယ်။ ဆန်တွေကို ကုန်းလမ်းကြောင်းကနေကားနဲ့အဓိက တင်ပို့ရောင်းချနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ မှ ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တဲကြီးကုန်းကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်းက ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကျိုးကျေးဇူးများနှင့် လိုက်နာရမည့် စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်း စက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်းက တဲကြီးကုန်းကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၅ ဒသမ ၇ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တဲကြီးကုန်းကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အခြားလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**



# လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကုန်းကျေးရွာ၌ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လှိုင်းဘွဲ့ အောက်တိုဘာ ၂၇**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဒိုင်းပြကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဒိုင်းပြကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားသည်။

ဒိုင်းပြကုန်းကျေးရွာ၌ အရှည် တစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၂၆ ဒသမ ၃၈ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများစုဖွဲ့၍ ယခုနှစ် မေလပထမပတ်က စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဆက်လူ**

# သတိပြုစေဖွယ် အသံညစ်ညမ်းမှုအန္တရာယ်

မောင်လေပြေ(တောင်တွင်း)

ကမ္ဘာမြေထုပေါ်တွင် လူသားများနှင့်တကွ သက်ရှိ၊ သက်မဲ့အရာအားလုံးတို့သည် သဘာဝ ပတ်ဝန်းကျင်နှင့် သဟဇာတမျှတစွာမှီခို၍ အစဉ်အဆက်လက်ဆင့်ကမ်းကာ နေထိုင်ခဲ့ကြသည်။ လူသားတို့သည်လည်း စားရေး၊ ဝတ်ရေး၊ နေရေးတို့အတွက် လူ့ယဉ်ကျေးမှု တိုးတက်ရှင်သန်စေရန် တွေးခေါ်ကြံဆဖြတ်သန်းလာခဲ့ကြသည်။

လူသားတို့သည်မိမိတို့၏စားဝတ်နေရေးအတွက် လိုအပ်သော စားရေရိက္ခာပြည့်စုံဖူလုံစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးကဲ့သို့သော သဘာဝပတ်ဝန်းကျင်နှင့် တိုက်ရိုက်နီးနွယ်ရသော လုပ်ငန်းများကို လုပ်ကိုင်ခဲ့ရာမှ စက်ရုံ၊ အလုပ်ရုံ၊ လူနေထိုင်ရန်မြို့ပြအဆောက်အအုံများတည်ဆောက်ခြင်း စသည်ဖြင့် ကမ္ဘာမြေ၏ ရေထု၊ လေထု၊ မြေထုတို့ကို ပုံစံအမျိုးမျိုးဖန်တီးပြီး တိုးတက်ဖွံ့ဖြိုးလာအောင် ကြိုးပမ်းခဲ့ကြသည်။ ထိုဖန်တီးပြုပြင်မှုများ၏ နောက်တွင် ကောင်းကျိုးသာမက သဘာဝပတ်ဝန်းကျင်အတွက် ဘေးထွက်ဆိုးကျိုးများကိုပါ ခံစားလာကြရသည်။ ထိုဆိုးကျိုးများထဲတွင် မြေထု၊ ရေထု၊ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာရခြင်းသည် အဓိကထားထိန်းသိမ်းရမည့်အရာများပင်ဖြစ်သည်။

လူသားတို့၏ပယောဂများကြောင့် ဖြစ်ပေါ်လာရသော ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများမှာ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ မြေထုညစ်ညမ်းမှု၊ အသံညစ်ညမ်းမှု နှင့် အလင်းညစ်ညမ်းမှု အစရှိသည်တို့ဖြစ်သည်။ ထိုကဲ့သို့သော မရေတွက်နိုင်သည့် ညစ်ညမ်းမှုများမှာ လူသားတို့နေထိုင်ရာ ကမ္ဘာမြေကြီးပေါ်တွင် တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားလာသည်ကို တွေ့ကြုံနေကြရပြီဖြစ်သည်။

များစွာသော ညစ်ညမ်းမှုများထဲမှ အသံညစ်ညမ်းမှုအန္တရာယ်များအကြောင်းကို ရေးသားတင်ပြလိုသည်။ အသံညစ်ညမ်းမှုဆိုသည်မှာ စိတ်အနှောင့်အယှက်ဖြစ်စေသော၊ ပင်ပန်းနွမ်းနယ်မှုဖြစ်စေသော၊ အကြားအာရုံဆုံးရှုံးမှုဖြစ်ပေါ်စေသော သို့မဟုတ် အခြားအသံခံစားမှုကို အနှောင့်အယှက်ဖြစ်စေသော အသံအတိုင်းအတာတစ်ရပ်ဖြစ်ပေါ်နေမှုကိုဆိုသည်ဟူ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉။) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

လူတို့ကြောင့် သို့မဟုတ် သဘာဝအလျောက် သက်ရှိများ၏စိတ်ဆန္ဒများမပါသော ဆူညံသံများ ဖြစ်ပေါ်လာရသည်။ ထိုဆူညံသံများကြောင့် ဂေဟစနစ်အတွင်းရှိ စနစ်တစ်ခုခု သို့မဟုတ် သက်ရှိတစ်မျိုးမျိုး၏ ဘဝရပ်တည်ရေးအတွက် ဘေးထွက်ဆိုးကျိုးဖြစ်စေခြင်းကိုလည်း အသံညစ်ညမ်းမှုဟု ခေါ်ဆိုကြောင်း လေ့လာမှတ်သားရသည်။

အသံညစ်ညမ်းခြင်းသည် ယနေ့ကမ္ဘာ့လူသားများ ရင်ဆိုင်ဖြေရှင်းရမည့် ပြဿနာတစ်ရပ်အဖြစ် တည်ရှိလာသည်။ အထူးသဖြင့် လူနေထူထပ်သော



မြို့ပြများတွင် အသံညစ်ညမ်းမှုများကို ပို၍ခံစားလာကြရသည်။

ကုန်ထုတ်လုပ်မှုအတွက် လည်ပတ်နေကြရသော စက်ရုံ၊ အလုပ်ရုံများမှ စက်မောင်းသံများ၊ ခရီးသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အတွက်အသုံးပြုနေကြရသော ဘူတာရုံ၊ ရထားလမ်း၊ ကားလမ်း၊ လေယာဉ်ကွင်း စသည်တို့အပြင် လူသားတို့နေထိုင်ရန်နှင့် လုံခြုံသောအမိုးအကာများအတွက် အလုပ်လုပ်နေကြရသော ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှ ဘေးထွက်ဆိုးကျိုးများအဖြစ် အသံညစ်ညမ်းမှုကို အဓိက ကြုံတွေ့နေကြရခြင်းပင်ဖြစ်သည်။ ထို့ပြင် ဖျော်ဖြေရေးတွင် အသုံးပြုကြသော အသံချဲ့စက်များ၏ အသံများကလည်း လူသားတို့အတွက် ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်သည်။

အသံအတိုးအကျယ်ကို ဒက်စီဘယ်(Decibel-dB)ဖြင့် တိုင်းတာကြသည်။ ပုံမှန် စကားပြောသံများသည် ဒက်စီဘယ် ၅၅ ခန့်ရှိပြီး အသံချဲ့စက်မှ အသံသည် ဒက်စီဘယ် ၁၀၀ နှင့်အထက်တွင်ရှိသည်။ ၇၅ ဒက်စီဘယ်ထက်များသောအသံကို အမြဲကြားနေရပါက လူတို့၏ အကြားအာရုံချို့ယွင်းနိုင်သဖြင့် အိမ်ခန်းတွင်းမှအသံသည် ၃၀ ဒက်စီဘယ်ထက် နည်းသင့်ကြောင်း၊ အသံဆူညံမှုပမာဏ ၅၅ ဒက်စီဘယ်ထက်ပိုသောနေရာများတွင် နေထိုင်ခြင်းမှာ ကျန်းမာရေးအတွက် ပြဿနာများဖြစ်စေနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အကြံပြုထားသည်ကို လေ့လာဖတ်ရှုရသည်။ ဒက်စီဘယ်ကိန်းဂဏန်းများလေ လူတို့၏ နားနှင့်ကျန်းမာရေးကို ထိခိုက်နိုင်လေဖြစ်သည်။

ထို့ပြင် လုံခြုံစိတ်ချရသော၊ ဘေးကင်းသောအသံနားထောင်ချိန်ကို ကမ္ဘာ့ကျန်းမာရေး အဖွဲ့ WHO က ဤသို့ဖော်ပြထားသည်။

85dB-ကားထဲတွင် ဆူညံသံအဆင့် ရှစ်နာရီထက် ပို၍နားမထောင်ရ။

90dB-မြက်ဖြတ်စက်အသံ နှစ်နာရီခွဲထက်ပို၍ နားမထောင်ရ။

95dB-ပျမ်းမျှမော်တော်ဆိုင်ကယ်သံ ၄၇ မိနစ်ထက်ပို၍ နားမထောင်ရ။

100dB-ကားဟွန်းသံ၊ မြေအောက်ရထားသံ ၁၅ မိနစ်ထက် ပို၍ နားမထောင်ရ။

105dB-Mp3-စက်အမြင့်ဆုံးအသံ လေးမိနစ်ထက် ပို၍နားမထောင်ရ။

115dB-ကျယ်လောင်သော ရော့(ခ်)ကပွဲသံ ၂၈ စက္ကန့်ထက်ပို၍ နားမထောင်ရ။

120dB-အချက်ပေးဥဩသံကဲ့သို့သော အသံကိုးစက္ကန့်ထက် ပို၍နားမထောင်ရဟု အကြံပြုထားသည်ကို လေ့လာဖတ်ရှုရသည်။

ဆောက်လုပ်ရေးနှင့် စက်မှုလုပ်ငန်းများတွင် တွေ့ရသည့် အသံညစ်ညမ်းမှုကို ကာကွယ်နိုင်ရန်အတွက် လူနေအိမ်ခြေနှင့်ဝေးရာတွင် စက်မှုလုပ်ငန်းများလုပ်ကိုင်စေရမည်ဖြစ်သည်။ သယ်ယူပို့ဆောင်ရေးအတွက် လမ်း၊ တံတားများဆောက်လုပ်ရာတွင် အသံကာတံတိုင်းများ တည်ဆောက်ကြရမည်ဖြစ်သည်။ တေးဂီတနှင့် ဖျော်ဖြေရေးဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ရာတွင်လည်း ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်အောင် အသံလုံစနစ်ကို ထည့်သွင်းတည်ဆောက်ကြရမည်ဖြစ်သည်။ စက်ရုံ၊ အလုပ်ရုံများအပြင် စက်ယန္တရားများဖြင့်လည်ပတ်ကြရသော လုပ်ငန်းများတွင် ယိုယွင်းပြီး အသံထွက်နှုန်းများပြားနေပါလျှင် ပြုပြင်သင့်သည်များကို ပြုပြင်ကြရမည်ဖြစ်သည်။ အချို့သောအသံများမှာ အသံကျယ်လောင်မှုမများသော်လည်း စဉ်ဆက်မပြတ်ကြာရှည်စွာထုတ်လွှင့်နေပါက စိတ်ညစ်ညူးမှုကိုဖြစ်စေနိုင်သည်။

အသံညစ်ညမ်းမှုသည် လူသားများကိုသာမက ကမ္ဘာလောကကြီး၏ ဂေဟစနစ်ကိုလည်း များစွာဆိုးကျိုးသက်ရောက်စေနိုင်သည်။ တောရိုင်းတိရစ္ဆာန်များအပြင် အင်းဆက်ပိုးမွှားများ၏ အစာရှာခြင်း၊ အနားယူခြင်း၊ ဆက်သွယ်ခြင်း၊ လှုပ်ရှားသွားလာခြင်း၊ မိတ်ဖက်ရှာဖွေခြင်း၊ အန္တရာယ်များမှ ရှောင်ရှားခြင်း စသည်တို့ကဲ့သို့ ဘဝရပ်တည်ရေးလုပ်ငန်းများကို ထိခိုက်စေသည်ဟူ၍ ပညာရှင်များ၏ လေ့လာချက်များတွင် တွေ့ရှိရသည်။

အချုပ်အားဖြင့်ဆိုရသော် လူသားတို့ သက်ရှည်ကျန်းမာရေးအပြင် ကမ္ဘာလောကကြီး၏ ဂေဟစနစ်ကို ထိခိုက်စေနိုင်သော အသံညစ်ညမ်းမှုဆိုင်ရာ အပြုအမူများကို သတိရှိရှိရှောင်ရှားပြီး မိမိနှင့်တကွ ပတ်ဝန်းကျင်ကို အကျိုးပြုနိုင်သူများဖြစ်ပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ထုတ်ပြန်ချက်။**
- **နေ့စဉ်ထုတ်သတင်းစာများ။**

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၄၂၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း အောက်တိုဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၄၂၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ဧက ၁၀၃၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စစ်ကိုင်းမြို့နယ်တွင် ၁၇၄၄ ဧက၊ မြင်းမူမြို့နယ်တွင် ၃၈၂ ဧက၊ မြောင်မြို့နယ်တွင် ၂၀၉၅ ဧက စုစုပေါင်း ၄၂၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ပဲပုပ် ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့၊ လိုအပ်တဲ့ မျိုးစေ့ရရှိဖို့နဲ့ တောင်သူတွေသိရှိနိုင်ဖို့ အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးထားပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၂၀၄၂ ဧက၊ မြင်းမူမြို့နယ်တွင် ၇၄၂ ဧက၊ မြောင်မြို့နယ်တွင် ၇၅၁၆ ဧက စုစုပေါင်း ဧက ၁၀၃၀၀ ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်စိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲပုပ်ကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)



# ကျွန်းစုများလုံခြုံရေးအထောက်အကူပြု သင်္ဘောဖျက်ဒုံးကျည်များ ဝယ်ယူဖြည့်တင်းသွားမည့် ဖိလစ်ပိုင်နိုင်ငံ

တောင်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းကြီးဖြစ်သည့် ဟန်ဝါအုပ်စု (Hanwha Group)သည် Chunmoo အမျိုးအစား နည်းဗျူဟာမြောက်ဒုံးကျည်ဖြစ်သည့် သင်္ဘောဖျက် ပဲ့ထိန်းဒုံးကျည် (CTM-ASBM) ကို ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့ရောင်းချသွားရန် ကြိုးပမ်းလျက်ရှိကြောင်း ယခုလထုတ်သတင်းမီဒီယာများ၌ ဖော်ပြထားသည်။ ထိုသို့ရောင်းချခြင်းသည် တောင်တရုတ်ပင်လယ်ပြင်တွင် တင်းမာမှုများမြင့်တက်နေသည့်အချိန်၌ ပင်လယ်ကမ်းခြေရှည်လျားပြီး ကျွန်းစုပေါများသော နိုင်ငံကို စစ်လက်နက်ပစ္စည်းတပ်ဆင်ရန် မောင်းနှင်အားတစ်စိတ်တစ်ဒေသပင်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံကို သင်္ဘောဖျက်ဒုံးကျည်အသစ်ရောင်းချရန် ကြိုးပမ်းလျက်ရှိသောကြောင့် တောင်တရုတ်ပင်လယ်၏ ဒုံးကျည်ဟန်ချက်ကို ထိန်းညှိသွားဖွယ်ရာ အလားအလာရှိနေသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်ထိ မနီလာမြို့တွင်ပြုလုပ်ခဲ့သည့် အာရှကာကွယ်ရေးနှင့်လုံခြုံရေးပြပွဲ၌ ခင်းကျင်းပြသခဲ့ပြီး ၂၀၂၈ ခုနှစ်တွင် အပြီးသတ်တည်ဆောက်သွားရန် သတ်မှတ်ထားသည့် သုတေသနပြုတည်ဆောက်ဆဲဖြစ်သော CTM-ASBM သည် ပေါင်းစပ်ပစ်မှတ်ရှာဖွေမှုကိရိယာကို အသုံးပြုလျက် ၁၆၀ ကီလိုမီတာအကွာရှိ ပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိသည့်အပြင် K239 Chunmoo ဘက်စုံသုံးရော့ကတ်စနစ်မှ ကျည်ထိပ်ဖူးရှစ်ခုကိုလည်း တစ်ပြိုင်တည်းပစ်ခတ်နိုင်စွမ်းရှိသည်။

ဟန်ဝါအုပ်စု၏ ဒုံးကျည်များရောင်းချရန် ကြိုးပမ်းမှုသည် ရှည်လျားသော ပင်လယ်ကမ်းခြေများ ကာကွယ်မှုအဆင့်မြှင့်တင်သွားမည့် ဖိလစ်ပိုင်နိုင်ငံ၏ ခေတ်မီအဆင့်မြှင့်တင်ရေးစီမံကိန်းများနှင့် လိုက်လျောညီထွေရှိနေပြီး အိန္ဒိယနိုင်ငံထုတ် Brah-Mos အမျိုးအစားအသံလွန်ဒုံးကျည်များ ဝယ်ယူထားရှိမှုနှင့် ဝယ်ယူသွားရန် အလားအလာရှိသော အမေရိကန်နိုင်ငံထုတ် တာလတ်ပစ်စွမ်းဆောင်ရည်ရှိသည့် Typhoon ဒုံးကျည်စနစ်များနှင့် ရွှေ့ပြောင်းလှုပ်ရှားနိုင်မှုမြင့်မားသည့် အမြောက်ရော့ကတ်စနစ် (HIMARS)တို့နှင့်လည်း အားဖြည့်ပေါင်းစပ်တပ်ဆင်သွားမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံသို့ သင်္ဘောဖျက်ဒုံးကျည်များရောင်းချရန်လှုပ်ရှားမှုသည် တရုတ်နိုင်ငံက ဟန်ဝါအုပ်စု၏ သင်္ဘောတည်ဆောက်မှုလက်ခွဲကုမ္ပဏီများကိုပိတ်ဆို့မှုများ လုပ်ဆောင်နေသည့်အချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ သင်္ဘောတည်ဆောက်မှုနယ်ပယ်၌ တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုအပေါ် အမေရိကန်နိုင်ငံက စုံစမ်းလေ့လာမှုများလုပ်ဆောင်နေမှုတွင် ဟန်ဝါအုပ်စုမှ ပူးပေါင်းဆောင်ရွက်မှုအပေါ် တုံ့ပြန်သောအားဖြင့် တရုတ်နိုင်ငံက ထိုသို့လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဖိလစ်ပိုင်နိုင်ငံသို့ ဒုံးကျည်များရောင်းချရန်ကြိုးပမ်းမှုသည် အမေရိကန်၏ အင်ဒို-ပစိဖိတ်ဆိုင်ရာ ကာကွယ်ရေးရပ်တည်ချက်နှင့်တောင်ကိုရီးယားနိုင်ငံ၏ မဟာဗျူဟာမြောက်လိုက်လျောညီထွေဆောင်ရွက်လာမှုကို မီးမောင်းထိုးပြသလျက်ရှိသည့်အပြင် တရုတ်ပင်လယ်ရေကြောင်း တိုးချဲ့လာမှုနှင့် ရင်ဆိုင်နေရသော မိတ်ဖက်နိုင်ငံများကို ကူညီသွားလိုသောဆန္ဒကိုလည်းထင်ဟပ်စေလျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံ၏ မဟာဗျူဟာမြောက် လိုက်လျောညီထွေဆောင်ရွက်မှုသည် မြေပြင်၌ ထင်ဟပ်ပေါ်လွင်လာလျက်ရှိသည်။ အထူးသဖြင့် ဖိလစ်ပိုင်နိုင်ငံသည် ပထမကျွန်းတန်းတွင် မဟာမိတ်ကာကွယ်ရေးအခြေပြုသည့် ဒုံးကျည်စခန်းတစ်ခုအဖြစ်သို့ တဖြည်းဖြည်းပြောင်းလဲ တည်ဆောက်နေမှုကို ထင်ဟပ်လာလျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် တောင်ကိုရီးယားနိုင်ငံ၏ CTM-ASBM ကို ဝယ်ယူခဲ့မည်ဆိုလျှင် အမေရိကန်ဒုံးကျည်များတပ်ဖြန့်ချထားပြီးဖြစ်သည့် ကာကွယ်ရေးအင်အားကိုပိုမိုဖြည့်ဆည်းနိုင်စေမည်ဖြစ်သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလကတည်းက ဖိလစ်ပိုင်နိုင်ငံတွင် အမေရိကန်နိုင်ငံထုတ် Typhoon ဒုံးကျည်စနစ်ကိုတပ်ဖြန့်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဧပြီလတွင် Navy-Marine Expeditionary Ship Interdiction System (NMESIS) ကို တပ်ဖြန့်ချထားခဲ့သည်။ အမေရိကန်နှင့် ဖိလစ်ပိုင်အာဏာပိုင်များက ၎င်းစနစ် နှစ်ခုစလုံးကို လေ့ကျင့်သင်တန်းပေးရန် ရည်ရွယ်ချက်ဖြင့် တပ်ဖြန့်ချထားခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ CTM-ASBM သည် ဖိလစ်ပိုင်နိုင်ငံ၏ ဒုံးကျည်ကာကွယ်ရေးအတွက် တာတိုကမ်းခြေကာကွယ်ရေးအဖြစ် အထောက်အကူပြုနိုင်မည်ဖြစ်သောကြောင့် ဘာတာနက်ကျွန်းစု (Batanes Islands)များတွင် တပ်ဖြန့်ချထားသော NMESIS စနစ်အတွက် အကာအကွယ်ဖြစ်စေမည်ဖြစ်သည်။ ဘာတာနက်ကျွန်းစုများသည် ဘာရှီရေလက်ကြား (Bashi Channel) အနီးအရေးပါသောနေရာ၌တည်ရှိပြီး တရုတ်နိုင်ငံအနေဖြင့် တရုတ် (တိုင်ပေ)နှင့် ပစိဖိတ်ရေပိုင်နက်သို့ ဖြတ်သန်းသွားလာရာ၌ ၁၄၀ ကီလိုမီတာကျယ်ပြန့်သော ၎င်းရေလက်ကြားကို ဖြတ်သန်းသွားရမည်ဖြစ်သည်။ ကျည်ထိပ်ဖူးအလေးချိန် ၁၂၅ ကီလိုဂရမ်နှင့် ၁၈၀ ကီလိုမီတာထိ ရောက်ရှိပစ်ခတ်နိုင်သော US NMESIS သည် ဘာရှီရေလက်ကြားကို ထိရောက်စွာလွှမ်းခြုံကာကွယ်နိုင်မည်ဖြစ်သကဲ့သို့ ဘာတာနက်ကျွန်းစုများကိုလည်း အထိုက်အလျောက် ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းလူဇုန်ကျွန်းရှိ CTM-ASBM တပ်ခွဲများသည် Scarborough သောင်ဆွယ်ထိ ရောက်ရှိနိုင်သည့် ကီလိုမီတာ ၂၉၀ ထိပစ်ခတ်နိုင်သောBrahMosဒုံးကျည်ဖြန့်ကြက်ထားမှုကို အင်အားပိုမိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ အဆိုပါ တိုက်စွမ်းအားသည် သောင်ဆွယ်အနီး၌ အမေရိကန်ဦးဆောင်သည့်စစ်ရေးလေ့ကျင့်ခန်းများနှင့်ပူးပေါင်းကာ ၂၀၁၂ ခုနှစ်တွင် တရုတ်နိုင်ငံကထိန်းချုပ်ခဲ့သောနေရာများကို အပြည့်အဝစစ်လက်နက်တပ်ဆင် တပ်ဖြန့်ချထားမှုမှ တားဆီးသွားနိုင်ဖွယ်ရာရှိသည်။

တရုတ်နိုင်ငံအနေဖြင့် Scarborough သောင်ဆွယ်ကိုသာ စစ်လက်နက်အပြည့်အဝတပ်ဆင်ထားသော တပ်ဖွဲ့များဖြန့်ကြက်သွားနိုင်မည်ဆိုလျှင် တောင်တရုတ်ပင်လယ်အား ပါရာဆဲလ် (Paracel)နှင့် စပရက်တလီ (Spratly) ကျွန်းစုထိ လွှမ်းခြုံသည့် နျူကလီးယားပဲ့ထိန်းဒုံးကျည်တင်ရေငုပ်သင်္ဘော (SSBN) ခံတပ်အဖြစ် တည်ဆောက်နိုင်မည်ဖြစ်သည့်အတွက် တရုတ် (တိုင်ပေ) အရေးတွင် အမေရိကန်နှင့်မဟာမိတ်များ ဝင်ရောက်စွက်ဖက်မှုကို ဟန့်တားနိုင်မည်ဖြစ်သည်။




တောင်ကိုရီးယားနိုင်ငံ၏ သင်္ဘောဖျက်ပဲ့ထိန်းဒုံးကျည် (CTM – ASBM) ကို တွေ့ရစဉ်။

တပ်ဖွဲ့များဖြန့်ကြက်ထားသော Scarborough သောင်ဆွယ်သည် မနီလာမြို့နှင့်လူဇုန်ကျွန်းရှိ အဆင့်မြင့်ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (EDCA) နေရာများကို ဒရုန်း၊ လေယာဉ်နှင့်ဒုံးကျည်များ၏ တိုက်ခိုက်မှုအတွင်းရောက်ရှိစေမည်ဖြစ်သည့်အတွက် ဖိလစ်ပိုင်နိုင်ငံကို တရုတ် (တိုင်ပေ) အရေးတွင် အမေရိကန်က ပံ့ပိုးကူညီမှုလုပ်ဆောင်မှုမရှိစေရန် ဖိအားဖြစ်စေမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ဒေသတွင်းဟန့်တားမှုအတွက် ကုန်းမြေအခြေစိုက် ဒုံးကျည်များအပေါ် မှီခိုအားထားခြင်းသည် သိသာထင်ရှားသော အပြစ်အနာဆာများဖြစ်ပေါ်လျက်ရှိသည်။ ၎င်းဒုံးကျည်များကို ကုန်းမြေနေရာများသော နိုင်ငံများကသာ အဓိကထားအသုံးပြုနေပြီး ကျယ်ပြန့်သော ကုန်းမြေ၊ လမ်း၊ တံတားနှင့် ရထားလမ်းအခြေခံအဆောက်အအုံများသည် အဆိုပါဒုံးကျည်များကို အမြဲတစေ ရွှေ့ပြောင်းနိုင်ပြီး ရန်သူပစ်မှတ်များ ချေမှုန်းနိုင်မည်ဖြစ်သည်။

ကျွန်းစုငယ်များပေါများပြီး အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုနောက်ကျသော ဖိလစ်ပိုင်နိုင်ငံသည် CTM-ASBM နှင့် BrahMos တပ်ခွဲများကဲ့သို့သော အကြီးစားယာဉ်များကို တပ်ဖြန့်ချထားခြင်း၊ အုပ်ချုပ်ပံ့ပိုးမှုပေးခြင်း၊ နေရာရွှေ့ပြောင်းခြင်းတို့အတွက် ကန့်သတ်ချက်ဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ပြင် အဆိုပါနေရာများကို ကင်းထောက်ဂြိုဟ်တုများနှင့်အလွယ်တကူခွဲခြားနိုင်ပြီး ဒုံးကျည်းများကို ဒုံးများ၊ ဒုံးကျည်တိုက်ခိုက်ရေးကိရိယာများနှင့် ချေမှုန်းနိုင်မည်ဖြစ်သည်။

ထို့ပြင် ဖိလစ်ပိုင်အနေဖြင့် တာဝေးပစ်ဒုံးကျည်စွမ်းဆောင်ရည်လိုအပ်ချက်ကို တစ်စိတ်တစ်ဒေသအစားထိုးမှုအနေဖြင့် တာဝေးပစ်ဒုံးကျည်များလည်း ဝယ်ယူသွားရဖွယ်ရှိနေသည်။ အဆိုပါ ဒုံးကျည်များကို အမေရိကန်ထုတ် F-16s များ၊ ဆွီဒင်နိုင်ငံထုတ် Gripen တိုက်လေယာဉ်ကဲ့သို့သော ဘက်စုံသုံးတိုက်လေယာဉ် (MRFs) များနှင့် တာဝေးပစ်တိုက်ခိုက်ရေးစွမ်းဆောင်ရည်များကို မြှင့်တင်သွားနိုင်မည်ဖြစ်သည်။ သို့သော် ဖိလစ်ပိုင်နိုင်ငံသည် ၂၀၀၅ ခုနှစ်ကတည်းက ဘဏ္ဍာရေးကန့်သတ်ချက်ကြောင့် ခေတ်မီစစ်လက်နက်ပစ္စည်းများ ဝယ်ယူနိုင်ရန် ရုန်းကန်ရလျက်ရှိသည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးအခြေအနေနှင့် ကြိုတင်ခန့်မှန်းရန် ခက်ခဲသော အမေရိကန်နိုင်ငံခြားရေးမူဝါဒတို့သည် တရုတ်နိုင်ငံကို ဟန်ချက်ထိန်းညှိနိုင်ရေး ကြိုးပမ်းရာတွင် အတားအဆီးဖြစ်ပေါ်စေလျက်ရှိသည်။ လက်ရှိဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်သည် တိုင်းပြည်လုံခြုံရေးအတွက် အမေရိကန်အပေါ် အလွန်အကျွံမှီခိုအားထားလျက်ရှိသည်။ လက်ရှိအချိန်တွင် မားကို့စ်အပေါ် ပြည်သူများ၏ ယုံကြည်မှုသည် ၄၃ ရာခိုင်နှုန်းသာရှိပြီး ဒုတိယသမ္မတ ဆာရာဒူတာတေအပေါ် ထောက်ခံမှုသည် ၅၃ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်။ ထို့ကြောင့် ၂၀၂၈ ခုနှစ် ဖိလစ်ပိုင်သမ္မတရွေးကောက်ပွဲ၌ ဆာရာဒူတာတေသာအနိုင်ရရှိခဲ့မည်ဆိုလျှင် စီးပွားရေးရင်နှီးမြှုပ်နှံမှုများကို တရုတ်နိုင်ငံမှရရှိရေးအတွက် အပြန်အလှန်အားဖြင့် အမေရိကန်နှင့် ဆက်ဆံရေးလျှော့ချပြီး အမေရိကန်ဒုံးကျည်စနစ်များကို ဖယ်ရှားသွားဖွယ်ရာရှိနေသည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးအပြင် အမေရိကန်သမ္မတဒေါ်နယ်ထရန့်လက်အောက်တွင် တရုတ်နိုင်ငံကို ဟန်ချက်ထိန်းညှိနိုင်ရေးထက် ကမ္ဘာ့အနောက်ခြမ်းနှင့် ပြည်မကြီးလုံခြုံရေးကိုသာ ပြန်လည်အာရုံစိုက်နေသည့် ကြိုတင်ခန့်မှန်းရန်ခက်ခဲသော အမေရိကန်နိုင်ငံခြားရေးမူဝါဒသည် ဖိလစ်ပိုင်နိုင်ငံအတွက် အမေရိကန်၏ လုံခြုံရေးဆိုင်ရာ ကတိကဝတ်များအပေါ် သက်ရောက်မှုရှိလာနိုင်သည်။

ထို့ကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ လုံခြုံရေးမဟာဗျူဟာသည် တဖြည်းဖြည်းအင်အားချည့်နဲ့ လာဖွယ်ရာရှိနေသည်။ အကြောင်းမူကား ဖိလစ်ပိုင်မြေပေါ်မှ အမေရိကန် Typhoon နှင့် NAMESIS စနစ်များဖယ်ရှားခြင်းအပါအဝင် အမေရိကန် စစ်ဘက်ရန်ပုံငွေ (FMF) နှင့် တပ်ဖြန့်ချထားမှုတို့ လျှော့ချလာဖွယ်ရာရှိသောကြောင့်ပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ဟန်ဝါအုပ်စု၏ ဒုံးကျည်ရောင်းချရေးစာချုပ်သည် ရုပ်လုံးပေါ်လာသည်ဖြစ်စေ၊ ပျက်ပြယ်သွားသည်ဖြစ်စေ ဖိလစ်ပိုင်နိုင်ငံ၏ ဒုံးကျည်ကွန်ရက်ထူထောင်ရေးအိပ်မက်သည် ၎င်း၏ကမ်းခြေများနှင့် နီးကပ်နေသော အင်အားကြီးနိုင်ငံကို ဟန့်တားနိုင်စွမ်းရှိမလားဆိုသောအချက်ကိုမူ စောင့်ကြည့်သွားရတော့မည်ဖြစ်သည်။

**ကိုးကား**

- Philippines eyes Korean ship-killer missiles to point at China by Asia Times.

**မောင်စိန်အိ(နဘဲမြေ)**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၂၆၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ အောက်တိုဘာ ၂၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာဧက ၂၆၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးရာသီ၌ နေကြာဧက ၁၆၁၅၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ နေကြာစိုက်ပျိုးခြင်းကို ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် နေကြာဧက ၂၆၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ တောင်သူများ နေကြာကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးရေးနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နေကြာဧက ၁၆၁၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့မှာ ဧက ၂၆၅၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ နေကြာစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး အထွက်နှုန်း တိုးတက်စေဖို့နဲ့ အရည်အသွေး ကောင်းမွန်စေဖို့ အတွက် ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးနိုင်အောင် ကူညီဆောင်ရွက်ပေးပါတယ်။ နေကြာကို သီးသန့်စိုက်ပျိုးကြသလို အခြားသီးနှံတွေနဲ့ ရောနှောကာ သီးညှပ်စိုက်ပျိုးကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းဆောင်ရွက် သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးဖယ်ပိသာချိန် အများအပြား တင်ပို့ရောင်းချခဲ့

**ဖျာပုံ အောက်တိုဘာ ၂၇**


ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးဖယ်ပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန် ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရေထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးဖယ်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ဩဂုတ်လအတွင်းက ငါးဖယ်ပိသာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ တစ်လအတွင်း ငါးဖယ်ပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်းက ရန်ကုန်ဈေးကွက်ကို ငါးဖယ်တွေ တင်ပို့ရောင်းချအား ကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း အနေနဲ့ ငါးဖယ်ပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိ အောက်တိုဘာလထဲမှာပါ ငါးဖယ်တွေ မှာယူတာ များနေပါတယ်။ အခုလို ငါးတွေကုန်ချိန်များများ တင်ပို့လာရတာကြောင့် ငါးလုပ်ငန်းနဲ့ဆက်စပ်သူတွေ အဆင်ပြေလာတာတွေ့ရပါတယ်" ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးဖယ်တစ်ပိသာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန်များ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေ လျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

**စာပေမြင့်မှ လူမျိုးတင့်မည်**









## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **ပန်းဘဲတန်း**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၆/၂၆)၊ အကွက်အမည်-**ပန်းဘဲတန်း**ကွင်း၊ ဦးပိုင်အမှတ်(**၄၁/စ**)၊ ဧရိယာ(**၀.၀၂၄**)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

| | | |
|---|---|---|
| (က) အရှေ့လားသော် | - | ဦးပိုင်အမှတ်-၄၁/က |
| (ခ) အနောက်လားသော် | - | ဦးပိုင်အမှတ်-၃၈/က၊၃၈/ခ၊၃၉ |
| (ဂ) တောင်လားသော် | - | ဦးပိုင်အမှတ်-၄၁/က |
| (ဃ) မြောက်လားသော် | - | ဦးပိုင်အမှတ်-၄၀/က |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်ခင်လေး**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၂၂)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာ(အနောက်)နေ ဒေါ်ဖာတမာ (ဘ) ဦးနူရ်ဟောက်(၉/မနမ(နိုင်)၀၉၃၉၆၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-861258)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-2010250**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်နေ မမိုးမိုးသွယ် (ဘ) ဦးရန်လီရှော်(၉/မဟမ(နိုင်)၀၃၂၄၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-575161)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-402581140**

# အဖိုးတန် ရေချိုကို ချွေတာပါ

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်နေ ဦးဇော်မင်းဌွေး + ဒေါ်စန်းတင့်တို့၏သား မောင်ရဲမင်းထွေး(၅/မရန(နိုင်)၂၂၄၄၀၀)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ အားလုံး လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးဇော်မင်းဌွေး(၅/မရန(နိုင်)၂၆၉၆၆၁)**
**ဒေါ်စန်းတင့်(၃/လဘန(နိုင်)၀၂၇၇၂၆)**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ နတ်ရေကန်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ Grade-10 တွင် ပညာသင်ကြားနေသော မဇွန်လင်း၏မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၇-၁-၂၀၁၀ ဖြစ်ပါကြောင်း။

**မဇွန်လင်း၊ ၇-၁-၂၀၁၀**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အထက(၂) အခြေခံပညာအထက်တန်းကျောင်း၊ Grade-11တွင် ပညာသင်ကြားနေသော မနှင်းစန္ဒာထူး၏ဖခင်အမည်မှန်မှာ ဦးဇော်ခင်ဖြစ်ပါကြောင်း။

**ဦးဇော်ခင်(၉/အမရ(နိုင်)၁၀၁၆၅၆)**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ ကျွန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ လူ့အသက်ထက် အရေးကြီးသည်မှာ ဘာမှမရှိ၊ ဆေးရုံတိုင်းဆရာဝန်ရှိရမည် စသည့်မူဝါဒများချမှတ်၍ ကျန်းမာရေးနှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးဝန်ထမ်းများဖြည့်ဆည်းပေးခြင်း၊ အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးခြင်းတို့ဖြင့် အားပေးမြှင့်တင်ပေးလျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၁၉ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေးသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဗန်းမောက်မြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံများနှင့် ပြည်သူလူထု၏နေအိမ်များကို မီးရှို့ဖျက်ဆီး



နေပြည်တော် အောက်တိုဘာ ၂၇

KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလအစောပိုင်းမှစ၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တပ်မတော်မှ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်၊ စခန်းများကို အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခြင်းများပြုလုပ်၍ အဆိုပါဒေသအတွင်းရှိ ထီးချိုင့်၊ ကောလင်း၊ ပင်လည်ဘူးမြို့နှင့် မရသိမ်ကျေးရွာအပါအဝင် အချို့မြို့ရွာများတွင် ဝင်ရောက်နေရာယူကာ စာသင်ကျောင်းများ၊ကျေးရွာဘုန်းတော်ကြီးကျောင်းများနှင့် ဘုရားစေတီများတွင် အခြေပြု၍ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်လျက်ရှိသည့်အပြင် ဒေသခံပြည်သူများကို ၎င်းတို့အပေါ် အကြောက်တရားလွှမ်းမိုးစေရန်အတွက်

စာမျက်နှာ ၂၂ ကော်လံ ၁☆

KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမောက်မြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံများနှင့် ပြည်သူလူထု၏နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၏ ဟောပြောစည်းရုံးမှုများကို MRTV နှင့် ဆက်စပ်ရုပ်သံလိုင်းများတွင် ထုတ်လွှင့်ပြသမည်

နေပြည်တော် အောက်တိုဘာ ၂၇

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့်နိုင်ငံရေးပါတီများ၏ ဟောပြောစည်းရုံးမှုများကို အောက်တိုဘာ ၂၈ ရက်(**ယနေ့**)ည ၇ နာရီမှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV HD၊ MRTV Parliament နှင့် ဆက်စပ်ရုပ်သံလိုင်းများဖြစ်ကြသည့် MWD HD၊ MWD Variety HD တို့မှလည်းကောင်း၊မြန်မာ့အသံရေဒီယို၊သပြေရေဒီယို၊သဇင် FM တို့နှင့် MRTV App:၊ Radio App: အပါအဝင် MRTV Online Platform တို့မှလည်းကောင်း ထုတ်လွှင့်ပြသပေးမည်ဖြစ်သည်။

အဆိုပါနိုင်ငံရေးပါတီများ၏ဟောပြောစည်းရုံးမှုများကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၂၄ ရက်ထိ နေ့စဉ် ည ၇ နာရီတွင် ပထမအကြိမ်အဖြစ် စတင်ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

## ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" အောက်တိုဘာ ၂၈ ရက်တွင် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂၇

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ"(MONTHA)သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ အဆိုပါဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ"သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၅၃၀ ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏အရှေ့ဘက် ရေမိုင် ၂၄၀ ခန့်၊ ကာကီနာဒါမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၂၆၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ"သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၈ ရက်တွင် အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း(Severe Cyclonic Storm)အဖြစ်သို့ ရောက်ရှိနိုင်ကာ ယင်းနေ့ညပိုင်းတွင်

စာမျက်နှာ ၁၇ ကော်လံ ၁ ❑

**သီပေါမြို့၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်ဆက်လက်လက်ခံ၊ ဒေသခံပြည်သူများကို အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး၊ ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်**

စာမျက်နှာ - ၁၈

SIN MINN
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
SIN MINN CEMENT
ဆင်မင်းဘိလပ်မြေ